# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၅၇)၊ အမှတ် (၀၉၅)


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

## နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ရုပ်မြင်သံကြားနှင့် ရေဒီယိုတို့မှ (တိုက်ရိုက်)ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၂**

နှစ်(၇၀) ပြည့် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် လည်းကောင်း၊ နိုင်ငံတော်အလံတင်အလေးပြုပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပပုံများကို နံနက် ၆ နာရီ မိနစ် ၄၀ အချိန်မှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV)နှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ (တိုက်ရိုက်)ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ယနေ့ မာတိကာ**

**အခြားနိုင်ငံတွေမှာ ဘယ်လိုလုပ်သလဲ၊ ကိုယ်က ဘယ်အဆင့်လောက် ရှိနိုင်မလဲ၊ တခြားနိုင်ငံတွေက နည်းပညာတွေကို လေ့လာခွင့်ရတယ်၊ အတွေ့အကြုံတွေ အများကြီးရပါတယ်။**

(၂၀၁၆-၁၇ ပညာသင်နှစ် နိုင်ငံတကာအဆင့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံမေးမြန်းခြင်း)

စာ » ၈၊ ၉

**ပါကစ္စတန်အပေါ် သံသယရှိကြောင်း ထရန့်၏ တွစ်တာဖော်ပြချက်အပေါ် ပါကစ္စတန်ဆန့်ကျင်**

စာ » ၁၄

# အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC-II) ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ နေပြည်တော် ကောင်စီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ကြီးကြပ်မှုကော်မတီဝင်များ၊ အရပ်ဘက် အဖွဲ့အစည်းများ၊ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မူဝါဒအဖြစ် စုစည်း**

ဖွင့်ပွဲအခမ်းအနားတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ယခုကဲ့သို့ တိုင်းဒေသကြီး၊ နေပြည်တော်အဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပပြီး ဒေသခံပြည်သူများ၏ အသံကို ထင်ဟပ်သည့် ဆွေးနွေးချက်များကို မူဝါဒအဖြစ် စုစည်းပြီး

*စာမျက်နှာ ၃ ကော်လံ ၁* ✤




အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

သတင်းစဉ်

# မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ ဝင်ရောက်မှု ယခင်နှစ်ကထက် ၈ ရာခိုင်နှုန်း တိုးတက်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံ၏ အေးချမ်းသာယာမှု၊ သဘာဝတောတောင်၊ ရေ၊ မြေ၊ ရာသီဥတု သာယာမှု၊ သဘာဝရှုခင်းများ ပေါကြွယ်ဝမှု၊ ယဉ်ကျေးမှုနှင့် ရှေးဟောင်းအဆောက်အအုံ၊ ဘုရားပုထိုးစေတီများ၊ လူမျိုးစုများ၏ မတူညီသော ဘာသာစကား၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ပေါကြွယ်ဝမှု၊ သာယာလှပသောကမ်းခြေများ၊ ကျွန်းစုများ၊ သဘာဝရေချိုအိုင်ကြီးများ၊ သဘာဝဘေးမဲ့တောများနှင့် တောတိရစ္ဆာန်များစသည့် လေ့လာချင်စရာများ ပေါကြွယ်ဝမှုများကြောင့် နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ တစ်နေ့တခြား ဝင်ရောက်မှု များပြားလာခဲ့သည်ကို တွေ့ရသည်။

၂၀၁၆ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအထိ လေကြောင်းခရီးဖြင့် လာရောက်သူပေါင်း ၁၀၈၁၈၉ ဦး၊ ရေကြောင်းဖြင့် လာရောက်သူပေါင်း ၉၃၉၄ ဦးနှင့် နယ်စပ်ဝင်ပေါက်များမှ အတွင်းပိုင်းအထိ ဝင်ရောက်သူ ၄၃၄၃၀ ရှိခဲ့ပြီး ဗီဇာဖြင့် လာရောက်သူ စုစုပေါင်း ၁၁၃၄၇၁၃ ဦး ရှိခဲ့သည်။

၂၀၁၇ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအထိ လေကြောင်းခရီးဖြင့် လာရောက်သူ ၁၁၇၈၅၉၂ ဦး၊ ရေကြောင်းဖြင့် လာရောက်သူ ၆၈၄၉ ဦးနှင့် နယ်စပ်ဝင်ပေါက်များမှ အတွင်းပိုင်းအထိ ဝင်ရောက်သူ ၃၅၈၃၈ ဦး စုစုပေါင်း ဗီဇာဖြင့် ဝင်ရောက်သူ ၁၂၂၁၂၇၉ ဦး ရှိခဲ့၍ ယခင်နှစ် နိုဝင်ဘာလအထိနှင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ ဗီဇာဖြင့် ပြည်ပဧည့်သည် ဝင်ရောက်မှုမှာ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် နယ်စပ်ဝင်ပေါက်များမှ ဝင်ထွက်သွားလာသူများအနေဖြင့် ၂၀၁၆ ခုနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ၁၄၈၁၀၃၀ ၊ ၂၀၁၇ ခုနှစ် တွင် ဧပြီလမှ နိုဝင်ဘာလအထိ ၁၉၀၅၁၇၀ ဦးရှိခဲ့သည်။

မြန်မာနိုင်ငံသို့ ပြည်ပဧည့်ဝင်ရောက်မှုအနေဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလအထိ ၂၆၁၅၇၄၃ ဦးနှင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ ၃၁၂၆၄၅၀ ရှိခဲ့ရာ အားလုံးဝင်ရောက်မှုအနေဖြင့် ၂၀ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**




မြန်မာ့အလင်း

# ကျယ်ပြန့်သောအခြေခံမူနှင့် အပြန်အလှန်ညှိနှိုင်းနိုင်စွမ်း

၁၉၄၇ ခုနှစ်၊ မေလ၌ကျင်းပခဲ့သော ဖ.ဆ.ပ.လ ပဏာမ ပြင်ဆင်မှု ညီလာခံ၌ လူမျိုးစုတိုင်းတန်းတူရရှိရေးနှင့် ပြည်ထောင်စုနိုင်ငံတော် ထူထောင်ရေးအတွက် အဆိုပါ တန်းတူရေးအပေါ်အခြေခံသည့် ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရေးတို့ကို ချမှတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်နှစ်ရပ်သည် လွတ်လပ်သော နိုင်ငံတော်သစ်အတွက် အခြေခံ အုတ်မြစ်ကို ချပေးခဲ့ပါသည်။

လွတ်လပ်သော နိုင်ငံတော်သစ်အတွက် ပြင်ဆင်ဆောင်ရွက်နေသော တိုင်းပြည်ပြုလွှတ်တော်၌ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် လမ်းညွှန်မှု ခုနစ်ရပ်ကို ချမှတ်ပေးခဲ့ပါသည်။ အဆိုပါ လမ်းညွှန်မှုခုနစ်ရပ်မှာ (၁) အချုပ်အခြာအာဏာပိုင်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဖြစ်စေရမည်။ (၂) ကိုယ်ပိုင်အုပ်ချုပ်ရေးအာဏာ အပြည့်အစုံရှိသော ပြည်နယ်များပါဝင်သည့် ပြည်ထောင်စုကို ဖွဲ့စည်းရမည်။ (၃) အချုပ်အခြာ အာဏာသည် တိုင်းသူပြည်သားများထံမှ ဆင်းသက်စေရမည်။ (၄) လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့၌ အယုတ်အလတ်အမြတ်မရွေး တန်းတူညီမျှမှု ရှိစေရမည်။ (၅) လူနည်းစုကို အကာအကွယ်ပေးရမည်။ (၆) ပြည်ထောင်စု တည်တံ့ခိုင်မြဲရေးနှင့် အချုပ်အခြာအာဏာစိုးမိုးရေးကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။ (၇) ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်း၍ ငြိမ်းချမ်းစွာဆက်ဆံရေးကို ရှေးရှုစေရမည်တို့ ဖြစ်ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းချမှတ်ခဲ့သော ဤလမ်းညွှန်မှု ခုနစ်ရပ်ကို လေ့လာသုံးသပ်ပါက မြန်မာလူမျိုးအပါအဝင် တိုင်းရင်းသားလူမျိုးအားလုံးက လက်ခံနိုင်သည့် ကျယ်ပြန့်သော အခြေခံမူ များဖြစ်သည်ကို တွေ့ရပါသည်။ ကျယ်ပြန့်သော အခြေခံမူတို့၏ သဘောသည် သဘောထားမတူကွဲပြားသော အင်အားစုတို့အကြား အပြန်အလှန် ဆွေးနွေးနိုင်မည့် အနေအထားတစ်ရပ်ကို ဖန်တီးပေးနိုင်ခြင်း ဖြစ်ပါသည်။ သို့သော် ကျယ်ပြန့်လွန်းပါကလည်း အပြန်အလှန်ဆွေးနွေးမှုတို့ကို ဘုံဦးတည်ချက်သို့ရောက်ရှိစေရန် စုစည်းပေးနိုင်စွမ်းရှိမည် မဟုတ်ပါ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့် လမ်းညွှန်မှု ခုနစ်ရပ်သည် အပြန်အလှန် အပေးအယူလုပ်နိုင်စွမ်းအပေါ် အခြေခံ၍ လွတ်လပ်သော နိုင်ငံတော်သစ်၏ ပကတိလိုအပ်ချက်ကို ထင်ဟပ်ချမှတ်ထားခြင်း ဖြစ်ပါသည်။

သို့သော် ကြေကွဲစရာကောင်းသည်မှာ ၁၉၆၂ ခုနှစ်၌ ပြည်နယ်များ ညီညွတ်ရေးအဖွဲ့က တင်ပြသော ပြည်ထောင်စုမူမှာ ပြည်နယ်များ၏ စိုးရိမ်သောက သက်သက်အပေါ်၌သာ အခြေခံတင်ပြထားခြင်းဖြစ်ပါသည်။ ပြည်ထောင်စု၏ အနာဂတ်နှင့်ပတ်သက်၍ ပြည်နယ်တို့၏ စိုးရိမ်သောက အပေါ် အလေးအနက်ထား သုံးသပ်ရမည်ဖြစ်သော်လည်း စိုးရိမ်သောက သက်သက်အပေါ် အခြေခံတင်ပြထားသည့် အဆိုပါပြည်ထောင်စုမူ၌ အပြန်အလှန် အလျှော့အတင်းလုပ်နိုင်သည့် အနေအထားတို့ ပါးလျား နေသည်ကို တွေ့ရပါသည်။ ဤပြည်ထောင်စုမူ၌ အချက်လေးရပ် ပါဝင်ပါသည်။ အဆိုပါ အချက်လေးရပ်မှာ (၁) မြန်မာပြည်မအား ပြည်နယ်တစ်ခုအဖြစ် ဖွဲ့စည်းရေး၊ (၂) လွှတ်တော်နှစ်ရပ်အား အာဏာ တန်းတူပေးရေး၊ (၃) လူမျိုးစုလွှတ်တော်သို့ ပြည်နယ်တိုင်းက တူညီသော ကိုယ်စားလှယ်စေလွှတ်ရေး၊ (၄) ပြည်နယ်များက ၎င်းတို့ဆန္ဒအလျောက် လွှဲအပ်သော အာဏာတို့ကို ပြည်ထောင်စု ဗဟိုအစိုးရသို့ ကန့်သတ်ပေး၍ ကျန်အာဏာ (ပိုမိုကျယ်ပြန့်သောအာဏာ)တို့ကို ပြည်နယ်တို့ထံ၌ ထားရှိ ရေးတို့ ဖြစ်ပါသည်။

အဆိုပါ ပြည်ထောင်စုမူ၌ ပြည်နယ်တို့က ကိုယ်ပိုင်အုပ်ချုပ်ရေး အာဏာအပြည့်အဝ ခံစားခွင့်ရှိစေရန် မြန်မာပြည်မကို ပြည်နယ်တစ်ခု အဖြစ် ဖွဲ့စည်းရမည်ဟူသော နည်းလမ်းသေအပေါ် အခြေခံထားသည်ကို တွေ့ရပါသည်။ အဆိုပါ နည်းလမ်းသေအစား ပြည်နယ်တို့အား ကိုယ်ပိုင် အုပ်ချုပ်ရေးအာဏာ အပြည့်အဝခံစားခွင့်ရှိစေမည့် နည်းလမ်းတို့ကို ညှိနှိုင်းဆွေးနွေးရန်ဆိုပါက အောင်မြင်နိုင်မည့် အခွင့်အလမ်းတို့ကို ပိုမို ကျယ်ပြန့်လာစေမည် ဖြစ်ပါသည်။ နိဂုံးချုပ်အားဖြင့် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းချမှတ်ခဲ့သည့် ကျယ်ပြန့်သော လမ်းညွှန်မှုခုနစ်ရပ်က တိုင်းပြည်လွတ်လပ်ရေးကို အရယူပေးခဲ့သည်ကို နှလုံးသွင်း၍ (၂၁) ရာစု ပင်လုံညီလာခံ၌ အနာဂတ်ပြည်ထောင်စု နိုင်ငံတော်သစ်အတွက် ကျယ်ပြန့်သော နိုင်ငံရေးအခြေခံမူတို့ ချမှတ်နိုင် ရေးကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြပါရန် လေးစားစွာ တိုက်တွန်း နှိုးဆော်အပ်ပါသည်။ ။

# နွေစပါးစိုက်ပျိုးဧက ပိုမိုစိုက်ပျိုးနိုင်ရေးအတွက် ဆည်ရေသောက်စနစ်များ အဆင့်မြှင့်ပြုပြင်ဆောင်ရွက်

**နတ်တလင်း ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်၌ တောင်ညိုဆည်မှ နွေစပါးစိုက်ပျိုးဧက ပိုမိုစိုက်ပျိုးရေး အတွက် ဆည်ရေသောက်စနစ်များ အဆင့်မြှင့် ပြုပြင်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရနှင့် ဂျပန်အပြည်ပြည် ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA) တို့၏ သဘောတူညီ ချက်အရ တရားဝင်ဖွံ့ဖြိုးရေးချေးငွေ (Official Development Assistant) ဖြင့် ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ် မှစတင်၍ လေးနှစ်တာကာလအတွင်း ပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း ရှိ မြောက်နဝင်းဆည်၊ တောင်နဝင်းဆည်၊ ဝဲကြီးဆည်နှင့် တောင်ညိုဆည် လေးခုတွင် အဆိုပါ တော်ညိုဆည်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ ယခု ၂၀၁၇-၂၀၁၈ ခုနှစ်တွင် တတိယနှစ် မြောက်အဖြစ် လုပ်ငန်းများ ၇၀ ရာခိုင် နှုန်းပြီးစီးအောင် ဆောင်ရွက်နေဆဲ ဖြစ် သည်။ ယခု ရေပေးဝေသည့် ရာသီတွင် တွေ့ကြုံရသည့် အခြေအနေပေါ်မူတည် ပြီး ဆောင်ရွက်ရန် လျာထားသည့် တူးမြောင်းမကြီး၊ တူးမြောင်းခွဲ၊ လက်တံ မြောင်းနှင့် လက်တံတူးမြောင်းခွဲများကို ၂၀၁၈ ဘဏ္ဍာနှစ်ကုန်အတွင်း ပိုမိုကောင်း မွန်လာစေရန်နှင့် ရည်မှန်းချက်ပြီးစီးနိုင် ရေးအတွက် စက်အင်အား၊ လူအင်အား တို့ဖြင့် ကြိုးပမ်းအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



၂၀၁၈-၂၀၁၉ ခုနှစ်တွင် လုပ်ငန်းများ ပြီးစီးပါက ယခုစိုက်ပျိုးမည့် နွေစပါးစိုက် ဧကအပြင် ဒေသခံတောင်သူများအတွက် စိုက်ပျိုးဧကတိုးတက်ကာ ဧက ၅၀၀၀၀ ကျော်အထိ တိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ် ကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

ထင်သာမြင်သာ ပြုပြင်စရာ

# အင်းတော်မြို့နယ် နတ်မဟုတ်ကလေးကျေးရွာရှိ ချောင်းကူးတံတား ပြုပြင်ပေးစေလို

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နတ်မဟုတ် ကလေးကျေးရွာ အနီးရှိ ချောင်းကူးတံတားမှာ တံတားအောက်ခြေများ ခိုင်ခံ့မှု မရှိတော့ကြောင်း တွေ့မြင်ရသည်။

အဆိုပါတံတားသည် အင်းတော်မြို့နှင့် ဆည်ရွာကျေးရွာအကြား နတ်မဟုတ် ကလေးကျေးရွာအနီးတွင် တည်ရှိပြီး နတ်မဟုတ်ကလေး ချောင်းကူးတံတား တစ်စင်း ဖြစ်၍ အဆိုပါတံတားကို မန်လည်ဒေသတစ်ဝိုက်တွင်ရှိသော ကျေးရွာများမှ ပြည်သူများ အားထားရာ တံတားတစ်စင်းလည်းဖြစ်သည်။ အင်းတော်မြို့အပြင် ဗန်းမောက်မြို့မှ လာသော ခရီးသွားများအနေဖြင့်လည်း အင်းတော်အင်းပတ်လမ်းမှတစ်ဆင့် ထိုတံတားကို ဖြတ်ကျော်ရသဖြင့် အရေးပါသော တံတားလည်း ဖြစ်သည်။ ယခုအခါ အဆိုပါတံတားသည် တံတားအောက်ခြေတိုင်များ ပျက်စီးနေပြီး အန္တရာယ်များ နေကြောင်း တွေ့မြင်ရသည်။ နတ်မဟုတ် ကျေးရွာသူ ကျေးရွာသားများ အနေဖြင့်လည်း တတ်နိုင်သလောက် ပြုပြင်နေရကြောင်း ဒေသခံပြည်သူတစ်ဦးထံမှ သိရသည်။ သို့ဖြစ်၍ ပြည်သူများ အားထားရသည့် အင်းတော်မြို့နယ်အတွက် အရေးပါသော ထိုတံတားကို အမြန်ပြုပြင်ပေးပါရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**လူအောင် (ကသာ)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂-၁-၂၀၁၈

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၄၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၉၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၄ | ・၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၃ | ・၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၂ | ・၂ |
| ထိုင်း | တစ်ဘတ် | ၄၁ | ・၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ・၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ | ・၀၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၅ | ・၃ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



## နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင် ဒုတိယရက် ကျင်းပ

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော နှစ်သစ်ကူး တရားအလှူတော် ဓမ္မသဘင် ဒုတိယရက်ကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက ဇန်နဝါရီ ၂ ရက် ညက တရားပြသဟောကြားရာ ဓမ္မမိတ်ဆွေများ တရားဓမ္မ နာယူနေကြစဉ်။

တင်စိုး(မြန်မာ့အလင်း)

# အကြိမ် ၇၀ မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ၆ ရက်မြောက်နေ့ အာဂုံပြန်ဆိုပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အကြိမ် ၇၀ မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲ ၆ ရက်မြောက်နေ့ အာဂုံပြန်ဆိုပွဲအဖြစ် ယနေ့ နံနက် ၈ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ ကျင်းပသည်။ **(ယာပုံ)**

အာဂုံပြန်ဆိုပွဲ ၆ ရက်မြောက်နေ့အထိ ပထမအသုတ်၌ အဘိဓမ္မာ (ဒုတိယပိုင်း)တွင် သံဃာတော်အရှင်သူမြတ် တစ်ပါး၊ အဘိဓမ္မာ(ပထမပိုင်း)တွင် သံဃာတော် အရှင်သူမြတ် နှစ်ပါး၊ ဒီဃနိကာယ်သုံးကျမ်းတွင် သံဃာတော်အရှင်သူမြတ် လေးပါး၊ ဝိနည်း (ဒုတိယပိုင်း)တွင် သံဃာတော်အရှင်သူမြတ် ၂၆ ပါးနှင့် ဝိနည်း(ပထမပိုင်း)တွင် သံဃာတော်အရှင်သူမြတ် ၂၉ ပါး စုစုပေါင်း သံဃာတော်အရှင်သူမြတ် ၆၂ ပါး အာဂုံပြန်ဆိုတော်မူလျက်ရှိကြပြီး အာဂုံပြန်ဆိုပွဲကို ဇန်နဝါရီ ၁၈ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

အကြိမ် ၇၀ မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ၏ အာဂုံပြန်ဆိုစာမေးပွဲသို့ သံဃာတော် အရှင်သူမြတ်အပါး ၂၁၀ နှင့် ရေးဖြေစာမေးပွဲသို့ သံဃာတော် အရှင်သူမြတ် အပါး ၁၇၀ တို့ အာဂုံပြန် ဖြေဆိုတော်မူကြမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကိုမူ ဇန်နဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီး စတင်ကျင်းပခဲ့သည့် ၁၃၁၀ ပြည့်နှစ်မှစ၍ ၆၉ ကြိမ်မြောက်အထိ တိပိဋကဓရ တိပိဋကကောဝိဒအာဂုံနှင့် ရေးဖြေအောင် သာသနဓဇအာဇာနည် အရှင်သူမြတ် ၁၄ ပါးနှင့် တိပိဋကဓရ ပိဋက သုံးပုံဆောင် သာသနဓဇအာဇာနည် ခုနစ်ပါးတို့ ပေါ်ထွန်းခဲ့ကြောင်း သိရသည်။

တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ အရှင်သူမြတ်များသည် အာဂုံပြန်အဆင့် ငါးဆင့်နှင့် သဘောရေးဖြေအဆင့် လေးဆင့် ဖြေဆိုအောင်မြင်ထားပြီး ရေးဖြေနောက်ဆုံး အဆင့်ဖြစ်သည့် အဘိဓမ္မပိဋက (နောက်ပိုင်း) ဖြေဆိုအောင်မြင်ပါက စာမေးပွဲကြီး၏ ပန်းတိုင်ဖြစ်သော တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ကို ရရှိမည်ဖြစ်သောကြောင့် တိပိဋကဓရ တိပိဋက ကောဝိဒလောင်းလျာများဖြစ်ကြောင်း သိရသည်။



**သတင်း-ရီရီမြင့်၊ ဓာတ်ပုံ-လှမိုး**

**✤ *ရှေ့ဖုံးမှ***

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးသို့ တင်သွင်းနိုင်မည်ဆိုပါက လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် အဖြေရှာပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဖက်ဒရယ်ပြည်ထောင်စုကြီးကို ပါဝင်သင့်သူအားလုံး ပါဝင်နိုင်ရန် နိုင်ငံရေးဆွေးနွေးပွဲများတွင် အနာဂတ်မျိုးဆက်သစ်များအတွက် ရေရှည်အရေး မျှော်တွေး၍ မေတ္တာတရားကို အခြေခံသည့် ရိုးသားစာနာမှုများနှင့်အတူ စိတ်ရှည်သည်းခံ ဖြေရှင်းခြင်းဖြင့် ငြိမ်းချမ်းရေး ကောင်းမွေကို လက်ဆင့်ကမ်းနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် ယခုဆွေးနွေးပွဲမှ ပိုမိုကောင်းမွန်သည့် အဖြေများ ရရှိစေနိုင်မည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ၏ အလုပ်အဖွဲ့ခေါင်းဆောင် ဦးနိုင်ငံလင်းနှင့် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကော်မတီ (UCCPF) ဝင်များကိုယ်စား ကော်မတီဝင် ဦးနော်ထွဲတို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယအကြိမ်) ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးဖိုရမ်သို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**မူဝါဒစာတမ်းထွက်ပေါ်လာစေရေး**

ယင်းနောက် ဖိုရမ်ကိုစတင်ကျင်းပရာ ပြည်ထောင်စု အဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကော်မတီ (UCCPF) ဝင် စောကျော်စွာက ပြည်ထောင်စုအဆင့် အရပ်ဘက် အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကျင်းပရခြင်း ရည်ရွယ်ချက်ကို လည်းကောင်း၊ ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ်ကော်မတီ (UCCPF)ဝင် ဦးအောင်မိုင်းဆန်းက ကော်မတီ၏ လုပ်ငန်းအဆင့်ဆင့်နှင့် မူဝါဒစာတမ်း ထွက်ပေါ်လာစေရေး လုပ်ငန်းစဉ်များကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ဖက်ဒရယ်အခြေခံမူဝါဒဆိုင်ရာ အကြံပြုစာတမ်းနှင့် ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ မူဝါဒအကြံပြုစာတမ်းတို့ကို ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကော်မတီ (UCCPF)သို့ အပ်နှံခြင်းကို ဆောင်ရွက်ကြပြီး အဆိုပါစာတမ်းများကို ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့မှ ကိုယ်စားလှယ်များက ဖတ်ကြားကြသည်။

ထို့နောက် ပြည်ထောင်စုအဆင့် အရပ်ဘက်အဖွဲ့အစည်းများ ငြိမ်းချမ်းရေးဖိုရမ် ကော်မတီဝင် ဦးကျော်ဇင်နှင့် ဆွေသဟာတို့က လိုအပ်သော စီမံရေးရာနှင့် ဘဏ္ဍာရေးရာကိစ္စရပ်များကို ရှင်းလင်းပြောကြားကြပြီး ဖိုရမ်ပထမနေ့ကို ရပ်နားလိုက်သည်။

**အပြန်အလှန်လေးစားမှု တိုးမြှင့်နိုင်ရန်**

အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဖြစ်သည့် CSO Forum မှတစ်ဆင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု ကျင်းပရေးပူးတွဲကော်မတီ၏ လုပ်ငန်းကော်မတီသို့ တင်သွင်းရမည့် စာတမ်းနှစ်စောင်ကို နိုင်ငံတစ်ဝန်းရှိ အရပ်ဘက်အဖွဲ့အစည်းများ စုပေါင်း၍ စုစည်းရန်၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှုဖြစ်စဉ်တွင် အရပ်ဘက်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှု တိုးမြှင့်လာစေရန်၊ အရပ်ဘက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို တိုးချဲ့နိုင်ရန်၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်တွင်အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ပူးတွဲကော်မတီအကြား ပိုမိုနားလည်မှု၊ ယုံကြည်မှုနှင့် အပြန်အလှန်လေးစားမှု တိုးမြှင့်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော် လွိုင်ကော်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်

**လွိုင်ကော် ဇန်နဝါရီ ၂**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် (၆၆) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ဇန်နဝါရီ ၁၀ ရက်မှ ၁၉ ရက်အထိ လွိုင်ကော်မြို့ ကန္တရဝတီ ပွဲတော်ကွင်း၌ အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ကယားပြည်နယ်နေ့ပွဲတော်အခမ်းအနားတွင် ဗဟိုပြခန်း ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ပြခန်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲများ၊ ထိုင်းကုန်စည်ပြပွဲနှင့် အရောင်းပြခန်းများ၊ ဈေးဆိုင်ခန်းများ၊ ကန္တရဝတီအလှမယ်ပြိုင်ပွဲ၊ စက်ဘီးစီးပြိုင်ပွဲ၊ မီနီမာရသွန်ပြိုင်ပွဲနှင့် အခြားရိုးရာအားကစားနည်းမျိုးစုံပြိုင်ပွဲများ၊ ဇန်နဝါရီ ၁၀ ရက်၊ ၁၁ရက်နှင့် ၁၂ ရက်နေ့များတွင် ရွှေမဟာဇာတ်သဘင်ဖြင့်လည်းကောင်း၊ ၁၃ ရက်၊ ၁၄ရက်နှင့် ၁၅ရက်များတွင် ရွှေထိပ်တင်ဇာတ် သဘင်ဖြင့်လည်းကောင်း၊ ကျန်ရက်များတွင် New Five Star အဖွဲ့၊ မေတ္တာ၊ ပွမ်ပွမ် စသည့် ဟာသလူရွှင်တော်များဖြင့်လည်းကောင်း ပွဲတော်ကာလတစ်လျှောက်လုံး အခမဲ့ ဖျော်ဖြေပေးသွားမည် ဖြစ်သည်။

နိုင်ငံကျော်အနုပညာရှင်များစွာပါဝင်သည့် အင်ပါယာ တေးဂီတအဖွဲ့မှ ဇန်နဝါရီ ၁၄ ရက်တွင် လည်းကောင်း၊ ဇန်နဝါရီ ၁၅ ရက်တွင် TheThree Brand တေးဂီတအဖွဲ့ ဖျော်ဖြေမှု၊ ဇန်နဝါရီ ၁၆ ရက်တွင် Iron Corss တေးဂီတအဖွဲ့၏ Free Show ဖျော်ဖြေမှု၊ စတိတ်ရှိုးပွဲများ၊ အခြားပျော်ပွဲရွှင်ပွဲများ ပါဝင်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



**စစ်တုရင်ပြိုင်ပွဲ**

နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဂန့်ဂေါမြို့နယ် လွတ်လပ်ရေးနေ့ ကျင်းပရေးကော်မတီ စစ်တုရင်ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီကကြီးမှူး၍ ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် စစ်တုရင်ပြိုင်ပွဲ (အငယ်တန်း) ၁၃ ကို ဇန်နဝါရီ ၁ ရက်က ကျင်းပခဲ့ရာ ပြိုင်ပွဲသို့ ဝါသနာရှင် ၁၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြစဉ် ၁၀၁

# အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာ အချောထည်ပြပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာနှင့်လက်ဝတ်ရတနာ အချောထည် ပြပွဲ ၂၀၁၈ ကို ဇန်နဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte Hotel ၌ ကျင်းပမည်ဖြစ်သည်။

ပြပွဲသို့ တက်ရောက်ရန် နိုင်ငံပေါင်း ၃၇ နိုင်ငံရှိ မြန်မာသံရုံးများမှတစ်ဆင့် ဖိတ်စာ ၈၀၀ ဖြင့် ဖိတ်ကြားထားသည်။ ရန်ကုန် ကျောက်မျက်လုပ်ငန်းရှင်အသင်းဝင် လုပ်ငန်းရှင်ကြီးများ အဓိကပါဝင်သည့် အရောင်းပြခန်းပေါင်း ၁၀၀ ခန့် ပါဝင်မည်ဖြစ်သည်။

**မျိုးမင်းသူရ**

❍ *ကျောဖုံးမှ*

၃။ အထက်ပါလုပ်ငန်းစဉ်များနှင့်အညီ အမျိုးသားကော်မတီသည် အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ခြင်း၊ အမျိုးသားအဆင့်မူဝါဒများချမှတ်ခြင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ကော်မတီများကို နယ်မြေဒေသအလိုက် အလုပ်ရှင်၊ အလုပ်သမားများနှင့် ညှိနှိုင်းဆွေးနွေးစေခြင်း၊ စစ်တမ်းများကောက်ယူစေခြင်းများပြုလုပ်၍ အမျိုးသားကော်မတီသို့ ပြန်လည်တင်ပြစေခြင်းတို့ကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းစဉ် ၃ အထိ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်၍ လက်ရှိအချိန်၌ လုပ်ငန်းစဉ် ၄ ကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လက်ရှိအချိန်အထိ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေး ၄ ကြိမ်၊ အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်ရှိ အလုပ်ရှင်၊ အလုပ်သမားများနှင့် တွေ့ဆုံပွဲ ၂ ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါသည်။

၄။ ထို့အပြင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အနည်းဆုံးအခကြေးငွေနှင့် အလုပ်သမားအခွင့်အရေး ပူးပေါင်းဆောင်ရွက်ရေးကော်မတီဝင်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ Chatrium Hotel ၌ ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်ရေးဆိုင်ရာ သဘောထားများနှင့် အကြံပြုချက်များကို ရယူခဲ့ပါသည်။

၅။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် (၄)ကြိမ်မြောက် အမျိုးသားကော်မတီအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး အမျိုးသားကော်မတီဝင်များ၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီဝင်များ၏ အကြံပြုချက်များနှင့် သဘောထားမှတ်ချက်များ၊ ပြုလုပ်ခဲ့ပြီးသော အမျိုးသားကော်မတီ အစည်းအဝေးများ၏ ရလဒ်များ၊ အလုပ်ရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် ပြုလုပ်ခဲ့သည့် တွေ့ဆုံပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲမှရရှိလာသော ရလဒ်များ၊ ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ကော်မတီများအလိုက် ကျင်းပပြုလုပ်ခဲ့သော အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင်ဆွေးနွေးပွဲများမှ ရရှိလာသည့် အဆိုပြုနှုန်းထားများ၊ နိုင်ငံ့ဝန်ထမ်းများ၏ အနိမ့်ဆုံးအခြေခံလစာနှင့် နေ့စားအလုပ်သမားများ၏ လုပ်ခစသည်တို့အပေါ်တွင် မှီငြမ်းကိုးကား၍ အဆိုပြုအနည်းဆုံးအခကြေးငွေကို ညှိနှိုင်းသတ်မှတ်ခဲ့ကြပါသည်။

၆။ အထက်ဖော်ပြပါအချက်များအပေါ် အခြေခံ၍ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးတွင် ညှိနှိုင်းသဘောတူညီခဲ့ကြသော အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့် သက်ဆိုင်သည့် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံးတစ်ပြေးညီ ပြင်ဆင်သတ်မှတ်ပေးသင့်သည့် အနည်းဆုံးအခကြေးငွေမှာ တစ်နာရီလျှင် ကျပ် ၆၀၀/- (ကျပ်ခြောက်ရာတိတိ)နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်)အတွက် ကျပ် ၄၈၀၀/-(ကျပ်လေးထောင့်ရှစ်ရာတိတိ) ဖြစ်ပါသည်။

(ခ) လုပ်ငန်းသဘောသဘာဝအရ ဥပဒေနှင့်အညီ အချိန်ပိုလုပ်ရသော အလုပ်သမားများအတွက် သက်ဆိုင်ရာဥပဒေနှင့်အညီ သတ်မှတ်ပေးထားသော အချိန်ပိုလုပ်ခကို ခံစားခွင့်ရှိသည်။

(ဂ) ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၁၄ (ခ) အရ ဤဥပဒေအာဏာမတည်မီက ရရှိနေသော အခကြေးငွေသည် ဤဥပဒေအရသတ်မှတ်သော အနည်းဆုံးအခကြေးငွေထက် ပိုမိုရရှိနေပါက ပိုမိုရရှိသော အခကြေးငွေကို အလုပ်သမားများ ဆက်လက်ခံစားခွင့်ရှိသည်။

(ဃ) အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ပါ အနည်းဆုံး အခကြေးငွေမှာ ဥပဒေအရ သတ်မှတ်ပေးထားသော အနည်းဆုံးအခကြေးငွေထက် လျော့နည်းပါက အလုပ်သမားသည် ဥပဒေအရ သတ်မှတ်ပေးထားသည့် အနည်းဆုံးအခကြေးငွေနှင့်အညီ ခံစားခွင့်ရှိသည်။

(င) ထို့အပြင် ဥပဒေအရသတ်မှတ်ပေးထားသော အနည်းဆုံးအခကြေးငွေကိုသော်လည်းကောင်း၊ ထိုအခကြေးငွေထက်ပို၍အလုပ်ရှင်ကပေးသည့် အခကြေးငွေကိုသော်လည်းကောင်း အလုပ်သမားက ခံစားခွင့်ရှိသည်။

(စ) အချိန်ပိုင်း၊ နာရီပိုင်းအလုပ်လုပ်ရသော အလုပ်သမားများသည် အလုပ်လုပ်သည့်အချိန်အတွက် သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေကို ခံစားခွင့်ရှိသည်။

(ဆ) သတ်မှတ်ထားသည့် အနည်းဆုံးအခကြေးငွေကို အမျိုးသား၊ အမျိုးသမီးမခွဲခြားဘဲ ခံစားခွင့် ရှိစေရမည်။

(ဇ) ယခုအဆိုပြုလိုက်သော အနည်းဆုံးအခကြေးငွေ နှုန်းထားအား အတည်ပြုသတ်မှတ်ပြီးပါက စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနအလိုက် သတ်မှတ်ထားသော စည်းကမ်းချက်များဖြင့် ခန့်ထားပြီးဖြစ်သည့် အလုပ်သမားများကို ယင်းနှုန်းထားအတိုင်း ပေးရမည်ဖြစ်ပြီး အနည်းဆုံးအခကြေးငွေ နည်းဥပဒေ ၄၃(ဒ)အရ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနအလိုက် သတ်မှတ်ထားသော ကျွမ်းကျင်မှုစံ သို့မဟုတ် ထုတ်လုပ်မှုစံနှုန်းပြည့်မီအောင် လုပ်ဆောင်နိုင်စွမ်းမရှိသေးသည့် အလုပ်သမားအသစ်များအား အစမ်းခန့်ကာလမတိုင်မီ ကျွမ်းကျင်မှုရှိစေရေး လေ့ကျင့်ပေးရန်လိုအပ်လျှင် သက်ဆိုင်သည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသည် လေ့ကျင့်ချိန်ကာလ သုံးလအတွင်း သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေ၏ ၅၀ ရာခိုင်နှုန်းထက် မနည်းသော လုပ်ခလစာကိုလည်းကောင်း၊ အစမ်းခန့်ကာလ သုံးလအတွင်း သတ်မှတ်ထားသော အနည်းဆုံးအခကြေးငွေ၏ ၇၅ ရာခိုင်နှုန်းကိုလည်းကောင်း ပေးရမည်။

(ဈ) အနည်းဆုံးအခကြေးငွေ နည်းဥပဒေ ၄၄(က)အရ အလုပ်သမားများသည် မိမိတို့အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအဆင့်နှင့်အညီ သတ်မှတ်ထားသော ကုန်ထုတ်စွမ်းအား ပြည့်မီစေရန် ဆောင်ရွက်ရမည်။

(ည) ယခုအဆိုပြုသတ်မှတ်ပေးသော အနည်းဆုံးအခကြေးငွေနှုန်းထားကို အတည်ပြုပြီးပါက ယင်းအခကြေးငွေနှုန်းထားနှင့် အချိန်ပိုလုပ်ခများမှာ ဥပဒေအရ အလုပ်သမားများ ရသင့်ရထိုက်သည့် လုပ်ခလစာဖြစ်ပြီး ရက်မှန်ကြေး၊ ဆုကြေးနှင့် ရှားပါးစရိတ်စသည့် အပိုထောက်ပံ့ကြေးများကိုမူ အလုပ်ရှင်များက မိမိတို့၏လုပ်ငန်းအောင်မြင်မှုနှင့် အကျိုးအမြတ်တို့အပေါ်တွင်မူတည်၍ အလုပ်သမားများကို ချီးမြှင့်နိုင်သည်။

(ဋ) အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းနှင့် ပြန်လည်သုံးသပ်ပြီး ပြင်ဆင်ခြင်းတို့ပြုရာတွင် နိုင်ငံသားနှင့် ဖက်စပ်လုပ်ကိုင်သည့် လုပ်ငန်းများတွင်သော်လည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများတွင်သော်လည်းကောင်း လုပ်ကိုင်နေကြသည့် နိုင်ငံသားအလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသည် ကျွမ်းကျင်မှုအလိုက် နိုင်ငံခြားသားအလုပ်သမားများ နည်းတူ ခံစားခွင့်ရှိသည်။

(ဌ) အမိန့်ကြော်ငြာစာထုတ်ပြန်၍ အနည်းဆုံးအခကြေးငွေကို အတည်ပြုသတ်မှတ်ပြီးပါက ယင်းသတ်မှတ်အခကြေးငွေ နှုန်းထားသည် ခွင့်ရက်၊ အလုပ်ပိတ်ရက်နှင့်စပ်လျဉ်း၍ အလုပ်သမားများအား ပေးထားသည့် အခွင့်အရေးတစ်ရပ်ကို ထိခိုက်ခြင်း မရှိစေရ။

(ဍ) အထူးစီးပွားရေးဇုန်များတွင် အလုပ်လုပ်ကိုင်နေကြသည့် နိုင်ငံသားအလုပ်သမားများအတွက် သက်ဆိုင်ရာအထူးစီးပွားရေး စီမံခန့်ခွဲမှုကော်မတီများသည် အထူးစီးပွားရေးဇုန်အတွင်းရှိ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားအလိုက် သတ်မှတ်သင့်သည့် အဆိုပြုအနည်းဆုံးအခကြေးငွေ နှုန်းထားများကို အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

(ဎ) အဆိုပြုအနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းသည် အလုပ်သမား ၁၀ ဦးအောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိဘဲ အဆိုပါလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နေကြသည့် အလုပ်သမားများအနေဖြင့် မိမိတို့၏ နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားအလိုက် အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဦးနှစ်ဖက်သဘောတူ ညှိနှိုင်းသတ်မှတ်သော အခကြေးငွေနှုန်းထားများဖြင့် ရယူခံစားနိုင်သည်။

၇။ ပြင်ဆင်သတ်မှတ်သည့် အဆိုပြုအနည်းဆုံးအခကြေးငွေ နှုန်းထားနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်ပြုခြင်း၊ အကြံပြုခြင်း၊ ကန့်ကွက်ခြင်းနှင့် ပြင်ဆင်ခြင်းများကို ဆောင်ရွက်လိုသည့် အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်သည် ဤအဆိုပြုအနည်းဆုံးအခကြေးငွေ ထုတ်ပြန်သည့်နေ့ရက်မှစ၍ ရက်သတ္တနှစ်ပတ်အတွင်း ပူးတွဲပါပုံစံတွင် ဖြည့်စွက်ပြီး အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီထံပေးပို့ရမည့်အပြင် မိတ္တူကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရှိ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ ပေးပို့ရမည်။

၈။ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ပြည်ထောင်စုနယ်မြေကော်မတီ၊ သက်ဆိုင်ရာ တိုင်းဒေသ ကြီးကော်မတီ သို့မဟုတ် ပြည်နယ်ကော်မတီသည် အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့် စပ်လျဉ်းသည့် အကြံပြုချက်များ၊ ကန့်ကွက်ချက်များ၊ ပြင်ဆင်ချက်များနှင့် ကွင်းဆင်းစစ်ဆေးချက်များကို လေ့လာစိစစ်ပြီး ကန့်ကွက်သည့်နေ့ သို့မဟုတ် ပြင်ဆင်ရန်အဆိုပြုသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပြီးစီးအောင်ရှင်းလင်း၍ အဆိုပြုနှုန်းထားကို အမှုတွဲနှင့် သက်သေခံအထောက်အထား စာရွက်စာတမ်းများပူးတွဲပြီး အမျိုးသားကော်မတီထံ တင်ပြရမည်။

၉။ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသည် အဆိုပြုအနည်းဆုံးအခကြေးငွေ နှုန်းထားကို အများပြည်သူသိရှိရန် ကြေညာပြီးနောက် ရက်ပေါင်း ၆၀ အတွင်း ကန့်ကွက်ချက် သို့မဟုတ် ပြင်ဆင်ရန် အဆိုပြုချက်များကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား သုံးပွင့်ဆိုင်ကိုယ်စားလှယ်များဖြင့် လေ့လာစိစစ်ပြီး အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေနှုန်းထားကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။

၁၀။ သို့ဖြစ်ပါ၍ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(င) အရ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် နေရာဒေသနှင့် လုပ်ငန်းအမျိုးအစားမခွဲခြားဘဲ တစ်နိုင်ငံလုံးတစ်ပြေးညီ ပြင်ဆင်သတ်မှတ်သည့် အဆိုပြုအနည်းဆုံးအခကြေးငွေမှာ တစ်နာရီလျှင် ကျပ် ၆၀၀/-(ကျပ်ခြောက်ရာတိတိ) နှုန်းဖြင့် အလုပ်ချိန် ၈ နာရီ (တစ်ရက်)အတွက် ကျပ် ၄၈၀၀/-(ကျပ်လေးထောင့်ရှစ်ရာတိတိ) ဖြစ်ကြောင်းနှင့် ယင်းသတ်မှတ်ချက်သည် အလုပ်သမား ၁၀ ဦးအောက်ရှိသည့် လုပ်ငန်းငယ်များ၊ မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် သက်ဆိုင်မှုမရှိကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**အနည်းဆုံးအခကြေးငွေ**
**သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ**

**ပူးတွဲပါပုံစံ**

သို့

ဥက္ကဋ္ဌ
ပြည်ထောင်စုနယ်မြေ/တိုင်းဒေသကြီး/ပြည်နယ် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာကော်မတီ
-----------------------------မြို့

ရက်စွဲ။ ၂၀၁၈ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **အဆိုပြုအနည်းဆုံးအခကြေးငွေနှုန်းထားနှင့်စပ်လျဉ်း၍ ကန့်ကွက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း**

| စဉ် | ကန့်ကွက်သူ/ပြင်ဆင်ရန်အဆိုပြုသူ၏ အမည် သို့မဟုတ် အဖွဲ့အစည်း၏ အမည်၊ လိပ်စာ | လုပ်ငန်း/ဌာန | ကန့်ကွက်ပြင်ဆင်ရသည့် အကြောင်းရင်း | သတ်မှတ်လိုသည့်/ပြင်ဆင်လိုသည့်နှုန်း |
|---|---|---|---|---|
| | | | | |

လက်မှတ်
အမည် -
လုပ်ငန်း/ဌာန -

# မြန်မာယူ-၂၁ အသင်းကို ကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်း

**ရန်ကုန် ဇန်နဝါရီ ၂**

၂၀၁၉ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပမည့် အကြိမ် ၃၀ မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာယူ-၂၁ အသင်းကို ပဏာမကစားသမား ၂၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ဇန်နဝါရီ ၂ ရက်မှစ၍ လေ့ကျင့်မှု ပြုလုပ်လျက်ရှိသည်။

**လေ့ကျင့်မည်**

မြန်မာ ယူ-၂၁ အသင်းသည် ဇန်နဝါရီ ၁၂ ရက်အထိ နေ့စဉ်လေ့ကျင့်မည်ဖြစ်ပြီး လိဂ်ပြိုင်ပွဲများ စတင်ကျင်းပပါက တစ်ပတ်လျှင် နှစ်ရက်ဖြင့် ကာလရှည် လေ့ကျင့်မည်ဖြစ်သည်။ ယင်းအသင်းကို **နည်းပြချုပ်အဖြစ်** ဦးကြည်လွင်က ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး ဦးသန်းတိုးအောင်က **အုပ်ချုပ်သူအဖြစ်** ဆောင်ရွက်မည်ဖြစ်သည်။

**ပါဝင်**

မြန်မာယူ-၂၁ အသင်းတွင် **အုပ်ချုပ်သူ** ဦးသန်းတိုးအောင်၊ **နည်းပြချုပ်** ဦးကြည်လွင်၊ **လက်ထောက်နည်းပြ** ဦးကျော်လွင်၊ ဦးချစ်နိုင်၊ **ဂိုးနည်းပြ** ဦးမျိုးကျော်အောင်၊ ကစားသမားများအဖြစ် **ဂိုးသမား** ဘုန်းသစ္စာမင်း၊ ထွန်းနန္ဒာဦး၊ အောင်မြင့်မြတ်၊ **နောက်တန်း** ရဲရင့်အောင်၊ ဝင်းမိုးကျော်၊ ကျော်သူထွန်း၊ သန်းထိုက်ဇင်၊ သက်ပိုင်ထွေး၊ ဟိန်းထက်စည်သူ၊ သူရိန်စိုး၊ အောင်ဖြိုးသာ၊ ကျော်မျိုးနိုင်၊ **အလယ်တန်း** မြတ်ကောင်းခန့်၊ မြတ်ထွန်းသစ်၊ ဇေယျာနိုင်၊ စိုးလွင်လွင်၊ ဇွဲသက်ပိုင်၊ ဟိန်းထက်အောင်၊ သိုင်းဘွဲ့အောင်၊ မင်းကို၊ ဇော်ဝင်းမောင်၊ **ရှေ့တန်း** ဇင်မင်းထွန်း၊ ရွှေကို၊ ချမ်းငြိမ်းနှင့် သန်းမြင့်ထွန်းတို့ ပါဝင်ကြသည်။

**ညီမြတ်သော်တာ**

# ပွင့်လင်းရာသီဖြစ်၍ လုပ်ငန်းများအရှိန်အဟုန်ဖြင့် စံချိန်စံညွှန်းကောင်းမွန်စေရေး ဆောင်ရွက်



နေပြည်တော် ဇန်နဝါရီ ၂

**နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညီညီဆွေ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းတို့နှင့်အတူ ဒီဇင်ဘာ ၃၀ ရက်တွင် ပူတာအိုမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြပြီး နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မဂွေဇ-ခေါင်လန်ဖူး လမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးသည်။** (ယာပုံ)

**ပေါင်းစပ်ညှိနှိုင်းပေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ခဲ့သော မြေသားလမ်း ၂၄ မိုင် ၄ ဖာလုံပေါ်တွင် ကျောက်ခင်းခြင်းလုပ်ငန်းများ၊ မိုးရာသီတွင် ဆက်သွယ်မှုမပြတ်တောက်စေရေးအတွက် တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် တံတားတည်ဆောက်ရန် လျာထားသည့်အခြေအနေများ၊ လမ်းပျက်စီးမှုကာကွယ်နိုင်ရန် Box Culvert တည်ဆောက်ရေး လုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် မဂွေဇမှ လက်ရှိဆောင်ရွက်ပြီးစီးနေသော မိုင်တိုင် ၃၀/၅ အထိ လမ်းဖောက်လုပ်နေမှု အခြေအနေများအား မော်တော်ယာဉ်များဖြင့် စမ်းသပ်မောင်းနှင် လိုက်လံကြည့်ရှုခဲ့ပြီး မိုင်တိုင် ၃၀/၅ တွင် လက်ရှိဆောင်ရွက်နေသည့် ဆန်းလုံချက်တောင်ကြောမှ အရှည် နှစ်မိုင်ခန့်ရှိသော ကျောက်တောင်အား စစ်မြေပြင် အင်ဂျင်နီယာစစ်သည်များဖြင့် ကျောက်မိုင်းခွဲခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ ပူတာအိုဒေသသည် မိုးရွာသွန်းမှုများပြားသည့် ဒေသ၏ ထူးခြားချက်အရ ပွင့်လင်းရာသီဖြစ်သော ဒီဇင်ဘာလနှင့် ဇန်နဝါရီလများအတွင်း လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လမ်းစံချိန်စံညွှန်းကောင်းမွန်စေရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

**အကောင်အထည်ဖော် ဆောင်ရွက်**

မဂွေဇ-ခေါင်လန်ဖူးလမ်းသည် ၆၅ မိုင် ၄ ဖာလုံ အရှည်ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ အပိုင်း-၁ မဂွေဇမှ ငါ့လုံဒမ်းအထိ ၂၅ မိုင် ၄ ဖာလုံ၊ အပိုင်း-၂ ငါ့လုံဒမ်းမှ ရီဒမ်းအထိ ၁၈ မိုင် ၄ ဖာလုံ၊ အပိုင်း-၃ ရီဒမ်းမှ ခေါင်လန်ဖူးအထိ ၂၁ မိုင် ၄ ဖာလုံကို ဘဏ္ဍာရေးနှစ်အလိုက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလက်တွဲ၍ နယ်စပ်ရေးရာဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခုအခါ အခက်ခဲဆုံးအပိုင်းဖြစ်သည့် ပေ ၇၀၀၀ ကျော် မြင့်မားသော ဆန်းလုံချက်တောင်ထိပ် တောင်ကြောအား ကျောက်မိုင်းခွဲခြင်းလုပ်ငန်းအား ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲပိုင်းတွင် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့သို့ တပ်မတော်ရဟတ်ယာဉ်ဖြင့် ရောက်ရှိကြပြီး ခေါင်လန်ဖူးမြို့နယ်ခန်းမတွင် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ ခေါင်လန်ဖူးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော နောင်မွန်မြို့နယ် မဂွေဇမှ ခေါင်လန်ဖူးအထိ မော်တော်ကားလမ်း ဖောက်လုပ်နေမှုအခြေအနေများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလက်တွဲပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များ ပြောကြားခဲ့ကြပြီး ဌာနဆိုင်ရာများနှင့် ဒေသခံများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**ပေးအပ်**

ထို့နောက် စားသောက်ဖွယ်ရာများနှင့် ခေါင်လန်ဖူးမြို့နယ် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့သည်။

ဆက်လက်၍ နောင်မွန်မြို့သို့ ရောက်ရှိကြပြီး နောင်မွန်မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

**လှည့်လည်ကြည့်ရှု**

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း ပူတာအိုမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ရုံး၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးရွာတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကြီးမှူးဖွင့်လှစ်သည့် အခမဲ့ကွန်ပျူတာသင်တန်းကျောင်းဖွင့်



**ကျောက်ပန်းတောင်း ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားကျေးရွာတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကြီးမှူးဖွင့်လှစ်သော အခမဲ့ကွန်ပျူတာသင်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ သင်တန်းကျောင်း၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ရှေးဦးစွာ သင်တန်းကျောင်းကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကို၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းကော်မတီဝင် ဒေါက်တာ သန့်သော်ကောင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ဂုဏ်ပြုအမှာစကားပြောကြားပြီး ဒေါက်တာသန့်သော်ကောင်းက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေနှင့် ယခုကွန်ပျူတာ သင်တန်းကျောင်း ဖွင့်လှစ်မှုလုပ်ငန်း အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**လက်ဆောင်ပေးအပ်**

ယင်းနောက် သင်တန်းကျောင်းအတွက် ကွန်ပျူတာသုံးလုံးကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်လှူဒါန်းပြီး ပုပ္ပားတောင်ချစ်သူများ အသင်းဥက္ကဋ္ဌ ဦးတိုးက ဒေါ်အောင်ဆန်းစုကြည်၏ ပုံတူ ယွန်းပန်းချီကားကို လက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ ကွန်ပျူတာသင်တန်းကျောင်းတွင် အသုံးပြုမည့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို ပံ့ပိုးကူညီလှူဒါန်းသည့် တရုတ်(တိုင်ပေ) ကွန်ပျူတာနည်းပညာ ပို့ချမှုစင်တာအား ဂုဏ်ပြုမှတ်တမ်းလွှာကို ဒေါက်တာသန့်သော်ကောင်းက ပေးအပ်ပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ကွန်ပျူတာ သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။ (ဝဲပုံ)

**သင်ကြားလျက်ရှိ**

အဆိုပါ ကွန်ပျူတာသင်တန်းကျောင်းကို ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ကြီးမှူးဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းချိန် တစ်ချိန်လျှင် သင်တန်းသား ၂၀ စီဖြင့် စုစုပေါင်း သင်တန်းသား သင်တန်းသူ ၆၀ ကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ စတင်သင်ကြားပေးလျက်ရှိရာ ကျောက်ပန်းတောင်းမြို့ပေါ်မှ စိတ်ဝင်စားသူများနှင့် ပုပ္ပားဒေသမှ ဒေါင်းလည်ရွာ၊ သီးကုန်းရွာ၊ သံဘိုရွာ၊ ဆည်ပေါက်၊ ပုပ္ပား၊ ပုပ္ပားလွန်၊ မြောက်တော၊ ချိုင်း၊ ကျောက်တံခါး အစရှိသည့် ကျေးရွာများမှ စိတ်ပါဝင်စားသူ လူကြီး၊ လူငယ်များ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ကျောက်ပန်းတောင်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ၁၉၉၁ ခုနှစ်က ဆောက်လုပ်ခဲ့သည့် အလျား ၂၇၂ ပေ၊ အနံ ပေ ၁၃၀ ရှိ အန္တရာယ်ရှိ ဘုရင့်နောင်ကျောင်းဆောင် အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲနှင့် ကွန်ပျူတာ သင်တန်းကျောင်းဖွင့်ပွဲသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်မင်း၊ လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးမျိုးသစ်၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရွှေကို၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ်၊ ကျောက်ပန်းတောင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးခိုင်၊ မဲဆန္ဒနယ် အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေဦး၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ သင်တန်းတာဝန်ခံများ၊ သင်တန်းသား သင်တန်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နေအောင်(မြန်/ဆက်)**

# အင်းဝဘဏ်လီမိတက်(တာချီလိတ်ဘဏ်ခွဲ)ဖွင့်လှစ်



**တာချီလိတ် ဇန်နဝါရီ ၂**

နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အင်းဝဘဏ်လီမိတက် (တာချီလိတ်ဘဏ်ခွဲ)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲ ပရဝဏ်တွင် ကျင်းပသည်။

အခမ်းအနားတွင် အခြေချစစ်ဗျူဟာမှူး ဗိုလ်မှူးကြီး အေးမင်းဦး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေးက အင်းဝဘဏ်လီမိတက် (တာချီလိတ်ဘဏ်ခွဲ)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော ဧည့်သည်တော်များနှင့်အတူ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် (တာချီလိတ်ဘဏ်ခွဲ) သည် အင်းဝဘဏ်လီမိတက်၏ ၄၆ ခုမြောက် ဘဏ်ခွဲဖြစ်သည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ကိုးရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့်အချိန်ကာလအပိုင်းအခြားအလိုက် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်းမတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ညီညွတ်ရေးဆိုတာ



**ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသော ရည်ရွယ်ချက် ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့အကျိုး အဲဒီလို တူညီတဲ့ ရည်ရွယ်ချက်၊ တူညီတဲ့ အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေ ရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေး မျိုးဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ် ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။**

ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်

# ကျောင်းသား၊ လယ်သမား၊ အလုပ်သမားတို့၏ အရေးတော်ပုံများမှသည် လွတ်လပ်ရေးဆီသို့

၁၉၂၀ ပြည့်နှစ်မှ ၁၉၃၀ ပြည့်နှစ်အတွင်း နယ်ချဲ့အရင်းရှင်စနစ်အား ဆန့်ကျင်သော အလုပ်သမားလှုပ်ရှားမှုများ၊ လယ်သမားတို့၏ အုံကြွတွန်းလှန်မှုများဖြင့် နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်ကို တစ်မုဟုတ်ချင်း ဆိုသလို ဖြစ်ပွားလာခဲ့ကြပါသည်။ ၁၉၂၁ ခုနှစ်သန်လျင် ဘီအိုစီ ရေနံချက် စက်ရုံအလုပ်သမားသပိတ်၊ ၁၉၂၃ ခုနှစ် ရေနံချောင်း ဘီအိုစီ အလုပ်သမားသပိတ်၊ ၁၉၂၄ ခုနှစ် ရန်ကုန်ဆိပ်ကမ်းကုန်တင် ကုန်ချလုပ်သားထုသပိတ်၊ ၁၉၂၅ ခုနှစ် ဧရာဝတီမီးသင်္ဘော ကုမ္ပဏီလုပ်သား အမှုထမ်း သပိတ်စသည့် သပိတ်တို့မှ အရင်းရှင် ဆန့်ကျင်ရေးလှုပ်ရှားမှုများမှာ မြန်မာနိုင်ငံသမိုင်းတွင် ထင်ရှားခဲ့သော အလုပ်သမားလှုပ်ရှားမှုများ ဖြစ်ပေါ်လာခဲ့ကြသည်။

စီးပွားရေးပျက်ကပ်ကြောင့် ဆန်စပါးဈေးများ ထိုးကျသွားရာ တောင်သူလယ်သမားတို့ ဒုက္ခခံစားခဲ့ရသည်။ ထို့အပြင် နယ်ချဲ့တို့၏ အမျိုးမျိုး ဖိနှိပ်ချုပ်ချယ်မှုများကြောင့် တောင်သူလယ်သမားတို့ ပို၍ပို၍ စီးပွားရေးကျပ်တည်းလာခဲ့ကြရာ နောက်ဆုံး လယ်ယာမြေများပါ ဆုံးရှုံးခဲ့ရသည့်အဖြစ်သို့ ရောက်ရှိခဲ့သည်။ ဤသည်ကား တောင်သူလယ်သမား အရေးတော်ပုံ အစပင်ဖြစ်ပေတော့သည်။ ၁၉၃၀ ပြည့်နှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ဆရာစံသည် သာယာဝတီအရှေ့ မြစိမ်းတောင်ညို ဘုရားတွင် သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ခံယူသည်။

၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အင်္ဂလိပ်ကို တော်လှန်နေသော ဆရာစံ၏ ဂဠုန်ဌာနချုပ် တည်ရှိရာ အလံတောင်ကို နယ်ချဲ့အင်္ဂလိပ်တို့ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ၁၉၃၁ ခုနှစ် ဩဂုတ်လ ၂ ရက်နေ့တွင် ဂဠုန်ဆရာစံအား ရှမ်းပြည်နယ်တောင်ပိုင်း နောင်ချိုမြို့တွင် ဖမ်းဆီးရမိခဲ့သည်။ ရှမ်းပြည်နယ်သီပေါ ထောင်မှတစ်ဆင့် သာယာဝတီ ထောင်သို့ လွှဲပြောင်းပေးခဲ့သည်။ ၁၉၃၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်စနေနေ့တွင် ကြိုးစင်တင် ကြိုးပေးသတ်ဖြတ်ခဲ့သည်။

တစ်ဖန် နယ်ချဲ့တို့၏ ဖိနှိပ်မှုများကြောင့် ၁၃၀၀ ပြည့်နှစ် ပြာသိုလဆန်း(၈)ရက် စနေနေ့၊ ၁၉၃၈ ခုနှစ် ဇန်နဝါရီလ ၈ ရက် စနေနေ့တွင် ချောက်မြို့ ဘီအိုစီကုမ္ပဏီ ရေနံအလုပ်သမားများသည် ဒုက္ခခံစားနေရသော အခြေအနေများ၊ တစ်နှစ်ပတ်လုံး၏ အလုပ်ခွင်တို့ကို တင်ပြရင်း သပိတ်မှောက်ခဲ့ကြပါသည်။ ထိုသပိတ်မှ စတင်သန္ဓေတည်ကာ ၁၃၀၀ ပြည့်နှစ် ရေနံမြေအရေးတော်ပုံ စတင်ခဲ့ကြခြင်းဖြစ်သည်။

၁၉၂၀ ပြည့်နှစ် အမျိုးသားပညာရေး အရေးတော်ပုံမှသည် ၁၉၃၀ ပြည့်နှစ် တောင်သူလယ်သမား အရေးတော်ပုံ၊ ၁၉၃၈ ရေနံမြေအလုပ်သမား အရေးတော်ပုံ စသည်ဖြင့် အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုများ အဆင့်ဆင့် ပေါ်ပေါက်ခဲ့ပြီးနောက် ကမ္ဘာ့နိုင်ငံရေးအခြေအနေမှာလည်း ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားမည့် အခြေအနေ ရောက်ရှိခဲ့သည်။ ကမ္ဘာစစ်ကြီး အမှန်တကယ် ဖြစ်ပေါ်လာပါက မိမိတို့နိုင်ငံအတွက် အခွင့်အလမ်း တစ်ရပ်အဖြစ် တွက်ဆကာ ခေတ်ပညာတတ် လူငယ်များ၏ လွတ်လပ်ရေးသို့ ဦးတည်သော နိုင်ငံရေးလှုပ်ရှားမှုများ တစ်သီတစ်သန်းဆက်လက်ဖြစ်ပေါ်လာခဲ့သည်။ ။



ဆရာစံဦးဆောင်သော တောင်သူလယ်သမားများ၏ နယ်ချဲ့ဆန့်ကျင်ရေး ရင်ဆိုင်တိုက်ပွဲ ပန်းချီကား




၁၉၃၆ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ



ရေနံမြေ သပိတ်ခေါင်းဆောင် သခင်ဖိုးလှကြီး

## လွတ်သဘင်ပွဲ ပျော်ရွှင်နွဲ

ဟေမာန်ဆောင်ကြဉ်း၊ ငွေနှင်းမှုန်မှုန်
မြောက်လေသွေးစ၊ အေးမြတသုန်သုန်
သိမ့်သိမ့်ငယ်တုန်၊ မာန်ဟုန်ဝင့်ဝင့်
လွတ်ပွဲသဘင်၊ ကျင်းဆင်ယင်
ပြည်ခွင်အောင်လံ လွှင့်သည်နှင့်လေး။ ။

ငွားငွားစွင့်စွင့်၊ ကြွားဝင့်ကျက်သရေ
တို့လွတ်လပ်ရေး၊ မနှေးကာကွယ်မလေ
အေးငြိမ့်ပါစေ၊ ဒို့တွေဆုတောင်း
ဘေးကင်းရန်ကွာ၊ ပြည်မြန်မာ
သာယာငြိမ့်ငြိမ့် ညောင်းသည်နှင့်လေး။ ။

အောင်ပါစေကြောင်း၊ ထပ်လောင်းမေတ္တာဝေ
ရှမ်း ကရင်နှော၊ ဂျိမ်းဖောစုံပေ
မွန်ချင်းတထွေ၊ မျိုးဆွေကယား
ပအိုဝ်းရခိုင်၊ သွေးနှင့်ပြိုင်
ပန်းတိုင် အရောက်၊ သွားသည်နှင့်လေး။ ။

အလွန်ထင်ရှား၊ မှတ်သားဖွယ်ပင်
ထောင့်ကိုးရာညွန်း၊ ခုစွန်းလေးရှစ်တွင်
မြန်မာရာဇဝင်၊ ရေးတင်မော်ကွန်း
လေးရက်ဇန်နဝါရီ၊ အရုဏ်မီ
အောင်ချီတေးသံ လွှမ်းသည်နှင့်လေး။ ။

ခွာညိုမြပန်း၊ ပွင့်လန်းဝေဆာ ကြည်စရာ။
ပြာသိုလဆန်း တင့်လျှမ်းထွေလာ ပြည်မြန်မာ။။။

မောင်ရွှေနွယ်(အင်းလေး)




## ညီညွတ်မှုအင်အားနဲ့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်

**ပြည်သူရဲ့ထောက်ခံမှု၊ ပြည်သူရဲ့ယုံကြည်မှု၊ ပြည်သူရဲ့ညီညွတ်မှုနဲ့ နှိုင်းယှဉ်နိုင်တဲ့ ဘာအင်အားမှ မရှိပါဘူး။ ဘယ်လို အခက်အခဲတွေနဲ့ပဲ ကြုံတွေ့ရပါစေ၊ ပြည်သူရဲ့ ညီညွတ်မှုအင်အားနဲ့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်။**

(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁၂-၁၀-၂၀၁၇ ရက်နေ့ ပြည်သူသို့ တင်ပြချက်မှ ကောက်နုတ်ချက်)

## မြန်မာနိုင်ငံစာရင်းကောင်စီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

မြန်မာနိုင်ငံစာရင်းကောင်စီ (၁/၂၀၁၇) အစည်းအဝေးကို ဒီဇင်ဘာ ၃၀ နံနက် ၁၀ နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံစာရင်းကောင်စီရုံး၌ ကျင်းပရာ မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းနှင့် မြန်မာနိုင်ငံ စာရင်းကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေ (၂၀၁၅)ကို ပြင်ဆင်သည့် ဥပဒေ(မူကြမ်း) ထုတ်ပြန်ရန် ပြင်ဆင်နေမှု၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင်သင်တန်းများကို ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ဖွင့်လှစ်ခွင့်ပြုခဲ့ခြင်းနှင့် သင်တန်းဆရာအဖြစ် မှတ်ပုံတင်ခြင်း ကိစ္စများ၊ မြန်မာနိုင်ငံ စာရင်းကောင်စီမှ ဖွင့်လှစ်သော သင်တန်းအလိုက် သင်ကြားသည့် ဘာသာရပ်များကို Module ခွဲခြား သတ်မှတ်ပေးခဲ့မှုနှင့် သင်ရိုးညွှန်းတမ်းပါ ဥပဒေ၊ နည်းဥပဒေများနှင့် စပ်လျဉ်း၍ ကာလသတ်မှတ်ထုတ်ပြန်ပေးခဲ့မှု၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပထမ ပိုင်း) အမှတ်စဉ်-၄၄ သင်တန်းဖွင့်လှစ်ရန် သင်တန်းသား လျှောက်လွှာများ ခေါ်ယူမှု အခြေအနေ၊ စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ၏ အဆင့်သတ်မှတ်ချက်များထုတ်ပြန်ခဲ့မှု၊ မြန်မာနိုင်ငံ စာရင်းကောင်စီအောက်ရှိ ကြီးကြပ်မှုကော်မတီ (Oversight Body) ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ပြဋ္ဌာန်းခြင်းကိစ္စရပ်များ၊ အပြည်ပြည်ဆိုင်ရာ စာရင်းပညာရှင်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှု၊ တွေ့ဆုံဆွေးနွေးမှု၊ MoU နှင့် MoA လက်မှတ်ရေးထိုးခဲ့မှုများ၊ စာရင်းနှင့်စာရင်းစစ်ပြပွဲ (၂၀၁၆) ကျင်းပခဲ့မှုနှင့် ၁၅ ကြိမ်မြောက် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းနှင့် ဒီပလိုမာစာရင်းကိုင်သင်တန်း အောင်လက်မှတ်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပခဲ့သည့် ကိစ္စရပ်များ စသည်တို့ကို ဆွေးနွေးကြကြောင်း သိရှိရသည်။

ထို့နောက် မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌက မြန်မာနိုင်ငံ စာရင်းကောင်စီ၏ လုပ်ငန်းတာဝန်များ ပြည့်မြောက်အောင်မြင်စေရေးနှင့် စာရင်းပညာဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံ စာရင်းကောင်စီဝင်များအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ဝိုင်းဝန်းကြိုးပမ်းကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သာသနာပြုတံဆိပ် ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ဇမ္ဗူသီရိဗိမာန်တော်ကြီးတွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသသာသနနုဂ္ဂဟအသင်းနှင့် ထိုင်ဝမ်မှ Jin Gang Shan Asia-Pacific General Asia-Pacific General Association မဟာယာနဗုဒ္ဓဘာသာအဖွဲ့တို့က ဗုဒ္ဓဘာသာ တိုးတက်ဖွံ့ဖြိုးဆက်လက်ပြန့်ပွားရေးအတွက် သာသနာပြုအမှတ်တံဆိပ်များ လဲလှယ်ပေးအပ်၍ ဘာသာရေးကဏ္ဍများ ပေါင်းစည်းလုပ်ဆောင်ရန် လက်မှတ်ရေးထိုးခြင်း အခမ်းအနား ကျင်းပသည်။

**သာသနာပြုအမှတ်တံဆိပ် ပေးအပ်**

အခမ်းအနားတွင် Jin Gang Shan Asia-Pacific General Association မဟာယာနဗုဒ္ဓဘာသာအဖွဲ့ဥက္ကဋ္ဌ General Persident Lin Chou Shu-Chih က ဤသို့ သာသနာပြုအမှတ်တံဆိပ်ပေးအပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒေါက်တာခင်ရွှေနှင့် ဒေါက်တာရဲအောင်တို့အား မဟာယာနဗုဒ္ဓဘာသာအဖွဲ့ဥက္ကဋ္ဌက သာသနာပြုအမှတ်တံဆိပ်တို့ကို ပေးအပ်သည်။




ထို့နောက် ဒေါက်တာခင်ရွှေနှင့် ဒေါက်တာရဲအောင်တို့အား Jin Gang Shan Asia- Pacific General Association(Taiwan) မဟာယာနဗုဒ္ဓဘာသာအဖွဲ့ဥက္ကဋ္ဌနှင့် Vice Pe-resident of the World Fellow-ship of Buddhist ဆရာတော် Dota'Tan Gin Soon တို့က ထေရဝါဒဗုဒ္ဓဘာသာနှင့် မဟာယာနဗုဒ္ဓဘာသာတို့ ဘာသာရေးဆောင်ရွက်မှုများ လက်တွဲဆောင်ရွက်ရန် သာသနာပြု အမှတ်တရ လက်ဆောင်ကို ပေးအပ်သည်။ **(အပေါ်ပုံ)**

"ထိုင်ဝမ်က ဘာသာရေးအဖွဲ့ဖြစ်တဲ့ ဂျင်ဂန်ရှန် အာရှ-ပစိဖိတ် ဂျန်နရယ် အဆိုစယေးရှင်းက သာသနနုဂ္ဂဟအသင်းကြီးနဲ့ ဆက်သွယ်ပြီး အာရှဗုဒ္ဓဘာသာအဖွဲ့ကို ဖွဲ့စည်းနေတာကြောင့် သူတို့လည်း ပါဝင်ချင်ပါတယ်ဆိုပြီး ကမ်းလှမ်းတယ်၊ သာသနနုဂ္ဂဟအသင်းဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာရဲအောင်ကို သာသနာပြုအမှတ်တံဆိပ်ပေးအပ်ချင်ပါတယ်ဆိုတာကြောင့် ဒီပွဲကိုကျင်းပဖြစ်တာပါ၊ ထေရဝါဒမှာ မြန်မာနိုင်ငံဟာ ထိပ်ဆုံးမှာရှိတယ်၊ ကမ္ဘာမှာ ထေရဝါဒ ငါးနိုင်ငံပဲ ရှိတယ်၊ ဒါကြောင့် မဟာယာနနဲ့ ပေါင်းစည်းပြီး ကြိုးစားကြတာဖြစ်ပါတယ်၊ အာရှဗုဒ္ဓဘာသာဖွဲ့တယ်ဆိုတာကလည်း အဲ့ဒီရည်ရွယ်ချက်ပါပဲ၊ သာသနနုဂ္ဂဟအသင်းနဲ့ အာရှ-ပစိဖိတ်အသင်းတို့ ဘာသာသာသနာ ပူးပေါင်းဆောင်ရွက်ပြီး တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ လက်မှတ်ထိုး၊ သာသနာပြုအမှတ်တံဆိပ်တွေ ပေးအပ်တာပါ"ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း၏ ဌာနကြီးမှူး ဦးခင်မောင်ရင်က ပြောသည်။

ယင်းနောက် ဝဏ္ဏကျော်ထင် ဒေါက်တာခင်ရွှေက ကျေးဇူးတင်စကား ပြောကြားပြီး မြန်မာနိုင်ငံရှိ မြတ်ဗုဒ္ဓ၏ ဆံတော်ရှင်ကိန်းဝပ်စံပယ်ရာ စေတီသမိုင်းတို့ကို ထိုင်ဝမ်မှ မဟာယာန ဗုဒ္ဓဘာသာဝင်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ၁၆၄**

## ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန၏ (၆၅)နှစ်မြောက် အထိမ်းအမှတ် စာတမ်းဖတ်ပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန၏ (၆၅)နှစ်မြောက် အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉ နာရီက ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပခဲ့ပြီး ဒေသဆိုင်ရာဖွံ့ဖြိုးမှုအတွက် လက်တွေ့အသုံးချနိုင်သော စာတမ်းများ၊ ရေရှည်အကျိုးပြုနိုင်ရန် တွေ့ရှိချက်ရလဒ်များ တင်ပြထားသည့် သုတေသနစာတမ်းများကို ဖတ်ကြားခဲ့ကြသည်။

အဆိုပါ စာတမ်းဖတ်ပွဲဖွင့်ပွဲတွင် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန ပါမောက္ခ၊ ဌာနမှူး ဒေါက်တာနီလာကြူက အမှာစကားပြောကြားကာ ဒေါ်ခင်ခင်ဆွေက ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာန၏ သမိုင်းကြောင်းကို ရှင်းလင်းပြောကြားပြီး သုတေသနစာတမ်းများ အပါအဝင် စာတမ်း ၁၅ စောင်ကို စိတ်ပညာဌာနအသီးသီးမှ ပါမောက္ခများ၊ ဆရာ ဆရာမများက ဖတ်ကြားခဲ့ကြကြောင်း သိရသည်။

ဖွင့်ပွဲအခမ်းအနားသို့ အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ်၊ စိတ်ပညာဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများ၊ မြန်မာနိုင်ငံ စိတ်ပညာအသင်းဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနများမှ ပါမောက္ခများ၊ ကထိကများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



## မလိခမြစ်ကူး ရပ်ဘော့တံတား မကြာမီဖွင့်လှစ်တော့မည်

**နေပြည်တော် ဇန်နဝါရီ ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက် ညနေပိုင်းက ကချင်ပြည်နယ် ပူတာအိုခရိုင်အပိုင်း မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း မိုင် ၂၁၂/၀ အနီး ကတ္တရာလမ်းနှင့် လမ်းပခုံးပြုပြင်နေမှု အခြေအနေများ၊ မိုင် ၂၁၀/၀ အနီးရှိ မူလာရှီဒီးသံကူကွန်ကရစ်တံတား ကြံ့ခိုင်မှုအခြေအနေနှင့် တံတားရေလမ်းကြောင်း အခြေအနေများ၊ မိုင် ၁၉၂/၀ ရှိ တန်ဂျာတံတား ကြံ့ခိုင်မှု အခြေအနေ၊ တံတားချဉ်းကပ်လမ်း ရေတိုက်စားသွား၍ ပြန်လည်ပြုပြင်ထားမှုအခြေအနေ၊ တံတားရေလမ်းကြောင်းအခြေအနေနှင့် မိုင် ၁၉၀/၀ ရှိ ကတ္တရာလမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ဒုတိယနေ့တွင် ပူတာအို-မချမ်းဘော့-နောင်မွန်းလမ်းကို ဆက်လက်စစ်ဆေးရာ မိုင် ၄၆/၀ နှင့် ၄၈/၀ အနီး မလိခမြစ်ကမ်းလမ်း ရေတိုက်စားနိုင်မှု အခြေအနေနှင့် မိုးတွင်းကာလ၌ လမ်းသားပြိုကျလေ့ရှိသော နေရာများအား ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် မကြာမီဖွင့်လှစ်တော့မည့် မိုင် ၄၇/၀ ရှိ မလိခမြစ်ကူး ရပ်ဘော့တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❀*ကျောဖုံးမှ*

ပြုလုပ်ကိုင်ဆောင်ခြင်းဖြင့် NV Card ၏ အခွင့်အရေးများကို ရရှိကြမည်ဖြစ်ပြီး နေထိုင်သွားလာမှုများ ပိုမိုအဆင်ပြေလာစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကို လက်တွေ့ဖြေရှင်းဖြည့်ဆည်းပေးနိုင်ရန် ဌာနဆိုင်ရာများနှင့်လည်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး လက်ရှိ စခန်းကိုဖျက်သိမ်းကာ ပြန်လည်နေရာချထားရေးကို စနစ်တကျ ဆောင်ရွက်ရန် ညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇန်နဝါရီ ၂**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးဆက်လက် ထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# အခြားနိုင်ငံတွေမှာ ဘယ်လိုလုပ်သလဲ၊ ကိုယ်က ဘယ်အဆင့်လောက်ရှိနိုင်မလဲ၊ အခြားနိုင်ငံတွေက နည်းပညာတွေကို လေ့လာခွင့်ရတယ်၊ အတွေ့အကြုံတွေ အများကြီးရပါတယ်

## ၂၀၁၆ - ၁၇ ပညာသင်နှစ် နိုင်ငံတကာအဆင့် ပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံမေးမြန်းခြင်း


**မလေးရှားနိုင်ငံ Cyber Java Selangar ၌ စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပခဲ့သည့် ASEAN Makerthon 2017 Competition တွင် အာဆီယံနိုင်ငံများအပါအဝင် တရုတ်နှင့် ကိုရီးယားနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာနိုင်ငံက ဒုတိယဆုရရှိခဲ့သည်။ မြန်မာလူငယ်များ၊ ကျောင်းသား၊ ကျောင်းသူများ အားကျအတုယူနိုင်ကြစေရန် ဆုရရှိခဲ့ကြသူ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် (UIT) ပဉ္စမနှစ်ကျောင်းသား မောင်မင်းခန့်လင်း၊ မောင်ပြည့်ဖြိုးပိုင်တို့ကို တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။**

**မေး။ ။ သွားခဲ့တဲ့နိုင်ငံနဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲအကြောင်းကို သိချင်ပါတယ်။**

**မောင်မင်းခန့်လင်း** ဖြေ။ ။ ကျွန်တော်တို့ သွားရောက်ခဲ့တဲ့ ပြိုင်ပွဲကတော့ မလေးရှားနိုင်ငံမှာ ကျင်းပတဲ့ ASEAN Makerthon 2017 ကို ပါဝင်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ အချိန် ၂၈ နာရီအတွင်းမှာ သူတို့ပေးတဲ့ ခေါင်းစဉ်အောက်က Product တစ်ခုကို ထုတ်လုပ်ခိုင်းတဲ့ ပြိုင်ပွဲဖြစ်ပါတယ်။

**မေး။ ။ မလေးရှားနိုင်ငံမှာ သွားရောက်ယှဉ်ပြိုင်ဖို့ကို ဒီနိုင်ငံမှာ ပဏာမအနေနဲ့ ဘယ်လိုရွေးချယ်ခဲ့တယ်ဆိုတာကိုလည်း ပြောပြပေးပါဦး။**

**မောင်ပြည့်ဖြိုးပိုင်** ဖြေ။ ။ ဒီပြိုင်ပွဲအကြောင်းကို ကျွန်တော်တို့ကျောင်းမှာ ဆရာမက ပြောပြခဲ့တာပါ။ မလေးရှားနိုင်ငံက ဦးဆောင်ပြီး အာဆီယံနိုင်ငံတွေအပါအဝင် တရုတ်နဲ့ ကိုရီးယားတို့ပါဝင်ပါတယ်။ မလေးရှားနိုင်ငံက မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ကို ဆက်သွယ်တယ်။ အဲဒီကတစ်ဆင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ နည်းပညာတက္ကသိုလ်တွေကို အကြောင်းကြားတာဖြစ်ပါတယ်။ နည်းပညာတက္ကသိုလ်တွေက အဖွဲ့တွေနဲ့ ပြည်တွင်းပြိုင်ပွဲလေးတွေ လုပ်ပါတယ်။ သုံးယောက်အဖွဲ့က ငါးဖွဲ့၊ နှစ်ယောက်အဖွဲ့က သုံးဖွဲ့လောက်ပါတယ်။ ကိုယ့်ရဲ့စိတ်ကူး၊ ပရောဂျက်ကို အရင် Presentation လုပ်ခိုင်းပါတယ်။ အမှတ်ပေးပြီး ပထမ၊ ဒုတိယ နှစ်သင်းရွေးတယ်။ UCSY က သုံးယောက်တစ်ဖွဲ့နဲ့ UIT က နှစ်ယောက်တစ်ဖွဲ့၊ ပထမနဲ့ ဒုတိယကို မလေးရှားနိုင်ငံကို စေလွှတ်တာဖြစ်ပါတယ်။



ASEAN Makerthon 2017 ကို ဝင်ရောက်ယှဉ်ပြိုင်စဉ်။

**မေး။ ။ မလေးရှားနိုင်ငံမှာ ယှဉ်ပြိုင်ဖြစ်ခဲ့ပုံကို ရှင်းပြပေးပါ။**

**မောင်ပြည့်ဖြိုးပိုင်** ဖြေ။ ။ ASEAN Makerthon လို့ ခေါင်းစဉ် တပ်ထားပေမယ့် အာဆီယံနိုင်ငံတွေအပြင် တရုတ်နဲ့ တောင်ကိုရီးယားကိုလည်း ဧည့်သည်အနေနဲ့ ဖိတ်ခေါ်ပြိုင်ပွဲဝင်ခိုင်းခဲ့ပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာ လာအိုနိုင်ငံကတော့ လေ့လာရေးအနေနဲ့ပဲ လာရောက်ခဲ့တာဆိုတော့ ၁၁ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။

**မေး။ ။ ဆုတွေကို ဘယ်နိုင်ငံတွေက ရခဲ့တာလဲ ။**

**မောင်မင်းခန့်လင်း** ဖြေ။ ။ အဓိက သူတို့ပေးတဲ့ ခေါင်းစဉ်ကတော့ Internet of Things (IOT) အင်တာနက်နဲ့ ချိတ်ဆက်ပြီး သုံးလို့ရတဲ့ ပစ္စည်းတစ်ခု လုပ်ခိုင်းပါတယ်။ Agriculture၊ Health Care နဲ့ Smart City ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ယှဉ်ပြိုင်ရတာဖြစ်ပါတယ်။ ကျွန်တော်တို့က Smart City ကို ရွေးချယ်ခဲ့တာပါ။ Smart City ဆိုတာ နိုင်ငံတကာမှာတော့ အသုံးဝင်နေတယ်။ ဒီမှာတော့ သိပ်ပြီး သုံးလေ့မရှိသေးဘူး။ တချို့နေရာတွေမှာ အိမ်ရာအကြီးတွေ ၊ ကွန်ဒိုတွေမှာ ကားတစ်စီးဝင်သွားတယ်။ ID တစ်ကတ်ပေးတယ်၊ ဝင်ချိန်၊ ထွက်ချိန်မှတ်ထားတယ်။ လူအစောင့်ထားစရာမလိုဘူး။ အဲဒီပုံစံနဲ့ သဘောတရားတူတယ်။ ကျွန်တော်တို့ အခုပရောဂျက် Smart Home မှာဆိုရင် ပြတင်းပေါက်တွေ ဖွင့်တာ၊ ပိတ်တာမျိုးကို ကိုယ်တိုင်လုပ်စရာ မလိုတော့ဘူး။

Smart Home System Control ကို သုံးမယ်ဆိုရင် တစ်ကမ္ဘာလုံး ဘယ်ကိုရောက်နေပါစေ အင်တာနက်ရှိမယ်ဆိုရင် ဖုန်းကနေတစ်ဆင့် မက်ဆေ့လှမ်းပို့ပြီး ဖွင့်ချင်တယ်၊ ပိတ်ချင်တယ်၊ မီးအဖွင့်အပိတ်၊ တံခါး၊ ခန်းဆီးလိုက်ကာ၊ အဲကွန်းအဖွင့်အပိတ်တွေကို ထိန်းချုပ်လို့ရတယ်။ အိမ်ရဲ့အပူချိန်၊ စိုထိုင်းဆတွေကိုလည်း ဖုန်းကနေ လှမ်းကြည့်လို့ရတယ်။ မီးလောင်နိုင်လောက်တဲ့ အပူချိန်မျိုးရှိတယ်ဆိုရင် အဲဒီဖုန်းကနေ မက်ဆေ့လှမ်းပို့နိုင်ပါတယ်။ အဲဒီလို Functions မျိုးတွေ ထည့်ထားတယ်။

ပထမဆုကို တရုတ်နိုင်ငံက ရရှိသွားခဲ့တာဖြစ်ပါတယ်။ သူတို့က ဟင်းသီးဟင်းရွက်တွေကို အွန်လိုင်းက ဝယ်ရင် လတ်၊ မလတ် မသိရဘူး။ အဲဒီလို ဖြစ်တာကို ကာကွယ်တဲ့အနေနဲ့ ရေခဲပုံးတွေမှာ Sensor တွေတပ်ပြီး ဒီဟင်းသီးဟင်းရွက်တွေက အအေးချိန်နဲ့ ဘယ်လောက်ကြာရင် လတ်ဆတ်မှု ဘယ်လောက်ရှိတယ်။ မှာလိုက်မယ်ဆိုရင် ဘယ်လောက်ကြာမယ်၊ လတ်ဆတ်မှုဘယ်လောက်ရှိမယ်ဆိုတာကို တွက်ချက်ပြီး အင်တာနက်စာမျက်နှာမှာ တစ်ခါတည်းတင်ပေးထားတယ်။ သူတို့က အဲဒီ System နဲ့ ပြိုင်တာဖြစ်ပါတယ်။ ဒုတိယကို ကျွန်တော်တို့ မြန်မာနဲ့ တတိယကို အိမ်ရှင်မလေးရှားနိုင်ငံက ရပါတယ်။

သူတို့ကတော့ အပင်တွေ၊ အဖူးတွေ၊ အပွင့်တွေကို ဒရုန်းနဲ့ အပေါ်ကနေ ကင်မရာနဲ့ ရိုက်တယ်။ လူမထားတော့ဘူး။ အဖူးဘယ်နှခုရှိတယ်။ နောက်နေ့မှာ အရောင်ဘယ်လို ပြောင်းသွားတယ်။ Image Processing နဲ့ ဖမ်းထားတယ်။ အပွင့်တွေနည်းနေရင် ရေလောင်းမယ်၊ မြေသြဇာကျွေးမယ်၊ အဲဒီလိုစနစ်နဲ့ထည့်ရေးထားတယ်။ ကားအသေးလေးနဲ့လူကိုယ်တိုင် လျှောက်ကြည့်စရာမလိုတော့ဘူး။ ဒရုန်းကနေ စိုက်ကွင်းတစ်ခုလုံးကို ထိုင်လျက်နဲ့ ကြည့်နိုင်အောင် လုပ်ထားတယ်။

**မေး။ ။ ပြိုင်ပွဲအတွက် ဘယ်လိုတွေ ပြင်ဆင်သွားခဲ့တာလဲဆိုတာကိုလည်း ရှင်းပြပေးပါဦး။**

**မောင်ပြည့်ဖြိုးပိုင်** ဖြေ။ ။ ဒီပြိုင်ပွဲမဝင်ခင်မှာ ကျွန်တော်တို့ ကျောင်းတွင်းပြိုင်ပွဲတစ်ခုရှိခဲ့တယ်။ UIT Open Compus ပေါ့။ အဲဒီမှာလည်း ကျွန်တော်တို့က ပရောဂျက်လေးတွေလုပ်ပြီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့တယ်ဆိုတော့ အဲဒီက အတွေ့အကြုံတွေလည်း ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့က ကိုယ်လုပ်ထားတဲ့ အတွေ့အကြုံနဲ့ပဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။

**မေး။ ။ ပြိုင်ပွဲအတွက် ပစ္စည်းတွေ ဘယ်လိုတွေ ပြင်ဆင်ဆောင်ရွက်ခဲ့တယ်ဆိုတာကိုလည်း သိချင်ပါတယ်။**

**မောင်မင်းခန့်လင်း** ဖြေ။ ။ အဲဒီပြိုင်ပွဲအတွက် ကိုယ်လိုမယ်ထင်တဲ့ ပစ္စည်းတွေကို ကြိုတင်ပြီး ဝယ်လာခိုင်းပါတယ်။ ဒီဇိုင်းတွေ ၊ စိတ်ကူးတွေလည်း စဉ်းစားခိုင်းပါတယ်။ ကျွန်တော်တို့က ဒီမှာ အဲဒီပရောဂျက်ကလုပ်လက်စ၊ အရင် Open Compus မှာ ပြဖူးတယ်။ အဲဒီဒီဇိုင်းကိုပဲ အထဲမှာ Circuit တွေ ပြန်ပြင်တယ်။ အာဆီယံအဆင့် သွားပြိုင်ရမယ်ဆိုတော့ ပြန်စဉ်းစားတယ်။ ဟိုမှာ သူတို့ ထောက်ပံ့ပေးတဲ့ ပစ္စည်းတွေရှိသလို လိုတဲ့ပစ္စည်းတွေကို ဒီကနေ ထပ်ဝယ်သွားတယ်။ အိမ်ပုံစံလေးဆောက်လုပ်တယ်။

**မေး။ ။ တွေ့ကြုံခဲ့ရတဲ့ အခက်အခဲရှိရင်လည်း ပြောပြပေးပါဦး။**

**မောင်ပြည့်ဖြိုးပိုင်** ဖြေ။ ။ သူတို့က အချိန် ၂၈ နာရီအတွင်းမှာပဲ ဆောင်ရွက်တာ ဖြစ်စေချင်တယ်။ ပစ္စည်းတွေ ကြိုဝယ်လာလို့ ရတယ်ဆိုပေမယ့်လည်း ကြိုဆင်လာတာတို့၊ အိမ်တန်းဆောက်လာတာတို့တော့ မရပါဘူး။ အဓိက အခက်အခဲက ပေးတဲ့ပစ္စည်းတွေမှာ ကျွန်တော်တို့ လိုအပ်တဲ့ပစ္စည်း မရှိတာမျိုးတွေ ဖြစ်တတ်တယ်။ အဲဒီလိုမရှိလို့ ကျွန်တော်တို့ ပရောဂျက်မှာ မထည့်လိုက်ရတာတွေလည်း ရှိခဲ့တယ်။ အဲဒီတော့ လိုတာကို ကျွန်တော်တို့ ဒီမှာကတည်းက ကြိုစဉ်းစားမှုရမယ်။ တချို့ပစ္စည်းတွေ ဆိုရင် ကျွန်တော်တို့ ပျက်သွားတာမျိုးတွေ ရှိတယ်။ အဲဒီအခါ ဘယ်လိုပြန်ပြီးအစားထိုးမလဲ၊ ဘယ်လိုလုပ်လို့ ရနိုင်မလဲဆိုတာ စဉ်းစားရတာတွေ ရှိတယ်။ အဲဒီလို အခက်အခဲတွေတော့ရှိတယ်။ ဒီမှာ ကျွန်တော်တို့ သုံးထားတဲ့စက်နဲ့ သူတို့ ထောက်ပံ့ပေးတဲ့ပစ္စည်းတွေနဲ့ မကိုက်တာတို့ အဲဒီလို အခက်အခဲတွေတော့ရှိပါတယ်။

**မေး။ ။ ဒီလို ပြိုင်ပွဲတွေကနေ မိမိအတွက်၊ မိမိကျောင်း၊ မိမိပတ်ဝန်းကျင်၊ နိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေ ရရှိခဲ့ပါသလဲ။**

**မောင်မင်းခန့်လင်း** ဖြေ။ ။ အဓိကရတဲ့ အကျိုးကျေးဇူးက အာဆီယံအဆင့်တွေက လာပြိုင်တယ်ဆိုတော့ သူတို့နိုင်ငံတွေက ဘယ်လိုနည်းပညာတွေနဲ့ လာပြိုင်သလဲ။ သူတို့နိုင်ငံတွေက နည်းပညာအဆင့်အတန်းကို သိရပါတယ်။ ကိုယ့်နိုင်ငံနဲ့ ဘယ်လောက်ကွာသလဲ ယှဉ်ကြည့်လို့ရတယ်။ သူတို့ဆီမှာ ဘယ်လောက်ဖွံ့ဖြိုးတိုးတက်နေသလဲ။ တရုတ်နိုင်ငံက ကျောင်းသားတွေဆိုရင် နည်းပညာပိုင်းမှာ တကယ့်ကို ပရော်ဖက်ရှင်နယ် အဆင့်နီးပါးလောက်ကို ဖြစ်နေတယ်။ သူတို့သုံးတဲ့ Device အချို့ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ မြင်တောင် မမြင်ဖူးဘူးဆိုတော့ အခြားနိုင်ငံက နည်းပညာတွေကို ကျွန်တော်တို့ လေ့လာခွင့်ရခဲ့ပါတယ်။

**မောင်ပြည့်ဖြိုးပိုင်** ဖြေ။ ။ ပထမဆုံးအနေနဲ့ကတော့ ကိုယ်တိုင်အကျိုးရှိပါတယ်။ နိုင်ငံခြားသွားရတယ်၊ သူများတွေ ဘယ်လိုလုပ်သလဲ သိနိုင်ပါတယ်။ အခြားနိုင်ငံတွေမှာ ဘယ်လိုလုပ်သလဲ၊ ကိုယ်က ဘယ်အဆင့်လောက်ရှိနိုင်မလဲ၊ အခြားနိုင်ငံတွေက နည်းပညာတွေကို လေ့လာခွင့်ရတယ်၊ အတွေ့အကြုံတွေ အများကြီး ရပါတယ်။

**မေး။ ။ ရှေ့ဆက်လက်ပြီးတော့ ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတာလည်း သိရှိလိုပါတယ်။**

**မောင်မင်းခန့်လင်း** ဖြေ။ ။ ကျွန်တော်တို့ အခုလို ပြိုင်ပွဲတွေ ဝင်ပြိုင်တယ်၊ ဆုတွေရတယ်ဆိုတော့ ကျွန်တော်တို့ ယုံကြည်မှုတွေ ပိုရှိလာပါတယ်။ ရှေ့ဆက်ဖို့လည်း အားအင်ပိုဖြစ်လာပါတယ်။ နောက်ပိုင်းလည်း အဲဒီလို ပြိုင်ပွဲတွေက နှစ်တိုင်းရှိနေမှာပါ။ မြန်မာနိုင်ငံမှာလည်း နည်းပညာနဲ့ပတ်သက်တဲ့ ပြိုင်ပွဲတွေကို ကျောင်းတိုင်းက ဝင်ပြိုင်ဖို့ တိုက်တွန်းလာကြပြီ၊ တက်ကြွလာကြပြီဆိုတော့ တိုးတက်ဖို့ အခြေအနေပေးနေပါပြီ။ နိုင်ငံတော်ကလည်း အခုလို ဆုရတဲ့ ကျောင်းသားလူငယ်တွေကို ဆုတွေပေးတယ်ဆိုတော့ ကျွန်တော်တို့လည်း ကြိုးစားဖို့ အားတွေ ရှိလာပါပြီ။

**မောင်ပြည့်ဖြိုးပိုင်** ဖြေ။ ။ ကျွန်တော်တို့ အခုလို ပြိုင်ပွဲတွေမှာ ဝင်ပြိုင်ကြည့်တယ်။ ပထမဆုံး ပြိုင်ပွဲဆိုတော့ နည်းနည်းတော့ အခက်အခဲရှိပါတယ်။ အတွေ့အကြုံရအောင်ဆိုပြီး ဝင်ပြိုင်ကြည့်တယ်။ ပြည်တွင်းပြိုင်ပွဲလေးတွေမှာ အတွေ့အကြုံတွေ စုစုပြီး အခုလို နိုင်ငံတကာပွဲတွေမှာ သွားပြိုင်တဲ့အခါ အများကြီးအထောက်အကူရပါတယ်။

**မေး။ ။ အခုလို နိုင်ငံတကာပွဲတွေ ဝင်ပြိုင်တဲ့အခါ အရေးကြီးဆုံးအချက်က ဘာဖြစ်မယ်ထင်ပါသလဲ။**

**မောင်မင်းခန့်လင်း** ဖြေ။ ။ အရင်တုန်းက ကွန်ပျူတာအကြောင်း၊နည်းပညာအကြောင်းလို့ ပြောလိုက်ရင် လူတွေက ဘာမှန်းမသိကြဘူး။ အခုလို ပြပွဲ၊ ပြိုင်ပွဲတွေလုပ်တယ်ဆိုတော့ လူငယ်တွေက နည်းပညာဆိုတာ ဘာလဲဆိုတာ သိလာကြတယ်။ အရင်တုန်းကဆိုရင် သူများနိုင်ငံက တီထွင်တာကို ကျွန်တော်တို့ ယူသုံးနေရတယ်။ ကိုယ့်နိုင်ငံက တီထွင်နိုင်တဲ့ နည်းပညာကို ပိုင်ဆိုင်မှ နိုင်ငံက တိုးတက်မှာ။ ဒါကြောင့် နောက်လာမယ့် လူငယ်တွေက သူများထွင်တာကို သုံးဖို့ထက် ကိုယ်တိုင်ထွင်နိုင်ဖို့ ကြိုးစားရမယ်။



မောင်ပြည့်ဖြိုးပိုင်၊ မောင်မင်းခန့်လင်းတို့အား တွေ့ဆုံမေးမြန်းစဉ်။

*စာမျက်နှာ ၉ သို့*



နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာလှေသဘင်ပွဲတော်ကို မွန်ပြည်နယ် ရေးမြို့ ရှေးဟောင်း ကျုံးတော်ကြီးထဲ၌ ဇန်နဝါရီ ၂ ရက်က ကျင်းပရာ မြန်မာ့ရိုးရာလှေသဘင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်စဉ်။ နေမျိုးထွဋ်(ရေး)






*စာမျက်နှာ ၈ မှ*

**မောင်ပြည့်ဖြိုးပိုင်** ဖြေ။ ။ နိုင်ငံခြားမှာ သွားပြိုင်ဖို့ဆိုရင် အရင်ဆုံး ကိုယ့်ဝမ်းစာကို အရင်ဖြည့်ရမယ်။ ပြည်တွင်း ပြိုင်ပွဲတွေမှာ ဝင်ပြိုင် ၊ အတွေ့အကြုံစုပေါ့ ။ ပြီးရင် အင်္ဂလိပ်စာတို့ ၊ Presentation Skill တို့ကလည်း လိုအပ်ပါတယ်၊ လေ့လာထားရပါမယ်။ ကိုယ်တီထွင်ထားပေမယ့်လည်း ကိုယ်လုပ်ထားတာကို ကုန်အောင် မပြောနိုင်ဘူးဆိုရင် အများနားလည်မှာ ၊ သိမှာ မဟုတ်ပါဘူး။

**မောင်မင်းခန့်လင်း** ဖြေ ။ အခုပြိုင်ပွဲမှာဆိုရင် Presentation လုပ်ဖို့ကို သူတို့က ၃ မိနစ်ပဲအချိန်ပေးတယ်။ ၃ မိနစ်အတွင်းမှာ ကုန်အောင်ပြောနိုင်ရမယ်။ အဲဒီမှာ ပထမဆုရသွားတဲ့ တရုတ်နိုင်ငံက သုံးယောက်အဖွဲ့ဆိုရင် တစ်ယောက်က ကောင်မလေး၊ အဲဒီကောင်မလေးက Presentation ပြောဖို့ သီးသန့်ပြင်ဆင်လာတယ်။ ပြီးတော့ အင်္ဂလိပ်လိုပြောတာလည်း တော်တော်ကျွမ်းကျင်တယ်။ ကျန်တဲ့ယောကျ်ားလေး နှစ်ယောက်က ဒီဇိုင်းတွေဆွဲတယ်၊ Circuit တွေဆင်တယ်၊ သူတို့က လူညီကြတယ်။ ဒီဇိုင်းပိုင်းတစ်ယောက်၊ Circuit ပိုင်းတစ်ယောက်၊ Presentation လုပ်ဖို့ တစ်ယောက် လူစုပြီးလာကြတော့ သူတို့က ပြည့်စုံသွားတာပေါ့။

**မေး။ ။ နောက်နှစ်တွေမှာ ဝင်ပြိုင်မယ့် ညီငယ်၊ ညီမငယ်တွေကို ဘာများ အကြံပြုပြောချင်ပါသလဲ။**

**မောင်မင်းခန့်လင်း** ဖြေ။ ။ ကျွန်တော်တို့ နှစ်ယောက်ဆိုရင် Circuit ပိုင်းက နှစ်ယောက်ပေါ့။ အဲဒီလိုမဟုတ်ဘဲနဲ့ ဒီဇိုင်းကျွမ်းကျင်တဲ့သူ၊ Circuit ကျွမ်းကျင်တဲ့သူ၊ Presentation ကျွမ်းကျင်တဲ့သူတွေစုပြီး အသင်းဖွဲ့ဖို့ တိုက်တွန်းချင်တယ်။ အဲဒါမှ Perfect ဖြစ်မှာပေါ့။

**မောင်ပြည့်ဖြိုးပိုင်** ဖြေ။ ။ သက်ဆိုင်ရာ နယ်ပယ်တစ်ခုခုမှာ ကျွမ်းကျင်တဲ့သူတွေ စုမယ်ဆိုရင်တော့ ပိုပြီးအဆင်ပြေပါမယ်။ ကိုယ်လုပ်မယ့် ပရောဂျက်မှာ လိုအပ်မယ့်ပစ္စည်းတွေကိုလည်း သေချာစဉ်းစားပြင်ဆင်သွားဖို့ လိုပါတယ်။ ကိုယ့်နိုင်ငံမဟုတ်တော့ ဘယ်နေရာ ဘာဝယ်ရမယ်ဆိုတာ မသိဘူးပေါ့။ ဥပမာ ကျွန်တော် Sensor တစ်ခုပျက်သွားတယ်။ သူတို့ဆီက Sensor က ကျွန်တော်တို့နဲ့ မကိုက်ဘူးဖြစ်နေတယ်။ ကံကောင်းတာက အပိုတစ်ခုပါလာတယ်။ အဲဒီလိုမှ မဟုတ်ရင် ကျွန်တော်တို့ ဝင်ပြိုင်တဲ့ အိမ်မှာ အပူချိန်တိုင်းတဲ့ ကိရိယာတစ်ခုလျော့သွားပြီး အပူချိန်ကို မသိတော့ဘူး ဖြစ်မှာပေါ့။ အဓိက ပြောချင်တာက ကိုယ်လိုအပ်မယ့် ပစ္စည်းတွေကို ပိုပိုသာသာယူသွားဖို့ အကြံပြုချင်ပါတယ်။

**မေး။ ။ မျိုးဆက်သစ်လူငယ်မောင်မယ်တွေကို စကားလက်ဆောင်ပါးပေးပါဦး။**

**မောင်မင်းခန့်လင်း** ဖြေ ။ မျိုးဆက်သစ်လူငယ်မောင်မယ်တွေကို ပြောချင်တဲ့စကားက ကြိုးစားကြပါ။ ကြိုးစားမှုလည်း နိုင်ငံကတိုးတက်မှာပါ။ အခုခေတ်မှာ တော်တော်များများက တက္ကသိုလ်ရွေးမယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းကို ကြည့်တာများကြတယ်။ ကျွန်တော်တို့ မေဂျာ Circuit ပိုင်းက ဒီနိုင်ငံမှာ မဖွံ့ဖြိုးသေးဘူးပေါ့။ ကျောင်းသားတွေ တော်တော်များများက ဒီမေဂျာကို ယူလိုက်ရင် အဆင်ပြေပါ့မလား၊ အလုပ်အကိုင်ရော ရပ့ါမလားတွေးကြတယ်။ ကိုယ်သာတော်ရင် အလုပ်က ကိုယ့်ဆီရောက်လာမှာပါလို့ ပြောချင်ပါတယ်။

**မောင်ပြည့်ဖြိုးပိုင်** ဖြေ။ ။ ကျွန်တော့်အနေနဲ့ပြောချင်တာက မွေးကတည်းက တော်လာတယ်ဆိုတာ ဘယ်သူမှ မရှိပါဘူး။ ကျွန်တော်တို့ အနေနဲ့လည်း ထူးချွန်တယ်လို့သာ အများသတ်မှတ်နေပေမယ့် ကိုယ့်ကိုယ်ကိုယ် အဲဒီလိုမယူဆထားပါဘူး။ ကျွန်တော်တို့ လေ့လာစရာတွေ၊ လုပ်စရာတွေ အများကြီး ရှိပါသေးတယ်။ နည်းပညာဆိုတာ ရပ်နေတာမဟုတ်ဘူး၊ အမြဲတမ်းသွားနေတာဆိုတော့ လိုက်နေရမှာပါ။ အဓိကကတော့ ကြိုးစားဖို့၊ ကိုယ်စိတ်ဝင်စားတာကို ပိုင်နိုင်သေချာအောင် လုပ်ဖို့၊ အခုခေတ်ဆိုရင် လေ့လာရတာ အတော်လွယ်ပါတယ်။ ဘာကိုမဆို အင်တာနက်က ရိုက်ပြီး ရှာလို့ ရပါတယ်။ ကိုယ်ရှာနိုင်သလောက်ရတဲ့ခေတ်မှာ ကြိုးစား ကြပါလို့ ပြောချင်ပါတယ်။

**မေး။ ။ ပြိုင်ပွဲမှာ ဆုရရှိတယ်လို့ ကြေညာတော့ ရင်ထဲမှာ ဘယ်လိုဖြစ်သွားပါသလဲ၊ နောက်ပြီး ပြိုင်ပွဲမှာ အမှတ်တရတွေ ရှိရင်လည်း သိချင်ပါတယ်။**

**မောင်မင်းခန့်လင်း** ဖြေ။ ။ ဆုတွေကို မကြေညာခင်မှာ ပျော်စရာကောင်းအောင် ဆုအသေးလေးတွေ အရင် စပြီးကြေညာပါတယ်။ မြန်မာတော့ မပါသေးဘူးပေါ့။ ကျွန်တော်တို့ ရင်တော့ခုန်နေပါတယ်။ သူတို့က တတိယဆုကို အရင်စပြီး ကြေညာပါတယ်။ မလေးရှားပေါ့၊ အိမ်ရှင်နိုင်ငံက ရသွားပါတယ်။ ကျွန်တော်တို့ ဒုတိယလေးများ ရမလားဆိုပြီး ရင်တော့ခုန်နေပါတယ်။ အဲဒီအချိန်မှာ ဆုမကြေညာခင်မှာ ခန့်မှန်းလို့ရအောင် သဲလွန်စလေးတွေပေးပါတယ်။ အဲဒီအဖွဲ့နိုင်သွားတယ်ဆိုပြီး အိမ်ပုံစံလေးကို သဲလွန်စပေးပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ လုပ်ထားတဲ့ ပရောဂျက်ဆိုပြီး သိတော့နေပြီပေါ့။ ဆုကြေညာတဲ့အချိန်မှာ တော်တော်ကို ဝမ်းသာပါတယ်။ မြန်မာနိုင်ငံကိုယ်စားပြုပြီး နည်းပညာနဲ့ သွားပြိုင်တယ်ဆိုတော့ ကျွန်တာ်တို့ မှန်းတော့ မထားပါဘူး။ အကောင်းဆုံးတော့ ပြင်ဆင်သွားတယ်။ ဒါပေမယ့် မြန်မာနိုင်ငံက နည်းပညာပိုင်းမှာ မဖွံ့ဖြိုးသေးတဲ့အတွက် အခြားနိုင်ငံတွေနဲ့ယှဉ်ရင်နောက်ကျမှာကို စိုးရိမ်မိပါတယ်။ ဒါပေမယ့် အကောင်းဆုံး လုပ်ပြနိုင်ခဲ့ပြီး အခုလို ဒုတိယဆုရခဲ့တဲ့အတွက် အတော့်ကို ပျော်ရွှင်မိပါတယ်။

**မေး။ ။ ပြိုင်ပွဲနဲ့ ပတ်သက်ပြီး ထပ်ဖြည့်ပြောစရာရှိရင်လည်း ဖြည့်စွက်ပြောကြားပေးပါဦး။ ကျေးဇူးတင်ထိုက်သူတွေရှိရင်လည်း ပြောပြပေးပါ။**

**မောင်မင်းခန့်လင်း** ဖြေ။ ။ ဒီနှစ်မှာ ကျွန်တော်တို့ နိုင်ငံက ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်တယ်၊ ဆုလည်းရခဲ့တယ်။ အာဆီယံအဆင့်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံက အဆင့်တစ်ခုရှိတယ်။ အခြားနိုင်ငံတွေကို ယှဉ်နိုင်တယ်ဆိုတော့ ဂုဏ်ယူလို့ရပါတယ်။ နောက် ပြိုင်ပွဲတွေမှာလည်း အခုလို ဂုဏ်ယူခွင့်ရအောင်ဝင်ပြီး ပြိုင်စေ ချင်တယ်။ အဲဒီလို ပြိုင်ဖို့ နိုင်ငံအနေနဲ့ရော ကျောင်းတွေကပါ ကူညီပံ့ပိုးပေးနိုင်ဖို့ တိုက်တွန်းချင်ပါတယ်။

**မောင်ပြည့်ဖြိုးပိုင်** ဖြေ။ ။ ကျွန်တော်တို့ အခုလို ပရောဂျက်တွေ လုပ်ဖို့ဆိုတာ ငွေကုန်ကြေးကျ အတော်များပါတယ်။ တစ်ဖွဲ့မှာ ခြောက်ယောက်ရှိတယ်ဆိုရင် တစ်ယောက်ကို တစ်သောင်းထည့်ပြီး လိုအပ်တဲ့ပစ္စည်းလေးတွေ ဝယ်ရပါတယ်။ ဒါပေမယ့် အခုလို ပြိုင်ပွဲကြီးတွေအတွက်ဆိုရင် ကောင်းတဲ့ပစ္စည်းတွေကို သုံးမှ ရမှာပေါ့။ သေးသေးလေးလည်း မဖြစ်ဘူး။ အဲဒီအခါ သုံးရမယ့် ကုန်ကျစရိတ်က အတော်များပါတယ်။ အဲဒါမျိုးတွေကို နိုင်ငံတော်က၊ကျောင်းက ထောက်ပံ့ပေးနိုင်ရင် ပိုပြီးအဆင်ပြေပါတယ်။ အခုဒီပြိုင်ပွဲမှာ ကျွန်တော်တို့ လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ဖို့နဲ့ အသုံးစရိတ်တွေကို မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ကူညီတာဖြစ်ပါတယ်။

နိုင်ငံတော်အနေနဲ့ လုပ်မယ်ဆိုရင် ဒီထက်ပိုကြီးတာ ရနိုင်ပါတယ်။ ကျွန်တော်တို့ ကျောင်းသားဘဝမှာ အမြဲတမ်းကြားနေရတာတစ်ခုက အချို့ကျောင်းတွေဆိုရင် Lab ခန်းဆိုပေးမဝင်ဘူး။ ပစ္စည်းတွေက တန်ဖိုးကြီးတော့ နှမြောတာတွေလည်း ရှိနိုင်တာပေါ့။ မသုံးရဘူးဆိုပြီးတော့လည်း ရှိပါတယ်။ အဲဒါမျိုးတွေကို နည်းနည်းတော့ လျော့စေချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လုပ်မှကိုင်မှ တတ်မှာပါ။ ကျွန်တော်တို့ ကျောင်းမှာကတော့ K Lab လာဖွင့်ထားတော့ အဲဒီမှာ စိတ်ကြိုက်သုံးခွင့်ပေးတယ်။ ပျက်ရင်လည်း ဘာမှမဖြစ်ဘူး။ အဲဒီလိုရှိတော့ ကျွန်တော်တို့က လုပ်တတ်၊ ကိုင်တတ်လာတာပေါ့။ ကျွမ်းကျင်လာတယ်။ အဲဒီလို ကျွမ်းကျင်မှုတွေ၊ အတွေ့အကြုံတွေနဲ့ နိုင်ငံခြားမှာသွားပြိုင်တော့ ပိုပြီးအဆင်ပြေတာဖြစ်ပါတယ်။

**မောင်မင်းခန့်လင်း** ဖြေ ။ ကျွန်တော်တို့ကို ကျောင်းမှာ Open Compus ပြိုင်ပွဲတွေမှာ ဝင်ပြိုင်စေချင်တယ်။ ပရောဂျက်တွေလုပ်စေချင်လို့ ဖိအားတွေပေးတဲ့ ကျွန်တော်တို့ ဆရာမ ဒေါ်ခင်ထားနွယ်ကိုလည်း ကျေးဇူးတင်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့လည်း ဝင်ပြိုင်ဖြစ်တယ်၊ အတွေ့အကြုံတွေရခဲ့တယ်။ ကျောင်းမှာလည်း အခြားနိုင်ငံတွေက ပညာရှင်တွေ ဖိတ်ခေါ်ပြီး Seminar တွေ အများကြီးလုပ်ပေးတဲ့၊ ပြိုင်ပွဲတွေ ဖိတ်ခေါ်ပေးတဲ့ ကျွန်တော်တို့ ပါမောက္ခချုပ် ဒေါ်စောစန္ဒာအေးကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကို ဝိုင်းဝန်းကူညီပေးခဲ့တဲ့ သူငယ်ချင်းတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ အခုလုပ်တဲ့ ပရောဂျက်အစအဆုံး လိုအပ်တဲ့ပစ္စည်းတွေကို K Lab က ပေးတာဖြစ်ပါတယ်။ ဒါကြောင့် K Lab ကိုလည်း ကျေးဇူးတင်ပါတယ်။




ASEAN Makerthon 2017 တွင် ဒုတိယဆုရရှိသည့် မြန်မာနိုင်ငံသား မောင်မင်းခန့်လင်းနှင့် မောင်ပြည့်ဖြိုးပိုင်

## အရက်သောက်ခြင်းကြောင့် ဖြစ်တတ်သောနောက်ဆက်တွဲ ကျန်းမာရေးပြဿနာများ ကာကွယ်ရေးနှိုးဆော်ချက်

အရက်သောက်သုံးခြင်းကြောင့် - အသည်းရောင်ခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းကင်ဆာဖြစ်ခြင်း၊ သွေးအန်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ ဦးနှောက်နှင့် အာရုံကြောရောဂါဖြစ်ခြင်း၊ ပန်းသေပန်းညှိုးဖြစ်ခြင်း၊ သားသမီးမရခြင်းတို့ဖြစ်ပါသည်။ စိတ်ကျန်းမာရေးဆိုင်ရာပြဿနာအနေဖြင့် -

- စိတ်ဖောက်ပြန်ခြင်း
- စိတ်ကြွစိတ်ကျရောဂါဖြစ်ခြင်း
- မိမိကိုယ်ကိုသတ်သေရန် ကြိုးစားခြင်းနှင့်သတ်သေခြင်း
- သံသယလွန်ခြင်း
- အတက်ရောဂါဖြစ်ခြင်း
- ညအိပ်မပျော်ရောဂါရရှိခြင်း
- မှတ်ဉာဏ်လျော့ပါးပျက်စီးခြင်း
- ဦးနှောက်ပျက်စီး၍ သူငယ်ပြန်ရောဂါဖြစ်ခြင်းတို့ဖြစ်တတ်ပါသည်။

အရက်မူးခြင်းကြောင့် ရာဇဝတ်မှုများကို ဆင်ခြင်မှုကင်းမဲ့စွာ ပြုမူတတ်ပြီး လူမှုရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးများ ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးထိခိုက်မှုများ မဖြစ်ပေါ်စေရန် အရက်သောက်သုံးမှုမှရှောင်ကြဉ်ရန်တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် ဇန်နဝါရီ ၂**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များမှ IDP စခန်းကိစ္စရပ်များနှင့် လွတ်လပ်စွာသွားလာခွင့်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးဆိုင်ရာ ကော်မတီ၏ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များမှ IDP စခန်းကိစ္စရပ်များနှင့် လွတ်လပ်စွာ သွားလာခွင့်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေး အစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့ တက်ရောက်အမှာစကားပြောကြားသည်။

**အကျိုးဖြစ်ထွန်းစေမည်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ်က တည်ရှိခဲ့သော IDP စခန်းများသည် ဘေးဖြစ်စဉ်များကြောင့် ခေတ္တနေထိုင်ရာစခန်းများသာ ဖြစ်သင့်သော်လည်း ယခုအခါ ငါးနှစ်ကျော်ကြာ တည်ရှိခဲ့ပြီဖြစ်ကြောင်း၊ IDP စခန်းတွင် နေထိုင်ကြရသူများ သွားလာခွင့်နှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့မှုများကို ရေရှည်မှီခိုခြင်းထက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိခြင်း၊ ပညာရေး၊ ကျန်းမာရေး လက်လှမ်းမီခြင်းသည် ၎င်းတို့အတွက် ပိုမို၍ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် IDP စခန်းတွင်နေထိုင်သူများ၏ ဥပဒေနှင့်အညီ ပူးပေါင်းပါဝင်ရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် IDP စခ န်းတွင်နေထိုင်သူများက လက်ရှိစခန်းကို ပိတ်သိမ်းပြီး သင့်တော်သော ပြန်လည်နေရာချထားရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသဘောတူညီချက်များရယူခဲ့ပြီး အသေးစိတ်အချက်အလက်အား ဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက် လွတ်လပ်စွာ သွားလာခွင့်အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ကိုင်ဆောင်ရန်နှင့် (NV Card) ကတ်ပြားကိုင်ဆောင်ခြင်းဖြင့် ရရှိနိုင်မည့်အခွင့်အရေးများကို ရှင်းလင်းပြောကြားသည်။

(NV Card)ကိုင်ဆောင်သူသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူအဖြစ် သက်သေခံနိုင်ခြင်း၊ မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားစိစစ်မှုခံယူရန် လျှောက်ထားပိုင်ခွင့်ရှိခြင်း၊ မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ နိုင်ငံသား ဟုတ်မဟုတ် အဆုံးဖြတ်ပေးခံယူနိုင်ပြီး ရရှိသော နိုင်ငံသားအဆင့်အတန်းနှင့်အညီ သတ်မှတ်ထားသော အခွင့်အရေးများ ရရှိခြင်း၊ (NV Card) ကိုင်ဆောင်သူ မိဘများမှ မွေးဖွားလာသော သားသမီးများသည်လည်း မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်မှုခံယူရန် လျှောက်ထားပိုင်ခွင့်ရှိခြင်း၊ (NV Card) ကိုင်ဆောင်သူ သည် မြန်မာနိုင်ငံအတွင်းရှိမည်သည့် အရပ်ဒေသကိုမဆို သွားလာလိုပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့မှ ထုတ်ပြန်ထားသော ဒေသန္တရအမိန့်နှင့် ညွှန်ကြားချက်များနှင့် ခရီးသွားလာခွင့်ရှိခြင်း၊ ရခိုင်ပြည်နယ်အတွင်း တရားဝင်ဖွင့်လှစ်ထားသော နယ်စပ် ဝင်၊ ထွက် ဂိတ်မှတစ်ဆင့် နိုင်ငံဖြတ်ကျော်လက်မှတ်ဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တရားဝင် ဝင်၊ ထွက် သွားလာခွင့်ရှိခြင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မိမိနေထိုင်ရာ မြို့နယ်အတွင်း ပြည်နယ်အစိုးရကထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ လွတ်လပ်စွာ ခရီးသွားလာခွင့်ရှိခြင်း၊ အပြည်ပြည်ဆိုင်ရာ ရေပိုင်နက်သို့ ရေလုပ်ငန်းလိုင်စင်ဖြင့် ဥပဒေနှင့်အညီ ထွက်ခွာခွင့်ရှိခြင်း စသည့် အခွင့်အရေးများ ရရှိမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



**ညှိနှိုင်းဆွေးနွေး**

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် သက္ကေပြင် IDP စခန်းမှ စခန်းစီမံခန့်ခွဲမှုကော်မတီဝင်များက သက္ကေပြင် IDP စခန်းပြန်လည်နေရာချထားရေးနှင့်ပတ်သက်၍ IDP စခန်း၏ လက်ရှိ အခြေအနေ၊ ပြန်လည်နေရာချထားရာတွင် ဆောင်ရွက်ရမည့် လိုအပ်ချက်များနှင့် လွတ်လပ်စွာ သွားလာခွင့်ကိစ္စရပ်များကို အပြန်အလှန် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရခိုင်ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စစ်တွေမြို့ရှိ IDP စခန်းများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

# မူလလုပ်ကိုင်နေတဲ့ အသက်မွေးဝမ်းကျောင်းအတွက် အခက်အခဲမရှိရအောင် အဓိကထားပြီး စီစဉ်တာဖြစ်

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်တို့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့နယ်ရှိ ကြိမ်ချောင်း၊ ကျွန်းပေါက်ပြုစု၊ လဘ်ာဂုံးနားနှင့် ပွင့်ဖြူချောင်းကျေးရွာတို့တွင် ဆောင်ရွက်လျက်ရှိသည့် UEHRD ၏ ပြန်လည်နေရာချထားရေး လုပ်ငန်းဆောင်ရွက်မှုများကို ကွင်းဆင်းလေ့လာကြည့်ရှုကြသည်။**

**အဆိုပါ UEHRD ၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ပြန်လည်နေရာချထားရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ပါသည်။**



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာဝင်းမြတ်အေး

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

ကျွန်တော်တို့ ရခိုင်ပြည်နယ်ကို လာတဲ့ခရီးစဉ်မှာ တစ်ခုက ရခိုင်နဲ့ပတ်သက်ပြီး အကြံပေးကော်မရှင်ရှိတယ်။ အဲဒါက ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ရဲ့ အကြံပြုချက်တွေကို အကောင်အထည်ဖော်တဲ့ implementation ကော်မတီရဲ့ ဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်စရာရှိတာတွေကို လာဆောင်ရွက်တာက တစ်ချက်၊ နောက်တစ်ချက်က UEHRD နဲ့ပတ်သက်ပြီး ပြန်လည်နေရာချထားရေးနဲ့ ဆိုင်တဲ့ကိစ္စပါ။

ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးချက်တွေကို အကောင်အထည်ဖော်တဲ့ ကော်မတီအနေနဲ့ ဆောင်ရွက်စရာ နှစ်ခုရှိတယ်။ အဲဒီနှစ်ခုကို စတင်ဆောင်ရွက်နေပါပြီ။ တစ်ခုက ၂၀၁၂ ခုနှစ်ကတည်းက ဖွင့်ခဲ့တဲ့ ဒုက္ခသည်စခန်း Camp တွေကို ပြန်လည်ပိတ်သိမ်းရေးနဲ့ ပြန်လည်နေရာချထားရေးကိစ္စတွေကို ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး Camp က တာဝန်ရှိသူတွေနဲ့တွေ့တယ်။ ပြည်နယ်အစိုးရအဖွဲ့က တာဝန်ရှိတဲ့ ဌာနဆိုင်ရာ ပုဂ္ဂိုလ်တွေနဲ့တွေ့တယ်။ ဒီကိစ္စကို ဆောင်ရွက်တဲ့အခါမှာ ဥပဒေစည်းမျဉ်း၊ စည်းကမ်းနဲ့ ညီညွတ်အောင် ဆောင်ရွက်ထားပါတယ်။ ပြန်လည်နေရာချထားဖို့ကို ခံယူမယ့်သူတွေကလည်း ဥပဒေနဲ့အညီ ဆောင်ရွက်မယ့်ကိစ္စကို သဘောတူကြတယ်။ ဒါကို ဆက်လက်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ကြိုတင်ပြင်ဆင်**

နောက်တစ်ချက်က UEHRD နဲ့ ပတ်သက်ပြီးတော့ ပြန်လည်လက်ခံရေး၊ နေရာချထားရေးနဲ့ပတ်သက်ပြီး တစ်ဖက်နိုင်ငံက ပြန်လာမယ့်သူတွေအတွက် ဘယ်လို နေရာချမယ် ဆိုတာကို နဂိုကတည်းက မူက ချထားပြီးသားရှိပါတယ်။ ပြန်လည်လက်ခံခြင်းကို နှစ်နိုင်ငံသဘောတူညီချက်အတိုင်းပဲ နှစ်လအတွင်းမှာ ပြန်လည်လက်ခံရမယ့် အစီအစဉ်အတိုင်း လက်ခံရေးစခန်းတွေ ကြိုတင်ပြင်ဆင်တာ ရှိတယ်။ အိမ်ရာတွေနဲ့ပတ်သက်ပြီး စီစဉ်ဆောင်ရွက်တာတွေ ရှိတယ်။ တောင်ပြိုလက်ဝဲ၊ ငါးခူရ ဒါတွေက လက်ခံရေးစခန်းတွေ၊ နောက်ပြီး ကြားစခန်းအဖြစ် လှဖိုးခေါင်မှာ စီစဉ်ဆောင်ရွက်နေတာတွေရှိတယ်။



ဒေါက်တာအောင်ထွန်းသက်
(UEHRD ညှိနှိုင်းရေးမှူးချုပ်)

**သေချာမြေပြင်ပေါ်မှာကြည့်**

အိမ်ရာတွေကို ပြန်လည်နေရာချရာမှာ ပထမ နှစ်အိမ်၊ သုံးအိမ်၊ လေးအိမ် ကွဲပြားနေတဲ့ အစုအစုလေးတွေရှိတယ်။ အဲဒီအစုလေးတွေကို သူတို့ရဲ့ မူလနေရာ၊ သူတို့ရဲ့ အနီးဆုံးနေရာတွေမှာ ပြန်ထားဖို့၊ မူလအိမ်ရှိတဲ့သူကလည်း အိမ်ကိုရဖို့၊ ဒါမှမဟုတ်ရင် လမ်းတွေ အခင်းအကျင်းအနေအထားတွေ ပိုပြီးအဆင်ပြေတဲ့နေရာကို Village Plan ချပြီး အဲဒီ Plan အတိုင်းဆောင်ရွက်နိုင်ဖို့ သေချာမြေပြင်ပေါ်မှာ ကြည့်ပါတယ်။ သီးခြားခွဲထုတ်ထားတာတော့ မဟုတ်ပါဘူး။ မူလနေရာရောက်တာ ရှိမယ်၊ မူလနေရာထက် နည်းနည်းကွာတာလည်း ရှိမယ်။ အားလုံးကတော့ မိမိမူလ လုပ်ကိုင်နေတဲ့ အသက်မွေးဝမ်းကျောင်းအတွက် အခက်အခဲမရှိရအောင် ဒါကို အဓိကထားပြီး စီစဉ်တာဖြစ်ပါတယ်။ ပထမပြောခဲ့တဲ့ ကိုဖီအာနန်ကော်မရှင်ရဲ့ Implementation အကောင်အထည်ဖော်တဲ့ လုပ်ငန်းတွေကတော့ စစ်တွေမှာရှိတဲ့ သက်ကယ်ပြင် ပြန်လည်နေရာချထားရေးအတွက် စီစဉ်ခဲ့တယ်။ အခုဆက်ပြီး မြေပုံမှာရှိတဲ့စခန်းကို ပြန်လည်နေရာချထားတဲ့ကိစ္စကို ဆောင်ရွက်မှာဖြစ်ပါတယ်။

**ဒေါက်တာအောင်ထွန်းသက် (UEHRD ညှိနှိုင်းရေးမှူးချုပ်)**

ကျွန်တော်တို့ အခုလာတဲ့ ရည်ရွယ်ချက်က လက်ရှိဒီမှာဆောင်ရွက်နေတဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ၊ ပြန်လည်နေရာချထားရေး စခန်းတွေကို ကြည့်တဲ့ကိစ္စပါ။ အဲဒီလိုကြည့်တဲ့အခါမှာ ဒေသခံတွေ၊ တာဝန်ရှိသူတွေနဲ့ တိုင်ပင်ပြီး ပြန်လည်တည်ဆောက်ရေးလုပ်တဲ့အခါ ရန်ကုန်က လုပ်ငန်းရှင်တွေမဟုတ်ဘဲနဲ့ ရခိုင်ပြည်နယ်က လုပ်ငန်းရှင်တွေအားလုံး စည်းရုံးပြီး လုပ်တာဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ နိုင်ငံတော်အစိုးရက ဦးဆောင်တဲ့ လုပ်ငန်းဖြစ်ပြီး တစ်ဖက်ကလည်း ပုဂ္ဂလိကကဏ္ဍက လှူပ်ရှားတဲ့ လှုပ်ရှားမှုတစ်ရပ်လည်း ဖြစ်တယ်။ ဒါကြောင့် ပုဂ္ဂလိက ကဏ္ဍလို့ပြောတဲ့အခါမှာ တစ်ခါတစ်ရံမှာ ရန်ကုန်လိုမြို့ကြီးတွေက ပုဂ္ဂလိကကဏ္ဍကို စဉ်းစားတာမျိုးမဟုတ်ဘဲ ဒေသခံတွေဖြစ်တဲ့ ရခိုင်တိုင်းရင်းသားလုပ်ငန်းရှင်တွေအတွက် စဉ်းစားပြီး ပါဝင်ပတ်သက်မှုကို ဦးစားပေးတာဖြစ်ပါတယ်။ အခုပြန်လည်လက်ခံမယ့် ကြိုဆိုရေးစခန်းတွေရှိသလို သူတို့ကို ခေတ္တခဏကြိုဆိုနေရာချမယ့် နေရာတွေကိုလည်း လိုက်ကြည့်ပါတယ်။ သူတို့ကို ပြန်လည်နေရာချထားမယ့်နေရာတွေကို လိုက်ကြည့်ပြီး တာဝန်ရှိသူတွေနဲ့ အသေးစိတ်ပြန်လည်ဆွေးနွေးဖို့လည်း ရှိပါတယ်။ အရေးကြီးတာကတော့ အမြန်ဆုံးပြုလုပ်ရမယ့် အစီအစဉ်တွေ ဖြစ်လို့ပါပဲ။

**ဇေယျာ၊ မြင့်မောင်၊ ဓာတ်ပုံ-နေဝင်းထွန်း**

---

# ရခိုင်ပြည်နယ် မိုးစပါး ရိတ်သိမ်းခြွေလှေ့ ပြီးစီးမှုအခြေအနေ

**မောင်တော ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် ဩဂုတ်လ၌ ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာထွက်ပြေးသွားသည့် ကျေးရွာများရှိ **“ရိတ်သူမဲ့လယ်မြေ”** များအား စက်မှုလယ်ယာဦးစီးဌာနမှ ရှေ့တန်းစခန်းများဖွင့်လှစ်၍ ဌာနက ရိတ်သိမ်းခြွေလှေ့စက် ၃၃ စီး၊ ပြည်နယ်အစိုးရပိုင် ရိတ်သိမ်းခြွေလှေ့စက် ၂၈ စီး၊ စုစုပေါင်း ရိတ်သိမ်းခြွေလှေ့စက် ၆၁ စီး၊ ဌာနဝန်ထမ်း ၁၃၇ ဦးဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၆ရက်မှစတင်ရိတ်သိမ်းခြွေလှေ့ပေးခဲ့ရာ ဒီဇင်ဘာ ၂၈ ရက်ထိ မောင်တောမြို့နယ်တွင် မိုးစပါးဧက ၉၁၃၆ ဧက၊ ဘူးသီးတောင်မြို့နယ်တွင် ၁၈၃ ဧက၊ ရသေ့တောင်မြို့နယ်တွင် ၂၉၈ဧက၊ စုစုပေါင်း ၉၆၁၇ ဧကရိတ်သိမ်းပြီးစီးခဲ့ပြီး ရခိုင်ပြည်နယ်အစိုးရ၏ ညွှန်ကြားချက်အရ ၂၈-၁၂-၂၀၁၇ ရက်နေ့တွင် စခန်းသိမ်း၍ မောင်တောဒေသ ရိတ်သိမ်းခြွေလှေ့လုပ်ငန်းများ ရပ်နားခဲ့သည်။ **သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

# ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးရေးအတွက် ထရန်စဖော်မာများ ပေးအပ်လှူဒါန်းပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးရေးနှင့် အခြားအရေးကြီးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် Asia General Electric Co.,Ltd နှင့် Hitachi Soe Electric Co.,Ltd တို့မှ ထုတ်လုပ်သော ထရန်စဖော်မာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတွင် ကျင်းပသည်။

အဆိုပါ ထရန်စဖော်မာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ အမြဲတမ်း အတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အားတိုးမြှင့်ဖြန့်ဖြူးရေးနှင့် အခြားအရေးကြီးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် Asia General Electric Co.,Ltd နှင့် Hitachi Soe Electric Co.,Ltd တို့မှ ထုတ်လုပ်သော ထရန်စဖော်မာများ ပေးအပ်လှူဒါန်းပွဲနှင့် ကျေးဇူးတင်မှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားဖြစ်ပါကြောင်း၊ ပြည်သူအများ လျှပ်စစ်ဓာတ်အားကို အရည်အသွေးပြည့်ဝစွာဖြင့် စဉ်ဆက်မပြတ် အန္တရာယ်ကင်းစွာ သုံးစွဲနိုင်ရန် ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ပြည်သူများအတွက် ၃၉ ရာခိုင်နှုန်း ဓာတ်အားရရှိရေး ဆောင်ရွက်ပြီးစီးပြီဖြစ်ပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် ရာခိုင်နှုန်းပြည့် ဓာတ်အားရရှိနိုင်ရေး ရည်မှန်းချက်ထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ဓာတ်အားထုတ်လုပ်မှုအပိုင်းတွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ၊ ပြည်တွင်းပြည်ပ လုပ်ငန်းရှင်ကြီးများပါဝင်ဆောင်ရွက်နိုင်ရန်အတွက် JV, MOU, MOA များ လက်မှတ်ရေးထိုးပြီး ပြည်သူအများကို ထိခိုက်မှုအနည်းဆုံးနှင့် အကျိုးဖြစ်ထွန်းမှုအများဆုံး ရရှိနိုင်သည့် စီမံကိန်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဓာတ်အားပို့လွှတ်ရေးအပိုင်းတွင် မိတ္ထီလာ-တောင်ငူ ၅၀၀ ကေဗွီ မဟာဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေပြီ ဖြစ်ကြောင်း။

၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီ၊ ၆၆ ကေဗွီ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်နိုင်ရန် နှစ်စဉ် နိုင်ငံတော်ဘတ်ဂျက်နှင့် ချေးငွေများ ရရှိရေး ဆောင်ရွက်နေကြောင်း၊ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် နိုင်ငံတော်မှ နေ့စဉ်ငွေကျပ် ၁ ဒသမ ၂ ဘီလီယံခန့် အရှုံးခံ စိုက်ထုတ်ပေးလျက်ရှိကြောင်း၊ ဓာတ်အားဖြန့်ဖြူးမှုအပိုင်းတွင်လည်း ရန်ကုန်နှင့် မန္တလေးတို့တွင် ကော်ပိုရေးရှင်းများ ဖွဲ့စည်းလျက် နိုင်ငံတော်၏ အထောက်အပံ့ကင်းစွာဖြင့် ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်မှ လျှပ်စစ်ကဏ္ဍတွင် စိုက်ထုတ်ဆောင်ရွက်ရမှုမရှိစေရန်နှင့် ဓာတ်အားသုံးစွဲသူ ပြည်သူများမှ အရည်အသွေးပြည့်ဝသော လျှပ်စစ်ကို စဉ်ဆက်မပြတ် အန္တရာယ်ကင်းစွာဖြင့် သုံးစွဲနိုင်ရေး နည်းလမ်းများ ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင်လည်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဓာတ်အားဖြန့်ဖြူးမှုကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိရာ ဓာတ်အားစနစ် ကျယ်ပြန့်စွာ ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့လက်ခံရရှိသော ထရန်စဖော်မာများအား နိုင်ငံတော်ဘတ်ဂျက်ဖြင့် မဆောင်ရွက်နိုင်သော ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ယခုလို ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အား တိုးမြှင့်ဖြန့်ဖြူးနိုင်ရေးအတွက် Asia General Electric Co.,Ltd နှင့် Hitachi Soe Electric Co.,Ltd တို့မှ ထုတ်လုပ်သော ထရန်စဖော်မာများအား သဒ္ဓါစိတ်အားထက်သန်စွာ ပေးအပ်လှူဒါန်းခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူများ၏ လုံခြုံရေးနှင့် အေးချမ်းတည်ငြိမ်ရေးကို အထောက်အကူ ဖြစ်စေသည့်အပြင် လူမှုဘဝ တိုးတက်မြင့်မားရေးအတွက်လည်း တစ်တပ်တစ်အား အကူအညီဖြစ်စေမှာဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး ကျေးဇူးတင်မှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီစည်းဝေး



**စစ်တွေ ဇွန်နဝါရီ ၂**

ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (၂၃) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်ရုံး အစည်းဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်း၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးရွှေဘသိန်း၊ အသင်းသား အသင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ပြည်နယ်ဝန်ကြီး ဦးကျော်အေးသိန်း၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း ဒုတိယဥက္ကဋ္ဌ ဦးရွှေဘသိန်းတို့က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များအသင်းမှ ရွေးကောက်ပွဲကော်မရှင် ဂုဏ်ထူးဆောင်နာယက ဦးရွှေထွန်းအောင်က(၂၀၁၇ - ၂၀၁၈ ခုနှစ် နှင့် ၂၀၁၈ - ၂၀၁၉ ) နှစ်နှစ်တာကာလ တာဝန်ထမ်းဆောင်မည့် ဗဟိုအလုပ်အမှုဆောင်နှင့် အလုပ်အမှုဆောင်စာရင်းအား ဖတ်ကြားပေးသည်။

ထို့နောက် ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်း၏(၂၀၁၆ - ၂၀၁၇ ) ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်း ရှင်းတမ်းကို အတွင်းရေးမှူး ဦးအောင်အောင်က ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူကြသည်။

ယင်းနောက် တက်ရောက်လာကြသော အသင်းသား အသင်းသူများက အကြံပြုဆွေးနွေးကြသည်။ ထို့နောက် ရခိုင်ပြည်နယ် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌသစ်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးငယ်များအား ငွေကြေးထောက်ပံ့ပေးရေး ဆွေးနွေး

**စစ်တွေ ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ်အတွင်း ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ပေးရေး အစီအစဉ် အကောင်အထည်ဖော်ရေး မြို့နယ်အဆင့် ရှင်းလင်းဆွေးနွေးပွဲကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် ဒီဇင်ဘာလအတွင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ရှင်းလင်းဆောင်ရွက်ရာတွင် လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်မိုးသည် ဒီဇင်ဘာ ၂၉ရက်မှ ၃၁ ရက် အထိ ကျောက်ဖြူမြို့၊ ရမ်းဗြဲမြို့နှင့် မာန်အောင်မြို့နယ်များသို့ သွားရောက်ပြီး ပြည်သူများနှင့်တွေ့ဆုံကာ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးများအနေဖြင့် ဘဝတစ်သက်တာ ဖွံ့ဖြိုးမှု၏ အရေးကြီးဆုံးကာလဖြစ်သော လူသားဘဝအစ ရက်တစ်ထောင်ကာလအတွင်း အာဟာရဖွံ့ဖြိုးမှုနှင့် ကျန်းမာရေးဆိုင်ရာအသိပညာများ၊ အလေ့အထကောင်းများရရှိစေရန်လိုကြောင်း၊ ပြည်နယ်အတွင်း ရှိရင်းစွဲအစီအမံများ၊ ကျန်းမာရေး၊ လူမှုရေးဝန်ဆောင်မှုများကို ပြည်သူများ ပိုမိုလက်လှမ်းမီရယူနိုင်စေရန်၊ ပြည်နယ်လူထုအနေဖြင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံဖြစ်သော မိသားစုစီမံကိန်းများ ကောင်းမွန်စွာ ရေးဆွဲနိုင်စေရန်၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျန်းမာသန်စွမ်း၊ ဉာဏ်ရည်ပြည့်ဝသော လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ယခုလိုထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး MCCT အစီအစဉ် အကောင်အထည်ဖော်ရေး မြို့နယ်အဆင့်ဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် တက်ရောက်လာကြသော ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က မေးမြန်းချက်များအပေါ် ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းအစီအစဉ်အရ ရခိုင်ပြည်နယ်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက်နှစ်နှစ်အောက် ကလေးသူငယ်များအားလုံးအတွက် ငွေကြေးထောက်ပံ့မှုကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှစတင်၍ တစ်လလျှင် ငွေကျပ်တစ်သောင်းငါးထောင်နှုန်းဖြင့် သုံးလတစ်ကြိမ် ငွေကျပ်လေးသောင်းငါးထောင်ကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ရှိ ခရေမြိုင် (တိုင်းရင်းသား) ကျေးရွာ၊ ငွေတောင် (တိုင်းရင်းသား) ကျေးရွာ၊ ရွာသာယာ(တိုင်းရင်းသား) ကျေးရွာနှင့် မောရဝတီ (တိုင်းရင်းသား) ကျေးရွာ တို့တွင် နွားနှစ်ကောင်၊ ဆိတ်သုံးကောင်၊ ခုံတိုင်စခန်း ပတ်ဝန်းကျင်ရှိ မင်းခမောင်း (တိုင်းရင်းသား)ကျေးရွာ၊ ကြိမ်ချောင်း (ရခိုင်) ကျေးရွာ၊ တမန်းသား (တိုင်းရင်းသား)ကျေးရွာတို့တွင်၊ နွားသုံးကောင်၊ ဆိတ်တစ်ကောင် နှင့် ငါးခူရစခန်း ပတ်ဝန်းကျင်ရှိ ရေမျက်တောင် (တိုင်းရင်းသား) ကျေးရွာ၊ ငါးခူရ(ရခိုင်)ကျေးရွာနှင့် ရွက်ညိုတောင် (တိုင်းရင်းသား)ကျေးရွာနှင့် ကပ္ပတောင်း (တိုင်းရင်းသား) တို့တွင် နွားတစ်ကောင်၊ ဆိတ်သုံးကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးပြီး စုစုပေါင်း စခန်းသုံးခု ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားခြောက်ကောင်နှင့် ဆိတ်ခုနစ်ကောင်တို့အား ကာကွယ်ကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၆၇ ကောင်နှင့် ဆိတ် ၇၂၈ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# စိတ်ကြွရူးသွပ်ဆေးပြား၊ ဘိန်းဖြူနှင့် လက်နက်ခဲယမ်းများကို ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

မိုးညှင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီက မိုးညှင်းမြို့နယ် မော်ဟန်-နမ္မချီမော်ကားလမ်း နတ်ကြီးစင်အနီး၌ ထွန်းအောင် မောင်းနှင်သည့် မော်တော်ဆိုင်ကယ် ရောက်ရှိလာ၍ ရှာဖွေရာ ဘိန်းဖြူ အလေးချိန် ၇၀ ဂရမ် သိမ်းဆည်းရမိခဲ့သည်။

**သိမ်းဆည်းရမိ**

အလားတူ ဇန်နဝါရီ ၁ ရက် ညနေ ၄ နာရီခန့်က မူးယစ်တပ်ဖွဲ့စု ၃၂ မြဝတီမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ် ၃ ရပ်ကွက် မွေးမြူရေးဇုန် ၁ လမ်းနေ ရန်နိုင်စိုး(ခ) စိုးလေး၏ နေအိမ်ကိုရှာဖွေရာ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေး ၉၅ ပြား၊ တူမီးသေနတ်တစ်လက်၊ ယမ်းမှုန့် ၁၅၂ ဂရမ်၊ ခဲသီး အလုံး ၂၁၀၊ ယမ်းကတ် ၂၂ ကတ်၊ ငွေကျပ် ၅၅၀၀၀၊ ထိုင်းငွေဘတ် ၂၀ တို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ ညနေ ၅ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၆ ကသာမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကသာမြို့နယ် လမ်းခွကျေးရွာ မီးရထားသံလမ်းကူး အနီး၌ ငွားလေး မောင်းနှင်ပြီး မတုန်ဝူမီး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဆိုင်ကယ် ဒူးကာနှင့် လေစစ်ဘူးအတွင်းတို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၂၁၀၊ လက်ကိုင်ဖုန်းနှစ်လုံး၊ ငွေကျပ် ၅၅၀၀၀ တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

**အရေးယူထား**

အလားတူ တုန်းလေး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၆၃၀၊ စိတ်ကြွဆေးပြား အကြေမှုန့် ဂရမ် ၁၂၀၊ ဘိန်းဖြူ ၁၆ ဂရမ်၊ ဘိန်းစိမ်း ဂရမ် ၅၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ ထို့အတူ ယင်းနေ့ မွန်းလွဲ ၂နာရီခန့်က တပ်မတော်သားများ၊ မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ် တာကော်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ရှိန်တဲ့စင်း မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ အိုက်စ် ၆၂ ကီလို၊ ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်တစ်ခုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ကွင်းဆက်အရ မိုင်းပျဉ်းမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းပျဉ်းမြို့အဝင်၌ မူးယစ်ဆေးဝါးများ ပိုင်ရှင် လောက်ဝူး၊ အားတီ၊ ရန်ကျူးနှင့် ကျန်ယိုကွေးတို့ လေးဦးကို မော်တော်ယာဉ်နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြစ်မှုကျူးလွန်သူ ရှိန်တဲ့စင်းအား ဖမ်းဆီးရမိ အိုက်စ်များနှင့်အတူ တွေ့ရစဉ်။
သတင်းစဉ်

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်၆၈၃ စီး၊ သွင်းကုန် ၁၀၁၈ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၃ စီး ၊ သွင်းကုန် ၆၈ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁ ရက်၌ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းအား ဖြတ်သန်းမည့် ခရီးသည်တင် မှန်လုံယာဉ်နှစ်စီးအား မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားမဝင် ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် PSI စလောင်းဗန်း (200)U ၊ PSI စဒေါက်တိုင် (160)U ၊ PSI ထိပ်ဖူး (90)U ၊ PSI အထိုင်စက် (150)U စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃ ဒသမ ၇၈ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# ဆေးခြောက် ၁၀ ကီလိုဂရမ် သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ စံပြရပ်ကွက်ရှိ စစ်တွေ- မန္တလေး ရွှေပြည်စိုး အမြန်ယာဉ်ကားဂိတ်တွင် ငွေကျပ်သိန်း ၅၀ ခန့်တန်ဖိုးရှိ ဆေးခြောက် ၁၀ ကီလိုလိုဂရမ်အား သိမ်းဆည်းရမိကြောင်း သိရသည်။

အဆိုပါ အမြန်ယာဉ်ကားဂိတ် မော်တော်ယာဉ်လိုင်းဂိတ်မှူးမရှိစဉ် လာရောက်အပ်နှံထားသည့် ခရီးဆောင်အိတ်အား မသင်္ကာသဖြင့် မြို့မစခန်းသို့ ဖုန်းဆက်သတင်းပို့ခဲ့သဖြင့် ဒီဇင်ဘာ ၂၉ ရက် ညနေ ၆ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖွင့်ဖောက်စစ်ဆေးရာ ဆေးခြောက် ၁၀ ကီလိုဂရမ်အားတွေ့ရှိသောကြောင့် ခရီးဆောင်အိတ်အား လာရောက်ပို့ဆောင်သူ (ဖမ်းမမိ) အား ပုဏ္ဏားကျွန်းမြို့မစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**


သင်္ချာကျော်ရှိန် M.Sc. (Maths). Final.

ထူးချွန်မှုအောင်မြင်လိုသူများအတွက်

၁၀တန်း ဘာသာစုံ (၂)လပြတ် ပိုင်းနှင့်ခေါ်ဒါ

ရှိုးရှိုးဝိုင်း-၅၀၀၀၀ိ/-သင်၊ ကျက်၊ စစ် (၁)သိမ်းကျပ် (၂-၁-၂၀၁၈) စမည်

နွေ(၃)လပြတ်နှင့်ပုံမှန်တန်း (၈၊ ၉၊ ၁၀တန်း) (၅-၃-၂၀၁၈) စမည်

မဟာကျော် ရာထူးဝင်ခွင့်များအားလုံး

(ရေ/အုပ်), L.O,J.O, PPTT, PGDMA, B.ED

အမှတ်-၃၅၃၊ဒုထပ်၊မဟာဗန္ဓုလလမ်း(ဆိပ်ကမ်းသာလမ်းနှင့်၃၉လမ်းကြား)

Ph:09-250359833, 09-796313677, 09-263451177



KOICA
Korea International Cooperation Agency

# NOTICE OF TENDER

## For Construction Work

Date: 3rd January, 2018

1. The Korea International Cooperation Agency (KOICA) Myanmar Office invites prospective biddersfor the Construction of "**The Establishment of the TVET Teacher Training Institute**"(hereinafter referred to as "TTTI". The Project is to be constructed with the grant aid of the Government of Republic of Korea

Brief of Bidding
- **Bid Title**: The Establishment of the TVET Teacher Training Institute, Yangon,MYANMAR.
- **Contract Duration:** 20months from the effective(contract) date
- **Estimated Budget:** Approx. **USD 6,174,675(CT, VAT excluded)**
- **Summary of Construction Services**
  - •Type: New construction
  - • TTTI
    - - Gross Floor Area: approx. 8,053 m2
    - - Lecture buildings,Mechanical& Automotive building,Dormitoryand etc.
    - - Construction Duration: 19 months from the commencement of construction
    - - Location: Yangon,MYANMAR

① Employer: Korea International Cooperation Agency (KOICA) MYANMAR Office

② Bid Type: International Open Competitive Bidding with Prequalification (PQ)

③ Prequalification(PQ) for Bid Eligibility
- **Interested applicants should obtain the prequalification documents by visiting KOICA Myanmar Office or sending E-mail till January 10, 2018, 17:00**

④ Selection of the Successful Bidders:
- Selection by Lowest Bidding Price with Eligibility Evaluation.
- Only the prequalified bidders are subject to bid.
- Eligibility Evaluation consist of Bid Price Evaluation of Fifty (50) Points and Performance Ability Evaluation of Fifty (50) Points. Total of One hundred (100) points
- Details of Selection of the Successful Bidder will be explained at Pre-Bid Meeting.

⑤ The Request For Proposals (RFP):
RFP will be provided to the prequalified bidders at the Pre-Bid Meeting

⑥ **Instructions and Schedule:**

[Prequalification]
- Distribution of Prequalification Instructions and Application Forms: **Contact KOICA Myanmar Office**
- Submission of Prequalification Document: January18, 2018 by 14:00 **at KOICA Myanmar Office**
- Notification of Invitation to Bid: January23, 2018**by E-mail**

[Pre-Bid Meeting and Site Visit]
- *Note: Prequalified Bidders Only
- Pre-bid Meeting: January25, 2018, 11:00**at KOICA Myanmar Office**
- Site Visit:January25, 2018, 15:00**at TTTI Site**

[Bid]
- *Note: Prequalified bidders shall attend the Pre-Bid Meeting and site visit. Failure of attendance shall result in disqualification.
- Submission of Letter of Bid Intent: to **KOICA Myanmar Office by**: February12, 2018
- Place for Bid Submission: **at KOICA Myanmar Office**
- Bid Closing(Submission): February26, 2018, 16:00 **at KOICA Myanmar Office**
- Bid Opening: February27, 2018,14:00**at KOICA Myanmar Office**

⑦ Currency of Financial Proposal (Bid Price): **United States Dollar (USD)**

⑧ Currency of Contract: **United States Dollar(USD)**

⑨ Consortium or Joint Venture is NOT allowed for this Bid.

2. Price proposal shall be equal or less than the 'Estimated Price' and equal or more than the 'Minimum Price'. Any bid exceeding the above limitation may result in rejection of its bid.
   - 'Estimated Price' will be announced at the Bid Opening by a random draw and 'Minimum Price' will be determined based on the announced 'Estimated Price'.
   - Details of Selection of the Successful Bidder, Eligibility Evaluation, Determination of 'Estimated Price' and 'Minimum Price' will be explained during the Pre-Bid Meeting.

3. Price proposal by bidders and final contract price shall be exclusive of Commercial Tax (CT) and VAT.

As this bid is a part of ODA (Official Development Assistance) project between the Government of Republic of Korea and Republic of Myanmar, this project benefits exemption of Commercial Tax (CT) and Value Add Tax(VAT)according to the Record of Discussion (RD) between KOICA and Department of Technical and Vocational Education. Thus, KOICA Myanmar office is not responsible for any CT, VAT discharge or refund. All inquiries regarding CT, VATexemption or tax refund shall be referred to Department of Technical and Vocational Education of Myanmarin case needed.

4. The Request for Proposal (RFP) includes following documents but not limited to:

*Note: RFPincluding below documents will be provided to Prequalified Bidders at Pre-Bid Meeting.

① Instructions to Bidders
② Conditions of Contract including Contract Form
③ Bidding Forms
④ Attachment (Technical Specifications, Design Drawings, Unpriced Bills of Quantity(BOQ))

5. Language of Proposal: All documents shall be in English except the documents delivered by the government administration, bank, educational and professional organizations for the proof of Prequalification Criteria and Bid Evaluation Criteria.

6. The **KOICA Myanmar Office** requires that Bidders and Contractors observe the highest standard of ethics during the procurement and execution of such contracts. In pursuance of this policy, KOICA;
   (a) will reject a proposal for award if it determines that the Bidder recommended for award has engaged in corrupt or fraudulent practices in competing for the contract in question.
   (b) will recognize such a Contractors as ineligible, for a period determined by KOICA

7. The **KOICA Myanmar Office** will invite sealed bids from Prequalified bidders

8. All bids must be accompanied by a Bid Security of amount equivalent to five percent (5%) of the "**Bid Price**" with its guarantee period from no later than Bid Closing Date (before February26, 2018) to not earlier than Thirty Days (30Days) after the Bid Opening Date (after February27, 2018)

*Note: For more information regarding the submission and restoration of Bid Security will be included in RFP and its supplementary documents.

9. KOICA Myanmar Office shall not be responsible for any costs or expenses incurred by Bidders in connection with the preparation or delivery of bids

10. All bidders are expected to examine all instructions, forms, terms and specifications of the bidding documents. Failure to furnish all information required by the bidding documents or submission of a bid not substantially responsive to the bidding documents in every respect shall be at the Bidder's risk and may result in the rejection of the bid.

11. Contact Information

**KOICA Myanmar Office**
Address: No.514(A), 4 Ward, Waizayandar Road, South Okkalapa Township, Yangon, Myanmar
Tel: 95-1-8500801, 95-1-8500803,Fax:95-1-8500802
**E-mail:** jihehwisdom@gmail.com&esanncing@gmail.com
**Attention**: Chun Jiheh, Deputy Representative of KOICA Myanmar Office

# ကျေးဇူးတင်ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသည့် ရွှေတိဂုံစေတီတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာနှင့် သံဃာတော်အပါး(၁၈၀၀၀)တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကြီးကို ၁၃၇၉ခုနှစ်၊ ပြာသိုလပြည့်နေ့၊ ၂၀၁၈ခုနှစ် ဇန်နဝါရီ ၁ရက်တွင် အောင်မြင်စွာကျင်းပပြီးမြောက်ခဲ့ပြီဖြစ်ပါသည်။

တစ်သက်မှာတစ်ခါကုသိုလ်ယူ ကျင်းပပြုလုပ်ခွင့်ရသည့် ဤမဟာမင်္ဂလာအခမ်းအနားကြီးသို့ ကြွရောက်ချီးမြှင့်ခဲ့ပါသော နိုင်ငံ့ဦးသျှောင် ထေရ်ကြီးဝါကြီး ထင်ပေါ်ကျော်ကြားသော ဆရာတော်ကြီးများနှင့် ဂိုဏ်းပေါင်းစုံ တိုင်း/မြို့နယ်သံဃနာယက အဖွဲ့အစည်းအဆင့်ဆင့်မှ သံဃာတော်အရှင်မြတ်များ၊ အထူးအားဖြင့် အစ အလယ် အဆုံး ကိုယ်စိတ်နှစ်ပါး ပင်ပန်းမှုကို ပဓာနမထားဘဲ အသေးစိတ်စီမံညှိနှိုင်း ဦးဆောင်လမ်းညွှန်ပေးပါသော ရန်ကုန်တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဓေယျာလင်္ကာရထူးချွန်ဆု၊ နိုင်ငံ့စွမ်းဆောင်ရည်ဆု၊ ကမ္ဘာ့ငြိမ်းချမ်းရေး စေတမန် ဆုများရှင် ဒေါက်တာဘဒ္ဒန္တကုဏ္ဍလ အရှင်သူမြတ်နှင့် ရန်ကုန်တိုင်းဒေသကြီး သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်မှ သံဃာတော်များ၊ စည်းကမ်းထိန်းသိမ်းရေးသံဃာတော်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတကြီးနှင့်ဇနီး အမှူးပြုသည့် နိုင်ငံတော်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့် ဌာနဆိုင်ရာများ၊ သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အရာထမ်းအမှုထမ်းများ၊ လိုလေသေးမရှိ ဖြည့်ဆည်းပေးခဲ့ကြသော ပင်မအလှူရှင်များ၊ မြန်မာနိုင်ငံတစ်ဝှမ်းမှ အလှူရှင်များနှင့် နိုင်ငံတကာမှပေးပို့လှူဒါန်းကြသည့် အလှူရှင်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အခမ်းအနားကျင်းပရေးကော်မတီ အသီးသီးမှကော်မတီဝင်များ၊ လုံခြုံရေးဆောင်ရွက်ပေးခဲ့ကြသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် ဝေယျာဝစ္စကုသိုလ်ယူခဲ့ကြသည့်ဝန်ထမ်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် လုပ်အားဒါနပြုခဲ့ကြသည့်ဝန်ထမ်းများ၊ မြန်မာနိုင်ငံနယ်စပ်နှင့် တောင်တန်း ဒေသထေရဝါဒ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်းဝင်များနှင့် ဘာသာရေးအသင်းအဖွဲ့အသီးသီးမှ လုပ်အားဒါနပြုလုပ်ခဲ့ကြ သည့် ကုသိုလ်ရှင်များ၊ သံဃာတော်အပါး (၁၈၀၀၀)တို့အား ဆွမ်းဆက်ကပ်ကြသည့် အလှူရှင်များနှင့် ဆွမ်းစားဇိမာန်များ ဆောက်လုပ်၍ ဆွမ်းဆက်ကပ်လှူဒါန်းကြသည့် ကုမ္ပဏီများ၊ သံဃာတော်များအားကြိုဆိုပင့်ဆောင်ရေးနှင့် ဝေယျာဝစ္စပြုလုပ် ရန် မော်တော်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ကုသိုလ်ယူခဲ့ကြသည့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ် ကွပ်ကဲမှုအာဏာပိုင်အဖွဲ့နှင့် YBS ယာဉ်လိုင်း၊ ပုဂ္ဂလိကယာဉ်လိုင်းများမှ တာဝန်ရှိသူများနှင့် ယာဉ်လုပ်သားများ၊ သီးခြားမော်တော်ယာဉ်အလှူရှင်များ၊ စီမံခန့်ခွဲမှုကုသိုလ်ယူခဲ့ကြသည့် ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်းအမှုထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မိမိတို့ကျရာကဏ္ဍအသီးသီးမှ ဝေယျာဝစ္စကုသိုလ်ယူခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့များ၊ ရုပ်မြင်သံကြားမှတစ်ဆင့် ဖူးမြော်ကြည်ညိုသဒ္ဓါ ပွားများကြသော အနယ်နယ်အရပ်ရပ်မှ ရဟန်း/သာမဏေများ၊ သီလရှင်များ၊ ပြည်သူပြည်သားများနှင့် ကုသိုလ်ယူ ထုတ်လွှင့်ပေးသော သတင်းမီဒီယာအသီးသီးရှိ တာဝန်ရှိပုဂ္ဂိုလ်များနှင့်ဝန်ထမ်းများ၊ ရုပ်မြင်သံကြားထုတ်လွှင့်ရန် အဓိက တာဝန်ယူကြသော ရွှေသံလွင်ကုမ္ပဏီ SKY NET ရုပ်သံလိုင်းမှဝန်ထမ်းများ၊ သံဃာတော်အပါး(၁၈၀၀၀)တို့အား တတ်စွမ်းသမျှ ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ကြသော စေတနာရှင်အလှူရှင်များနှင့် လုပ်အားဒါနပြုခဲ့ကြသူများ၊ ရွှေတိဂုံ စေတီတော်နှင့် ဆက်စပ်သမျှ မြင်အပ်/မမြင်အပ် ပုဂ္ဂိုလ်အရပ်ရပ်နှင့် အဘက်ဘက်မှ ပံ့ပိုးကူညီဝိုင်းဝန်းဆောင်ရွက် ခဲ့ကြသော ပုဂ္ဂိုလ်အားလုံးတို့အား အထူးပင်ကျေးဇူးတင်ဝမ်းမြောက်ရပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာနှင့်**
**ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကျင်းပရေးဦးစီးကော်မတီ**

# ပါကစ္စတန်အပေါ် သံသယရှိကြောင်း ထရန့်၏ တွစ်တာဖော်ပြချက်အပေါ် ပါကစ္စတန်ဆန့်ကျင်

**အစ္စလမ္မာဘတ် ဇန်နဝါရီ ၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အကြမ်းဖက်ဝါဒ တိုက်ဖျက်မှုတွင် ပါကစ္စတန်နိုင်ငံ၏ အခန်းကဏ္ဍနှင့် ပတ်သက်ပြီး သံသယရှိသည်ဟု လူမှုကွန်ရက်တစ်ခုဖြစ်သော တွစ်တာပေါ်တွင် ရေးသားခဲ့ရာ အဆိုပါရေးသားချက်နှင့် ပတ်သက်ပြီး ပါကစ္စတန်က ဆန့်ကျင်ကြောင်း စာတစ်စောင်ကို အမေရိကန်သံအမတ်ထံ ပေးပို့ခဲ့ကြောင်း ဒေသတွင်းသတင်းမီဒီယာများတွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တွစ်တာပေါ်တွင် "ပြီးခဲ့တဲ့ ၁၅ နှစ်တာကာလအတွင်း အမေရိကန်နိုင်ငံက ရူးမိုက်စွာနဲ့ ပါကစ္စတန်နိုင်ငံကို အမေရိကန် ဒေါ်လာ ၃၃ ဘီလီယံကျော် ထောက်ပံ့ခဲ့ပါတယ်၊ ဒါပေမယ့် သူတို့က ကျွန်တော်တို့ကို ဘာမှပြန်မပေးပါဘူး၊ ဒါပေမယ့် နိုင်ငံ့ခေါင်းဆောင်တွေကို အရူးလို့ထင်ပြီး လိမ်ညာမှုတွေနဲ့ လှည့်စားမှုတွေပေးခဲ့တယ်၊ အကူအညီနည်းနည်းပေးပြီး အာဖဂန်မှာ ကျွန်တော်တို့ကို ထိခိုက်အောင် အကြမ်းဖက်သမားတွေကို လုံခြုံတဲ့နေရာတစ်ခုပေးခဲ့တယ်၊ ဒီထက်မပိုဘူး" ဟု ရေးသားခဲ့သည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ပါကစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ဒေးဗစ်ဟာလီကို ဆင့်ခေါ်ရန် အရပ်ဘက်နှင့် စစ်ဘက်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ် ရှာဟစ်ခါကွမ်အက်ဘာဆီက ပြောခဲ့သည်။ ထို့နောက် အဆိုပါမှတ်ချက်စကားနှင့် ပတ်သက်ပြီး အမေရိကန်သံအမတ်ထံ စာပို့ခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံအနေဖြင့် စစ်သွေးကြွများကို ခွဲခြားသတ်မှတ်ခြင်းမပြုဘဲ အားလုံးကို အရေးယူမှုများပြုလုပ်နေကြောင်းနှင့် ပါကစ္စတန်နိုင်ငံ၏ စွန့်လွှတ်အနစ်နာခံမှုမှာ မျက်ကွယ်ပြုခံနေရဆဲဖြစ်ကြောင်း အမေရိကန်သံအမတ်အား ပြောကြားခဲ့ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက သတင်းသမားများကို ပြောခဲ့သည်။

ထရန့်၏ ရေးသားချက်အပေါ် ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ခါဝါဂျာနှင့် အတိုက်အခံခေါင်းဆောင်များက ဒေါသတကြီးတုံ့ပြန်ခဲ့ကြသည်။ ထို့အပြင် အာဖဂန်နစ္စတန်၌ အမေရိကန်ကျဆုံးနေမှုကို လိမ်ညာလှည့်စားပြစ်တင်ခြင်းသာဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ရိုက်တာ**



ပါကစ္စတန်နိုင်ငံ ကရာချိရှိ ပါကစ္စတန်စတော့အိတ်ချိန်း၌ ပါကစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ် ဒေးဗစ်ဟာလီ မိန့်ခွန်းပြောနေစဉ်။




# အင်ဒိုနီးရှား၌ ခရီးသည်တင်စက်လှေတစ်စင်း တိမ်းမှောက်ရာ လူရှစ်ဦးသေဆုံး

**ဂျကာတာ ဇန်နဝါရီ ၂**

ခရီးသည် ၄၃ ဦးလိုက်ပါလာသော ခရီးသည်တင် စက်လှေတစ်စင်းသည် အင်ဒိုနီးရှားနိုင်ငံ မြောက်ကာလီမန်တန်ပြည်နယ် စီစရစ်မြစ်၌ ဇန်နဝါရီ ၁ ရက်က တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ လူရှစ်ဦးသေဆုံးပြီး အများအပြားပျောက်ဆုံးလျက်ရှိကြောင်း ဒေသတွင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

စက်လှေသည် ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၄၀ တွင် တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း မြောက်ကာလီမန်တန်ပြည်နယ် ကြက်ခြေနီအသင်းအရာရှိက ပြောခဲ့သည်။ စက်လှေမှောက်ရာတွင် သေဆုံးသူ ရှစ်ဦးကို တွေ့ရှိခဲ့ပြီး ၁၂ ဦးကို ရှာဖွေကယ်ဆယ်နိုင်ခဲ့သော်လည်း ကျန်ရှိသူများအားလုံး ပျောက်ဆုံးနေကြောင်း မြောက်ကာလီမန်တန်ပြည်နယ် ကြက်ခြေနီအသင်းအရာရှိက ပြောခဲ့သည်။

စက်လှေသည် ရေပေါ်တွင် မျောနေသည့် အရာဝတ္ထုတစ်ခုခုနှင့် တိုက်မိပြီး တိမ်းမှောက်မိခြင်းဖြစ်နိုင်ကြောင်း ကနဦးသုံးသပ်ထားပြီး သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်ပူးပေါင်းကာ ဆက်လက်စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အီရန်၌ ဖြစ်ပွားနေသည့် ပဋိပက္ခများအတွင်း ဆန္ဒပြသူခုနစ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရ

**တီဟီရန် ဇန်နဝါရီ ၂**

အီရန်တွင် ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခများအတွင်း ဆန္ဒပြဆန့်ကျင်သူခုနစ်ဦးနှင့် လုံခြုံရေးရဲတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ပြီဖြစ်ကြောင်း ဒေသမီဒီယာက ဖော်ပြခဲ့သည်

ဟာမီဒန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဆာအီဒ် ရှာရိခီက Tuiserkan မြို့၌ ဖြစ်ပွားခဲ့သည့် ဆန္ဒထုတ်ဖော်မှုများအတွင်း လူသုံးဦး သေဆုံးခဲ့ပြီဖြစ်ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားက ပြောကြားခဲ့သည်။

အီရန်နိုင်ငံ နာဂျက်ဖ်အာဘက်မြို့၌ ရုန်းရင်းဆန်ခတ်ဖြစ်ပွားသူများကြောင့် ထိခိုက်ဒဏ်ရာရရှိသူ သုံးဦးရှိပြီး လုံခြုံရေးရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း တပ်စနင်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ဒိုရောက်အုပ်ချုပ်ရေးမှူး မာရှာလာနီမာတီက မကြာသေးမီတွင် အီရန်အနောက်ပိုင်း လိုရက်စတန်ပြည်နယ် ဒိုရောက်မြို့အတွင်း၌ ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုများအတွင်း လူလေးဦးသေဆုံးကြောင်းကို အတည်ပြုခဲ့သည်။

ပြီးခဲ့သည့် ရက်များက အီရန်ရှိမြို့ကြီးအချို့တို့တွင် အစိုးရဆန့်ကျင်သည့် ဆန္ဒပြပွဲများ ပေါ်ပေါက်ခဲ့သည်။ ဆန္ဒပြသူများနှင့် ရဲများ ရုန်းရင်းဆန်ခတ်ဖြစ်ပွားမှု အမြောက်အမြားရှိခဲ့သည်။ ပဋိပက္ခများအတွင်း ဆန္ဒပြသူ ၁၀ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ပြည်ပသတင်းရင်းမြစ်အချို့က ဖော်ပြခဲ့ကြသည်။

အာဏာပိုင်များက ဆန္ဒဖော်ထုတ်ရန် စုဝေးမှုများသည် တရားမဝင်သည့်အတွက် ရဲတပ်ဖွဲ့ဝင်များကို အင်အားသုံးဖြေရှင်းရန် ညွှန်ကြားထားကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဆိုမာလီယာ၌ အမေရိကန်တပ်မတော်က အယ်လ်ရှာဘတ် စစ်သွေးကြွ ၁၇ ဦးကို သုတ်သင်

**မိုဂါဒစ်ရှူး ဇန်နဝါရီ ၂**

အမေရိကန်တပ်မတော်သည် ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ဆိုမာလီယာ၌ လေကြောင်းတိုက်ခိုက်မှုများ အပြင်းအထန်ပြုလုပ်ခဲ့ရာ အယ်လ်ရှာဘတ်စစ်သွေးကြွ ၁၇ ဦးထက်မနည်းကို သုတ်သင်နိုင်ခဲ့ကြောင်း သိရသည်။

ကင်ညာနိုင်ငံနှင့် ဆိုမာလီယာနိုင်ငံတွင် တိုက်ခိုက်မှုများ ပိုမိုတိုးပွားလာချိန်၌ အမေရိကန်တပ်ဖွဲ့ဝင်များက အယ်လ်ရှာဘတ်စစ်သွေးကြွများအား သုတ်သင်ခဲ့ခြင်းဖြစ်သည်။ ယူအက်စ်အာဖရိက စစ်ရေးညွှန်ကြားမှုအဖွဲ့က တနင်္လာနေ့တွင် ထုတ်ပြန်ခဲ့သည့် ဖော်ပြချက်နှစ်ခု၌ ၎င်း၏အင်အားစုများသည် ဒီဇင်ဘာ ၂၇ ရက် ညနေခင်းတွင် မိုဂါဒစ်ရှူးအနောက်ဘက်မှ ၂၅ ကီလိုမီတာအကွာတွင် အကြမ်းဖက်အဖွဲ့ဝင်လေးဦးကို နှိမ်နင်းခဲ့ကြောင်းနှင့် ယာဉ်ပေါ်တွင် တပ်ဆင်ထားသည့် ပေါက်ကွဲပစ္စည်းများကို ဖယ်ရှားခဲ့ကြောင်း ဖော်ပြခဲ့သည်။

အမေရိကန်သည် အယ်လ်ရှာဘတ်စစ်သွေးကြွများကို ဖယ်ရှားပစ်ရန်အတွက် လေကြောင်းတိုက်ခိုက်မှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ ဆိုမာလီယာတောင်ပိုင်းတွင် ပြီးခဲ့သည့် ဒီဇင်ဘာ ၂၄ ရက်က အကြမ်းဖက်အဖွဲ့ဝင် ၁၃ ဦးကို သတ်ဖြတ်ခဲ့ကြောင်း စစ်ရေးညွှန်ကြားမှုအဖွဲ့က ပြောကြားခဲ့သည်။

အမေရိကန်အင်အားစုများသည် အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏အင်အားစုများကို ကာကွယ်ရန်အတွက် ခွင့်ပြုမိန့်ရရှိထားပြီး သင့်လျော်သည့် ဆောင်ရွက်မှုမှန်သမျှကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းများအတွက် ဘေးကင်းသည့် ခိုလှုံရာမရှိစေရကြောင်း ပြောကြားခဲ့သည်။

**ဆင်ဟွာ**



## နိုင်ငံတကာ သတင်းတိုထွာ

### နှစ်သစ်ကူး မီးပန်းပစ်လွှတ်ရာမှ လူရှစ်ဦးဒဏ်ရာရ

**ဖနောင်ပင် ဇန်နဝါရီ ၂**

နှစ်သစ်ကူးကို ကြိုဆိုသည့်အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ ကပ်ပြည်နယ်ရှိ နာမည်ကျော် ကမ်းခြေတစ်ခုတွင် မီးရှူးမီးပန်းများပစ်ဖောက်ခဲ့ရာ မီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လူရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသား ရဲတပ်ဖွဲ့သတင်းဝက်ဘ်ဆိုက်တွင် ဇန်နဝါရီ ၁ ရက်က ဖော်ပြခဲ့သည်။

အဆိုပါ ကမ်းခြေတွင် နှစ်သစ်ကို ကြိုဆိုရန် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည် ၁၀၀၀၀၀ ခန့် လာရောက်ခဲ့ကြောင်း၊ ယင်းနောက် ဒီဇင်ဘာ ၃၁ ရက်ည ၁၁ နာရီတွင် မီးရှူးမီးပန်းများပစ်ဖောက်ခဲ့ရာ ထိုသို့ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရသူများတွင် အမျိုးသမီးသုံးဦးပါဝင်ပြီး ပြည်နယ်ဆေးရုံသို့ ပို့ဆောင်ထားကြောင်း၊ ယခုအခါတွင် ၎င်းတို့အားလုံးသက်သာသွားပြီဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့တည်းခိုရာ နေရာများသို့ ပြန်သွားပြီဖြစ်ကြောင်း သိရသည်။

မတော်တဆ မီးလောင်ပေါက်ကွဲမှုကို မီးသတ်ကားလေးစီးဖြင့် နှစ်နာရီကျော်ကြာငြိမ်းသတ်ခဲ့ရကြောင်း အဆိုပါ သတင်းဝက်ဘ်ဆိုက်တွင် ဆက်လက်ဖော်ပြထားသည်။

**ဆင်ဟွာ**

### ဥရောပ၌ သွေးစည်းညီညွတ်ကြရန် ပြင်သစ်သမ္မတ မက်ခရွန်တိုက်တွန်း

**ပါရီ ဇန်နဝါရီ ၂**

ပြင်သစ်သမ္မတအီမန်နျူရယ် မက်ခရွန်သည် သမ္မတအဖြစ်တာဝန်ဆောင်ရွက်မှုအတွင်း ပထမဆုံးအကြိမ်အဖြစ် နှစ်သစ်ကူးမိန့်ခွန်းပြောဆိုမှုတွင် ပိုမိုစုစည်းညီညွတ်ပြီး ပိုမိုဒီမိုကရေစီနည်းလမ်းကျသော ဥရောပနိုင်ငံဖြစ်ရေးအတွက် တိုက်တွန်းခဲ့ကြောင်း သိရသည်။

ဥရောပသည် စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ဆိုင်ရာ ရင်နီးကျွမ်းဝင်မှုနှင့် သိပ္ပံစွမ်းအင်နိုင်ငံအဖြစ်သို့ရောက်ရှိလာကာ တရုတ်နိုင်ငံ သို့မဟုတ် အမေရိကန်ပြည်ထောင်စုနှင့် ရင်ဆိုင်ယှဉ်ပြိုင်လာနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း မက်ခရွန်က ပြောကြားခဲ့သည်။

ပြင်သစ်နှင့်ဂျာမနီသည် အတူတကွကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်သည်ဟု မက်ခရွန်က ဆိုသည်။

မက်ခရွန်က ၎င်း၏အစိုးရအဖွဲ့သည် ပညာရေးနှင့် အလုပ်လုပ်ကိုင်မှု အခြေအနေများအတွင်း ပေါ်ပေါက်နေသည့် ကွာဟမှုများကို ရင်ဆိုင်ရန်အတွက် ပြုပြင်ပြောင်းလဲမှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း မက်ခရွန်က ပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# အလုပ်ရှင်နဲ့ ဘွဲ့ရတွေအကြား လိုအပ်ချက်တွေ၊ ကွာဟမှုတွေရှိနေသေးတဲ့ အာရှပညာရေး

**တင်လင်းအောင်**



အာရှအဆင့်မြင့်ပညာရေးအခင်းအကျင်းမှာ အဓိကပြောင်းလဲမှုအရွေ့တွေဖြစ်နေတဲ့အချိန် တက္ကသိုလ်တွေအနေနဲ့ သူတို့ရဲ့ပညာရေးစနစ်တွေကို ဖြစ်ပေါ်တိုးတက်လာတဲ့ အခွင့်အလမ်းသစ်တွေနဲ့ ဆီလျော်အောင် တီထွင်ကြံဆ လုပ်ကိုင်သွားကြရမှာ ဖြစ်ကြောင်း စင်ကာပူအမျိုးသားတက္ကသိုလ် အဓိပတိက ပြောခဲ့ပါတယ်။

**အဓိကအာရုံစိုက်တာဖြစ်**

လွန်ခဲ့တဲ့ ဆယ်စုနှစ်အတော်များများက အာရှပညာရေးမှာ သိသာထင်ရှားတဲ့ ပြောင်းလဲမှုတွေနဲ့ အရွေ့တွေဖြစ်ခဲ့ပါတယ်။ အထူးသဖြင့် အဓိက ပြောင်းလဲမှုတွေကတော့ အာရှမှာရှိတဲ့ အဆင့်မြင့်ပညာရေးကဏ္ဍကို ပုံစံအသစ်ပြန်ဖော်ခဲ့ခြင်းပဲဖြစ်ပါတယ်။ အဲလိုပုံစံအသစ်ပြန်ဖော်တဲ့အခါမှာ ကျောင်းသားအလုံးအရင်းနဲ့ အလယ်တန်းလွန်ပညာရေးမှာ စာရင်းသွင်း အပ်နှံခဲ့ကြပါတယ်။ အဲဒီပညာရေးဟာ ဘာကိုအဓိက အာရုံစိုက်လဲ၊ ရည်မှန်းချက်ထားလဲဆိုတော့ ဦးဆောင် တက္ကသိုလ်တွေရဲ့ ဘက်စုံဗဟုသုတ၊ အတွေ့အကြုံရစေသော ပညာရေးပုံစံ ကို အဓိကအာရုံစိုက်တာဖြစ်ပါတယ်။

ဒါတင်ပဲလားဆိုတော့ မဟုတ်သေးပါဘူး။ သုတေသနပုံစံတွေ၊ တီထွင် ဆန်းသစ်မှုပုံစံတွေနဲ့ အသင်းအဖွဲ့တွေရဲ့ ပုံစံတွေကိုပါ ပြောင်းလဲလိုက်ပါသေးတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေတဲ့ တောင်ကိုရီးယားနဲ့ ဂျပန်နိုင်ငံတို့လို နိုင်ငံတွေဟာ အဆင့်မြင့်အလယ်တန်းလွန်ပညာရေးစနစ်ရဲ့ စာရင်းသွင်း အပ်နှံမှုနှုန်းတွေကို ကျမသွားစေဘဲ နှစ်ပေါင်းအတော်ကြာအောင် ထိန်းသိမ်းခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဆယ်စုနှစ်လွန်သမိုင်းဟာ အခုအခါမှာတော့ မျှော်လင့်မထားနိုင်လောက်အောင် ပြောင်းလဲလာခဲ့ပြီဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ အဲလိုအလွန်လျင်မြန်စွာ မျှော်လင့်မထားနိုင်လောက်အောင် ဖွံ့ဖြိုးလာသလို အိန္ဒိယနိုင်ငံမှာလည်း အဲ့လိုပါပဲ။

ဖွံ့ဖြိုးမှုနှုန်းကတော့ အသိအမှတ်ပြုရလောက်အောင်ပါပဲ။ တရုတ်နိုင်ငံ မှာ လာမယ့် ၂၀၂၀ ပြည့်နှစ်လောက်မှာ အဆင့်မြင့်အလယ်တန်းလွန်ပညာရေးစနစ်ရဲ့ စာရင်းသွင်းအပ်နှံမှုနှုန်းဟာ ၃၇ သန်းကျော်ရှိလာမှာဖြစ်ပြီး အိန္ဒိယနိုင်ငံမှာလည်း ၂၇ သန်းကျော်ရှိလာမှာဖြစ်ပါတယ်။ ဒါဟာ အပြုသဘောဆောင် တိုးတက်မှုပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘက်စုံဗဟုသုတ၊ အတွေ့အကြုံရစေသော ပညာရေးပုံစံဟာ ကျောင်းသားတွေကို အသိဉာဏ်ဆိုင်ရာတွေကို ဖွံ့ဖြိုးတိုးတက်စေမှာဖြစ်သလို နောက်ထပ် အသက်မွေးမှုပညာတွေကိုလည်း ရွေးချယ်နိုင်မှာပဲ ဖြစ်ပါတယ်။

**ဘွဲ့ရအလုပ်လက်မဲ့နှုန်း**

သို့သော်လည်း သိသာတဲ့ စိန်ခေါ်မှုတွေကတော့ရှိနေဆဲဖြစ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံမှာ အသက် ၂၅နှစ်မှ ၂၉ နှစ်ကြား ဘွဲ့ရအလုပ်လက်မဲ့နှုန်းဟာ ၂၀၁၆ခုနှစ် နိုဝင်ဘာမှာ ၈ ဒသမ ၂ ရာခိုင်နှုန်းအထိရှိခဲ့ပါတယ်။ ကမ္ဘာ့အဆင့်နဲ့တော့ များလှတယ်မဟုတ်ပေမယ့် အရှေ့တောင်အာရှမှာ နည်းနည်းတော့ များတယ်လို့ ဆိုရမလိုပါပဲ။

နောက်တစ်ခုကတော့ လိုအပ်ချက်ကွာဟမှုတွေပဲဖြစ်ပါတယ်။ တက္ကသိုလ်ပြီးသွားတဲ့ ဘွဲ့ရတစ်ယောက်ရဲ့အရည်အချင်းနဲ့ ကျွမ်းကျင်မှုတွေဟာ စက်ရုံတွေ အလုပ်ရှင်တွေလိုအပ်တဲ့ အရည်အချင်းတွေနဲ့ အံချော်နေတာပဲဖြစ်ပါတယ်။ ထို့အတူ သင်ကြားမှုနဲ့ သင်ယူမှုရဲ့ အရည်အသွေးတွေကို ဆန်းစစ်မေးခွန်းထုတ်ဖို့ပဲဖြစ်ပါတယ်။ အဲ့လိုမေးခွန်းထုတ်တာတွေဟာ အခုဆိုရင် အိန္ဒိယနိုင်ငံမှာ ကျယ်ကျယ်လောင်လောင်ကြားနေရတဲ့ ကိစ္စဖြစ်ပါတယ်။

တရုတ်နိုင်ငံမှာ အဆင့်မြင့်ပညာရေးလျင်လျင်မြန်မြန်ဖွံ့ဖြိုးလာမှုဟာ လိုအပ်ချက်နဲ့ ရရှိမှုတွေကြားကွာဟမှုတွေကို ဖြစ်လာစေပါတယ်။ ဘွဲ့ရတွေများတဲ့မြို့ကြီးတွေမှာ အလုပ်လက်မဲ့နှုန်းမြင့်တက်မှုတွေရှိလာချိန်မှာပဲ သိပ်မကြီးတဲ့ မြို့လေးတွေနဲ့ မြို့ငယ်လေးတွေမှာ လိုအပ်ချက်တွေနဲ့ ပြည့်စုံတဲ့ဘွဲ့ရတွေဟာလည်း လုံလုံလောက်လောက် မရှိသေးပါဘူး။

> **“အရေးကြီးဆုံးတစ်ခုကတော့ တက္ကသိုလ်တွေနဲ့ စက်ရုံ၊ အလုပ်ရုံတွေကြား နက်နဲတဲ့ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေအပေါ် ပေါင်းစပ်လုပ်ဆောင်သွားရမှာပဲ ဖြစ်ပါတယ်၊ သို့သော်လည်းပဲ အဲ့လိုလုပ်ငန်းစဉ်တွေမှာ သဟဇာတဖြစ်မှုတွေ သိပ်မတွေ့ရသေးပါဘူး”**

ဒါဟာခဏတာဖြစ်စဉ်ပဲဖြစ်ပါတယ်။ လတ်တလောမှာ တရုတ်အစိုးရဟာ ကောလိပ်အမြောက်အမြားကို အိမ်တွင်းသက်မွေးမှုပညာသင်ကျောင်းတွေအဖြစ် ပြောင်းလဲမှုတွေ လုပ်ဆောင်နေပါပြီ။ ဒါဟာ ဘာကို ရည်ရွယ်ပြီးလုပ်ဆောင်သလဲဆိုရင် တကယ့်ဈေးကွက်မှာ လိုအပ်တဲ့ အရည်အချင်းတွေနဲ့ကိုက်ညီအောင် ဦးတည်ချက်ထားလုပ်ဆောင်သလို အလုပ်လက်မဲ့နှုန်းတွေ မမြင့်တက်စေဖို့ လုပ်ဆောင်မှုပဲဖြစ်ပါတယ်။ သို့သော်လည်း အဲ့လိုလုပ်လိုက်ခြင်းဖြင့် အလုပ်ရှိဘွဲ့ရတွေရဲ့လစာဟာ လျော့နည်းသွားနိုင်ခြေရှိပါတယ်။

**သင်ကြားမှုတိုးတက်လာဖို့ဖြစ်**

စင်ကာပူကဲ့သို့သော နိုင်ငံငယ်လေးတစ်ခုမှာ တကယ့်အရေးကြီးတဲ့ မေးခွန်းက ဘာလဲဆိုတော့ ဘွဲ့ရတွေကို လိုအပ်တဲ့ အရည်အသွေးတွေ ပြည့်နေအောင် ဘယ်လိုလုပ်ရမလဲဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။ အဓိကပြောင်းလဲမှု နောက်တစ်ခုကတော့ ဦးဆောင် တက္ကသိုလ်တွေရဲ့ ဘက်စုံဗဟုသုတ၊ အတွေ့အကြုံရစေတဲ့ ပညာရေးပုံစံအပေါ် စိတ်ဝင်စားမှုတွေမြင့်တက်လာတာနဲ့အတူ အရည်အသွေးမီတဲ့ အရည်အချင်းရှိတဲ့ သင်ကြားမှုတွေ ဖွံ့ဖြိုးတိုးတက်လာဖို့ပဲ ဖြစ်ပါတယ်။ ဒါဟာ ဟိုးအရင်တုန်းက တစ်ခုတည်းကိုသာ စွဲစွဲမြဲမြဲလေ့လာသင်ယူတဲ့ ပညာရေးပုံစံကနေပြီးတော့ အကြောင်းအရာအများကြီးကိုလေ့လာတဲ့ ပြောင်းလဲလာမှုတွေဖြစ်လာတာပဲဖြစ်ပါတယ်။

သင်ခန်းစာတွေအပေါ် အလွတ်ကျက်ခြင်းကို အခြေခံတဲ့ ရိုးရာသင်ကြားခြင်းနည်းလမ်းတွေကနေ ပိုပြီး အပြန်အလှန်တုံ့ပြန်အကျိုးပြုမှုစနစ်တွေနဲ့ သင်ကြားတဲ့ ပုံစံတွေကို တိုးတက်ပြောင်းလဲလာပြီဖြစ်သလို တကယ့်ပညာရေးနယ်ပယ်မှာ ထွက်ပေါ်လာမယ့် ရလဒ်တွေကလည်း တကယ့် တီထွင်ဖန်တီးနိုင်မှုတွေ၊ နှိုင်းနှိုင်းချိန်ချိန် ကျိုးကြောင်းမျှတစွာ တွေးခေါ်ဆင်ခြင်စဉ်းစားနိုင်စွမ်းတွေ ပေါ်ထွက်လာရေးပဲဖြစ်ပါတယ်။

ပြောင်းလဲလာတဲ့ ပညာရေးနဲ့အတူ ကမ္ဘာကြီးနဲ့ အာရှအကြောင်းကောင်းကောင်းနားလည်နိုင်စွမ်းရှိတဲ့ တကယ် အရည်အချင်းရှိတဲ့ ခေါင်းဆောင်တွေ မွေးထုတ်နိုင်ရေးဟာ တက္ကသိုလ်တွေအတွက် အရေးကြီးလှပါတယ်။

**အာရှကိုကျော်လွှားသွားနိုင်**

အာရှ အဆင့်မြင့်ပညာရေးမှာ တတိယပြောင်းလဲမှု တစ်ခုကတော့ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ သုံးစွဲတဲ့ အသုံးစရိတ်တွေ မြင့်မားလာခြင်းပဲဖြစ်ပါတယ်။ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ သုံးစွဲတဲ့ အသုံးစရိတ်တွေကို ကြည့်မယ်ဆိုရင် တောင်ကိုရီးယားရဲ့ ဂျီဒီပီဟာ အစ္စရေးထက်များနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါပေမယ့် တရုတ်နိုင်ငံရဲ့ ပညာရေးအသုံးစရိတ်ကတော့ အာရှကိုကျော်လွှားသွားနိုင်ပါတယ်။

သုတေသနတွေ အားကောင်းကောင်းနဲ့ ဖွံ့ဖြိုးလာတာနဲ့အညီ သုတေသနဘာသာပြန်ဆိုချက်တွေနဲ့ တီထွင်ဆန်းသစ်မှုတွေဟာ အာရှရဲ့ တက္ကသိုလ်တွေကြား ရေပန်းစားလာပါတော့တယ်။ အရေးကြီးဆုံးတစ်ခုကတော့ တက္ကသိုလ်တွေနဲ့ စက်ရုံ၊ အလုပ်ရုံတွေကြား နက်နဲတဲ့ သုတေသနနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေအပေါ် ပေါင်းစပ်လုပ်ဆောင်သွားရမှာပဲဖြစ်ပါတယ်။ သို့သော်လည်းပဲ အဲ့လိုလုပ်ငန်းစဉ်တွေမှာ သဟဇာတဖြစ်မှုတွေ သိပ်မတွေ့ရသေးပါဘူး။ ပညာရှင်တွေက ပညာရပ်တွေကို လူအများဖြန့်ဝေပေးဖို့ စာအုပ်စာပေထုတ်ဝေရေးတွေအပေါ်အာရုံညွတ်နေပေမယ့် စက်ရုံအလုပ်ရုံတွေကတော့ ရလဒ်နဲ့ အကျိုးအမြတ်ကိုပဲကြည့်လေ့ရှိပါတယ်။ ပညာရေးနယ်ပယ်မှာ ကျင်လည်တဲ့သူတွေဟာ လွတ်လပ်စွာရှာဖွေမှုတွေကို မြတ်နိုးပြီး ကာလရှည်ကြာ လေ့လာမှုတွေအပေါ်မှာ စိတ်ကိုနှစ်မြှုပ်ထားလေ့ရှိပါတယ်။ သို့သော်လည်းပဲ စက်ရုံ၊ အလုပ်ရုံတွေကတော့ အချိန်ကာလသတ်မှတ်ချက်တစ်ခု၊ လုပ်ငန်းအစီအစဉ်နဲ့ ပစ္စည်းများ ပို့ဆောင်ရေးတို့ကိုပဲ အာရုံစိုက်ကြပါတယ်။ ဒီနေရာမှာ ဘယ်လိုပဲဖြစ်ဖြစ် ပညာရေးဆိုင်ရာ အခင်းအကျင်းကတော့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာနေပါပြီ။ စက်ရုံ၊ အလုပ်ရုံမှာ လှုပ်ရှားသက်ဝင်နေသူတွေဟာ ပွင့်လင်းတဲ့ တီထွင်ဆန်းသစ်နည်းပညာတွေနဲ့ နည်းဗျူဟာတွေအပေါ် ချဉ်းကပ်ဖို့ လုပ်ဆောင်နေသလို တက္ကသိုလ်တွေဟာလည်း စီမံကိန်းတွေ၊ လုပ်ငန်းတွေအပေါ် လက်ခံယုံကြည်လာပါပြီ။

**အသစ်အသစ်သော ပြောင်းလဲလာမှု**

အခုလိုနည်းပညာခေတ်ကြီးမှာ နည်းပညာတွေဟာ တစ်ဦးတစ်ယောက်ချင်းစီရဲ့ အရည်အသွေးတွေ၊ ကျွမ်းကျင်မှုတွေကို မြှင့်တင်ပေးပြီး တစ်ဦးတစ်ယောက်ချင်းစီကို တခြားအရာတွေ အများကြီးလုပ်ဆောင်နိုင်အောင် ကူညီပေးပါတယ်။ ခေတ်သစ်စီးပွားရေးလုပ်ငန်းတွေနဲ့ ငွေကြေးပုံစံတွေဟာ အသစ်အသစ်သော ပြောင်းလဲလာမှု အကြောင်းတရားတွေအပေါ် တည်မှီနေပါတယ်။

မည်သို့ပင်ဆိုစေ လျင်မြန်စွာဖွံ့ဖြိုးလာတဲ့ အာရှဟာ တက္ကသိုလ်တွေအတွက် ပညာရေးတွေ တိုးတက်အောင်၊ သုတေသနတွေတိုးတက်အောင်၊ စွန့်ဦးတီထွင် အစီအစဉ်တွေ တိုးတက်အောင် စတဲ့ကောင်းမွန်တဲ့ အခြေအနေတွေကို ဖန်တီးပေးရတော့မှာဖြစ်ပါတယ်။

ဒါမှသာ တက္ကသိုလ်ဘွဲ့ရတွေနဲ့ စက်ရုံ၊ အလုပ်ရုံတွေရဲ့ လုပ်ငန်းရှင်တွေကြားကွာဟမှုကို ကျဉ်းမြောင်းနိုင်မှာဖြစ်သလို လိုအပ်ချက်တွေလျော့နည်းလာမှာပဲဖြစ်ပါတယ်။

**ကိုးကား-ချန်နယ်နယူးအေးရှား**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

၂၃၁။ ပုဒ်မ ၂၃၀ ပါပြဋ္ဌာန်းချက်များကိုလိုက်နာရန် ပျက်ကွက်ခဲ့လျှင် ကုမ္ပဏီနှင့်ပျက်ကွက်မှုကို သိလျက်ဖြင့်တမင်ပြုလုပ်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိများ တစ်ဦးစီသည် ဒဏ်ကြေးငွေကျပ် နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**ပိုင်ဆိုင်သူများ အချိုးကျရရှိသည့် ဒီဘင်ချာများတွင် ပါရှိရမည့် အချက်အလက်များ**

၂၃၂။ ဒီဘင်ချာပိုင်ဆိုင်သူများက အချိုးကျရရှိသောအကျိုးအမြတ်ကို အခြားစာချုပ်စာတမ်းတစ်ရပ်ရပ်၊ကြွေးမြီပေးချေရန်အာမခံမှုတစ်ရပ်ရပ်တွင် ရည်ညွှန်း၍ ထည့်သွင်းဖော်ပြထားသော သို့မဟုတ် ထိုရည်ညွှန်းချက်များအရ ပေးအပ်ထားသော ဒီဘင်ချာများကို ကုမ္ပဏီက သတ်မှတ်ထားသည့်အခါ ကြွေးမြီတာဝန်တင်ရှိခြင်းပါဝင်သော စာချုပ်တစ်ရပ်အားချုပ်ဆိုပြီးနောက် ၂၈ ရက်အတွင်း မှတ်ပုံတင်အရာရှိထံသို့တင်ပြခဲ့လျှင်၊ သို့မဟုတ် အဆိုပါစာချုပ်တစ်ရပ်မရှိခဲ့လျှင် ဒီဘင်ချာများကို ပြုလုပ်ပြီးနောက် အောက်ပါအချက်အလက်များကို တင်ပြလျှင် ပုဒ်မ ၂၂၉ ပါကိစ္စရပ်များအလို့ငှာ ပြည့်စုံမှုရှိသည်ဟုသတ်မှတ်သည် -

(က) ဒီဘင်ချာများအားလုံးဖြင့် အာမခံထားသည့် စုစုပေါင်းပမာဏ၊

(ခ) ဒီဘင်ချာများအားလုံးကို ထုတ်ဝေခွင့်ပြုသော ဆုံးဖြတ်ချက်ချမှတ်သည့် နေ့ရက်နှင့် အာမခံချက်ကိုပြုလုပ်သည့် သို့မဟုတ် သတ်မှတ်သည့် စာချုပ်ရှိခဲ့လျှင် ထိုသို့ချုပ်ဆိုခဲ့သည့် နေ့ရက်၊

(ဂ) ကြွေးမြီတာဝန်တင်ရှိခြင်း ပြုလုပ်သည့် ပစ္စည်း၏ ယေဘုယျဖော်ပြချက် နှင့်

(ဃ) ဒီဘင်ချာများအတွက် ယုံမှတ်အပ်နှံခြင်းခံရသူများ (Trustees) ရှိခဲ့လျှင် ၎င်းတို့၏ အမည်များနှင့် ကြွေးမြီတာဝန်တင်ရှိခြင်း ပါဝင်သောစာချုပ် သို့မဟုတ် သတ်မှတ် ဖော်ပြထားသည့်နည်းလမ်းဖြင့် အတည်ပြုထားသော ယင်းစာချုပ်၏ မိတ္တူတစ်စောင် သို့မဟုတ် အဆိုပါစာချုပ်တစ်ရပ် မရှိခဲ့လျှင် ဒီဘင်ချာတစ်ခုခု၊ မှတ်ပုံတင်အရာရှိသည် သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကိုပေးသွင်းစေပြီး အဆိုပါအချက်အလက်များကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရမည်။ သို့ရာတွင် ဒီဘင်ချာများကို တစ်ကြိမ်ထက် ပိုမို၍ ထုတ်ဝေသည့်အခါတွင် ထုတ်ဝေမှုတစ်ကြိမ်စီအတွက် ပမာဏနှင့် နေ့ရက်တို့ကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းနိုင်ရန်အတွက် မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။ သို့သော် ထိုသို့ပြုလုပ်ရန် ပျက်ကွက်ခြင်းသည် ထုတ်ဝေထားသော ဒီဘင်ချာများ၏ တရားဝင်အတည်ဖြစ်မှုကို ထိခိုက်စေခြင်းမရှိစေရ။

**ဒီဘင်ချာများနှင့် စပ်လျဉ်းသည့် ကော်မရှင်ခစသည်များနှင့် သက်ဆိုင်သည့် အချက်အလက်များ**

၂၃၃။ ကုမ္ပဏီ၏ ဒီဘင်ချာတစ်ရပ်ရပ်အတွက် အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ငွေကြေးထည့်ဝင်ခြင်း သို့မဟုတ် ငွေကြေးထည့်ဝင်ရန် သဘောတူညီခြင်း၊ သို့မဟုတ် အဆိုပါ ဒီဘင်ချာတစ်ရပ်ရပ်အတွက် အပြည့်အဝဖြစ်စေ၊ ခြွင်းချက်ဖြင့်ဖြစ်စေ ဝယ်ယူခြင်း သို့မဟုတ် ဝယ်ယူရန်အတွက် ဆောင်ရွက်ပေးခြင်း သို့မဟုတ် ဆောင်ရွက်ပေးရန် သဘောတူညီခြင်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကော်မရှင်ခ၊ အသုံးစရိတ် သို့မဟုတ် လျှော့ငွေတို့ကိုပေးချေခဲ့လျှင် သို့မဟုတ် ပြုလုပ်ခဲ့လျှင် ပုဒ်မ ၂၂၉ နှင့် ပုဒ်မ ၂၃၂ တို့ပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ရန်အတွက် တင်ပြရမည့် လိုအပ်သောအချက်အလက်များတွင် ထိုသို့ပေးချေခဲ့သည့် သို့မဟုတ် ပြုလုပ်ခဲ့သည့် ကော်မရှင်ခ၊ လျှော့ငွေ သို့မဟုတ် အသုံးစရိတ်များ၏ ပမာဏ သို့မဟုတ် နှုန်းထားရာခိုင်နှုန်းတို့နှင့် သက်ဆိုင်သည့်အချက်အလက်များကို ထည့်သွင်းဖော်ပြရမည်။ သို့သော် ထိုသို့ ပြုလုပ်ရန် ပျက်ကွက်ခြင်းသည် ထုတ်ဝေထားသော ဒီဘင်ချာများ၏ တရားဝင်အတည်ဖြစ်မှုကို ထိခိုက်စေခြင်းမရှိစေရ။ သို့ရာတွင် ကုမ္ပဏီ၏ ကြွေးမြီတာဝန်တင်ရှိခြင်းအဖြစ် ပြုလုပ်ထားသော ဒီဘင်ချာများ၏ အာမခံငွေကိုဤပြဋ္ဌာန်းချက်ပါ ကိစ္စရပ်များအတွက် လျှော့ငွေဖြင့် ဒီဘင်ချာများကို ထုတ်ဝေခြင်းဖြစ်သည်ဟု သတ်မှတ်ခြင်း မပြုရ။

**ပေါင်နှံခြင်းများ၊ ကြွေးမြီတာဝန်တင်ရှိခြင်းများနှင့် သက်ဆိုင်သည့် မှတ်ပုံတင်စာရင်း**

၂၃၄။ (က) မှတ်ပုံတင်အရာရှိသည် ဤဥပဒေစတင်အာဏာတည်ပြီးနောက် ကုမ္ပဏီက ပြုလုပ်သည့်ပေါင်နှံမှုများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများအားလုံးနှင့် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန်လိုအပ်သော ပေါင်နှံမှုများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများအားလုံးအတွက် ကုမ္ပဏီတစ်ခုစီနှင့် သက်ဆိုင်သည့် မှတ်ပုံတင်စာရင်းတစ်ခုကို ထားရှိရမည်ဖြစ်ပြီး သတ်မှတ်ဖော်ပြထားသည့် ငွေကြေးများကို ပေးသွင်းစေလျက် ပေါင်နှံခြင်းများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများအားလုံးနှင့်သက်ဆိုင်သည့် ယင်းတို့အား ပြုလုပ်သည့်နေ့ရက်၊ အာမခံထားသည့် ပမာဏ၊ ထိုသို့ပေါင်နှံသည့် သို့မဟုတ် ကြွေးမြီတာဝန်တင်ထားသည့် ပစ္စည်းနှင့်သက်ဆိုင်သောအချက်အလက် အကျဉ်းချုပ်၊ အပေါင်ခံသူများ၏ အမည်များသို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းများကိုရရှိသည့် ပုဂ္ဂိုလ်များ၏ အမည်များကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ လိုအပ်သောရေးသွင်းမှုများကို ပြုလုပ်ပြီးနောက် မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၂၉ သို့မဟုတ် ပုဒ်မ ၂၃၂ ပါပြဋ္ဌာန်းချက်များနှင့်အညီ တင်ပြခဲ့သော စာချုပ်စာတမ်းများရှိခဲ့လျှင် ၎င်းစာချုပ်စာတမ်းများ သို့မဟုတ် ယင်းတို့၏ တရားဝင်အတည်ပြုထားသော မိတ္တူတို့ကို ယင်းတို့အား တင်ပြသည့် ပုဂ္ဂိုလ်ထံသို့ ပြန်လည်ပေးအပ်ရမည်။

(ဂ) ဤပုဒ်မအရထားရှိသော မှတ်ပုံတင်စာရင်းအား သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို ပေးသွင်းစေလျက် မည်သူမဆို စစ်ဆေးကြည့်ရှုနိုင်စေရန် ဆောင်ရွက်ထားရှိရမည်။

၂၃၅။ ပေါင်နှံခြင်းများနှင့် ကြွေးမြီတာဝန်တင်ရှိခြင်းများ၏ မှတ်ပုံတင်ခြင်းဆိုင်ရာအညွှန်း မှတ်ပုံတင် အရာရှိသည် ဤဥပဒေအရ မှတ်ပုံတင်ထားသည့် ပေါင်နှံခြင်းများ သို့မဟုတ် ကြွေးမြီတာဝန် တင်ရှိခြင်းများ၏အချိန်ကာလအလိုက် အညွှန်းတစ်ရပ်ကို သတ်မှတ်ဖော်ပြထားသည့် အချက်အလက်များနှင့်တကွ ပြုစုထားရှိရမည်။

**မှတ်ပုံတင်အထောက်အထားလက်မှတ်**

၂၃၆။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၂၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားသော ပေါင်နှံခြင်းတစ်ရပ်ရပ် သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၏ မှတ်ပုံတင် အထောက်အထား လက်မှတ်တစ်ခုကို ၎င်းတွင်အာမခံထားသည့် ငွေပမာဏကို ဖော်ပြလျက် ထုတ်ပေးရမည်။ ထိုအထောက်အထားလက်မှတ်သည် ပုဒ်မ ၂၂၉ မှ ပုဒ်မ ၂၃၄ အထိဖော်ပြပါရှိသော လိုအပ်ချက်များနှင့်အညီ မှတ်ပုံတင်ခြင်းအား ပြုလုပ်ထားကြောင်း ပြည့်စုံလုံလောက်သည့် အထောက်အထား ဖြစ်စေရမည်။

**ဒီဘင်ချာအတွက် မှတ်ပုံတင်အထောက်အထားလက်မှတ် သို့မဟုတ် ဒီဘင်ချာစတော့ (Debenture Stock) အထောက်အထားလက်မှတ်များကို ထပ်ဆင့်ထောက်ခံ အတည်ပြုခြင်း**

၂၃၇။ ကုမ္ပဏီသည် ပုဒ်မ ၂၃၆ အရ ပေးအပ်ထားသည့် မှတ်ပုံတင်အထောက်အထား လက်မှတ်အားလုံး၏ မိတ္တူကို ပြုလုပ်ပေးပြီး ကုမ္ပဏီကထုတ်ဝေသည့် ဒီဘင်ချာ သို့မဟုတ် ဒီဘင်ချာစတော့ အထောက်အထား လက်မှတ်အားလုံးနှင့် ထိုသို့မှတ်ပုံတင်ထားသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့အရ အာမခံထားသောငွေပေးချေမှုများကို ထပ်ဆင့်ထောက်ခံအတည်ပြုရမည်။ သို့ရာတွင် ဤပုဒ်မတွင်ပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းများ ပြုလုပ်ခြင်းမရှိမီက ကုမ္ပဏီက ထုတ်ဝေထားသည့် ဒီဘင်ချာတစ်ရပ်ရပ် သို့မဟုတ် ငွေချေးလက်မှတ်စတော့ အထောက်အထားလက်မှတ်တစ်ခုခုနှင့် စပ်လျဉ်း၍ ထိုသို့ပေးအပ်ထားသည့် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းများ၏ မှတ်ပုံတင်အထောက်အထား လက်မှတ်တစ်ခုခုကို ကုမ္ပဏီက ထပ်ဆင့်ထောက်ခံအတည်ပြုရန် လိုအပ်သည်ဟု အဓိပ္ပာယ်ကောက်ယူခြင်းမပြုရ။

**မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏တာဝန်နှင့် အကျိုးသက်ဆိုင်သူ၏ အခွင့်အရေး**

၂၃၈။ (က) ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန် လိုအပ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း၊ ဒီဘင်ချာများထုတ်ဝေခြင်း အားလုံးကို မှတ်ပုံတင်ရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် တင်ပြရန်တာဝန်ရှိသည်။ အဆိုပါ ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်အား မှတ်ပုံတင်ရန် ၎င်းတို့၏ အကျိုးသက်ဆိုင်သူ တစ်ဦးဦးသည် လျှောက်ထားတင်ပြနိုင်သည်။

(ခ) ဤပုဒ်မတွင် ပါရှိသော ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်ထားသော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်၏ စည်းကမ်းချက်များ သို့မဟုတ် အတိုင်းအတာပမာဏ သို့မဟုတ် လုပ်ဆောင်မှုများကို ပြင်ဆင်သတ်မှတ်ပါက အဆိုပါ ပြင်ဆင်သည့်အချက်အလက်များကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ပေးရန် ကုမ္ပဏီတွင် တာဝန်ရှိသည်။ ပေါင်နှံခြင်းသို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်အား မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အထက်တွင်ဖော်ပြခဲ့သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်း တစ်ရပ်ရပ်အား ပြင်ဆင်သတ်မှတ်ခြင်းများနှင့် သက်ဆိုင်စေရမည်။

**ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းဆိုင်ရာ စာချုပ်စာတမ်း၏ မိတ္တူကို ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းတွင် ထိန်းသိမ်းခြင်း**

၂၃၉။ ကုမ္ပဏီအားလုံးသည် ပုဒ်မ ၂၂၉ အရ မှတ်ပုံတင်ရန်လိုအပ်သော ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီ တာဝန်တင်ရှိခြင်း တစ်ရပ်ရပ်အား ပြုလုပ်သည့် စာချုပ်စာတမ်းအားလုံး၏ မိတ္တူတစ်စောင်စီကိုကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ရုံးခန်းတွင် သိမ်းဆည်းထားရှိရမည်။ သို့ရာတွင်အစဉ်လိုက်တူညီသည့် ဒီဘင်ချာများတွင် အဆိုပါ ဒီဘင်ချာတစ်ခု၏ မိတ္တူတစ်စောင်ကို သိမ်းဆည်းထားလျှင် လုံလောက်သည်။

**ပစ္စည်းလက်ခံထိန်းသိမ်းသူအား ခန့်အပ်မှုကို မှတ်ပုံတင်ခြင်း**

၂၄၀။ ကုမ္ပဏီတစ်ခု၏ ပစ္စည်းများကို ထိန်းသိမ်းရန်ပစ္စည်း လက်ခံထိန်းသိမ်းသူတစ်ဦးခန့်အပ်သည့် အမိန့်တစ်ရပ်ကိုရရှိခဲ့လျှင် သို့မဟုတ် စာချုပ်စာတမ်းတစ်ရပ်ရပ်တွင်ပါရှိသော အခွင့်အာဏာများအရ အဆိုပါပစ္စည်း လက်ခံထိန်းသိမ်းသူတစ်ဦးအား ခန့်အပ်ခဲ့လျှင် ထိုသို့အမိန့်ချမှတ်သည့်နေ့ သို့မဟုတ် စာချုပ်စာတမ်းတွင်ပါရှိသော အခွင့်အာဏာအရခန့်အပ်သည့်နေ့မှ ၂၈ ရက်အတွင်း အဆိုပါအချက်အလက်နှင့် စပ်လျဉ်းသည့် အကြောင်းကြားမှုကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံ တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းတို့နှင့် သက်ဆိုင်သည့် မှတ်ပုံတင်စာရင်းတွင် ထိုအချက်အလက်များကို ဖြည့်သွင်းရေးသားရမည်။

၂၄၁။ ပုဒ်မ ၂၄၀ တွင် ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်သူတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ် နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**ပစ္စည်းလက်ခံထိန်းသိမ်းသူများ၏ ငွေစာရင်းများကို တင်ပြရခြင်း**

၂၄၂။ (က) စာချုပ်စာတမ်းတစ်ရပ်ရပ်တွင် ပါရှိသော အခွင့်အာဏာအရ ခန့်အပ်ထားသည့် ကုမ္ပဏီ၏ ပစ္စည်းများကို လက်ခံထိန်းသိမ်းရသူအားလုံးသည် အဆိုပါပစ္စည်းများကို ရယူခဲ့ပြီးထိုဆောင်ရွက်နေသည့် ကာလတစ်လျှောက် ခြောက်လလျှင် တစ်ကြိမ်နှင့် ပစ္စည်းလက်ခံထိန်းသိမ်းသူအဖြစ် ဆောင်ရွက်ခြင်းမှရပ်စဲခဲ့လျှင် သက်ဆိုင်ရာကာလအတွင်း ၎င်းအနေဖြင့်လက်ခံရရှိခဲ့သည်များနှင့် ပေးချေခဲ့ရသည်များကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ကောက်နုတ်ချက် တစ်စောင်အားပြုစု၍ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။ ထို့ပြင်လက်ခံထိန်းသိမ်းသူအဖြစ် ဆောင်ရွက်ခြင်းမှရပ်စဲခဲ့လျှင် အဆိုပါကိစ္စရပ်အတွက်အကြောင်းကြားမှုကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည်ပေါင်နှံခြင်း သို့မဟုတ် ကြွေးမြီတာဝန်တင်ရှိခြင်းနှင့် သက်ဆိုင်သော မှတ်ပုံတင်စာရင်းတွင် ထိုအကြောင်းကြားမှုကို ဖြည့်သွင်း ရေးသားရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အခြေခံပညာရေး ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

(ခ) **သင်ယူမှုဝန်းကျင်ကောင်း** ဆိုသည်မှာ ကျောင်းသားများ၏ ဘက်စုံပညာရရှိရေး အကောင်အထည်ဖော်ရာတွင် ကျောင်း၏ရုပ်ပိုင်းနှင့် ကျောင်းသားများ၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေရန် ပံ့ပိုးသည့်အခြေအနေများ ဖန်တီးပေးခြင်းဖြင့် အောင်မြင်ထိရောက် သော သင်ယူမှုကို ဖြစ်ထွန်းစေသည့် ဝန်းကျင်ကို ဆိုသည်။

**အခန်း(၂)**

**အခြေခံပညာရေး၏ ရည်မှန်းချက်များ**

၃။ အခြေခံပညာရေး၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာရေးကို ပြီးဆုံးသည်အထိ သင်ယူတတ်မြောက်ရန်၊

(ခ) အခြေခံပညာအဆင့်အလိုက် တွေးခေါ်ကြံဆ၊ ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ရှိ၍ ဗလငါးတန်နှင့်ပြည့်စုံသည့် လူသားကောင်းများ ဖြစ်ရန်၊

(ဂ) ပြည်သူ့နီတိ၊ ဒီမိုကရေစီကျင့်စဉ်နှင့် လူ့အခွင့်အရေးဆိုင်ရာ စံနှုန်းများဖြင့် စည်းကမ်းပြည့်ဝ၍ ဥပဒေကို လေးစားလိုက်နာတတ်သည့် တာဝန်သိစိတ်၊ တာဝန်ယူစိတ်ရှိသော လူသားကောင်းများ ဖြစ်ရန်၊

(ဃ) အမြင်ကျယ်မှုရှိပြီး စူးစမ်းရှာဖွေလေ့လာလိုသော စိတ်ဓာတ်နှင့် ပူးပေါင်းတီထွင်ကြံဆ ဆောင်ရွက်တတ်သည့် လူသားကောင်းများဖြစ်ရန်၊

(င) ပြည်ထောင်စုစိတ်ဓာတ်ဖွံ့ဖြိုးပြီး တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်တို့ကို တန်ဖိုးထား၍ ထိန်းသိမ်းမြှင့်တင်နိုင်ပြီး ယင်းတို့ကို လက်ဆင့်ကမ်းနိုင်သည့် နိုင်ငံသားများ ဖြစ်ရန်၊

(စ) သဘာဝပတ်ဝန်းကျင်ကို မြတ်နိုးကာကွယ်ထိန်းသိမ်းပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသိပညာကို လက်ဆင့်ကမ်းနိုင်သော လူသားကောင်းများဖြစ်ရန်၊

(ဆ) နိုင်ငံတကာအဆင့်မီ ပညာရပ်ဝန်းကျင်ကောင်းများ ဖန်တီးပေးရန်နှင့် ခေတ်နှင့်လျော်ညီသော နည်းပညာများကို ထိရောက်စွာအသုံးပြုခြင်းဖြင့် သင်ကြားသင်ယူမှု အရည်အသွေးမြင့်မားရန်၊

(ဇ) အားကစားနှင့် ကာယပညာလုပ်ငန်းများနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများတွင် ကျောင်းသားများ ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အားကစားစိတ်ဓာတ်ဖွံ့ဖြိုးလာရန်၊

(ဈ) နည်းပညာနှင့်သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးအတွက် အခြေခံကောင်းများ ရရှိရန်၊

(ည) အဆင့်မြင့်ပညာရေးအတွက် အခြေခံကောင်းများရရှိရန်၊

(ဋ) လူတစ်ဦးချင်းဖြစ်စေ၊ လူ့အဖွဲ့အစည်းအလိုက်ဖြစ်စေ မတူကွဲပြားမှုများအား နားလည် လက်ခံ၍ တန်းတူညီမျှမှုကို တန်ဖိုးထားလေးစားပြီး ငြိမ်းချမ်းရေးအခြေခံအသိများနှင့်အညီ လက်တွေ့ကျင့်သုံးနေထိုင်တတ်သည့် ကမ္ဘာ့နိုင်ငံသားများဖြစ်ရန်။

**အခန်း(၃)**

**အခြေခံပညာရေးဆိုင်ရာအခြေခံမူများ**

၄။ အခြေခံပညာရေးဆိုင်ရာအခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်နှင့်အညီ အခြေခံပညာကို နိုင်ငံသားတိုင်း သင်ယူတတ်မြောက်ရေး၊

(ခ) ကျောင်းနေအရွယ်ကလေးသူငယ်နှင့် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးအတွက် မသန်စွမ်းသူများအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူနိုင်ခဲ့ခြင်းမရှိသူများကို အခြေခံပညာရေးအဆင့်တိုင်းတွင် လူတိုင်းအကျုံးဝင်ပညာရေး အစီအစဉ်၊ အထူးပညာရေးအစီအစဉ်နှင့် ပညာရေးအထူးဝန်ဆောင်မှုအစီအစဉ်များအရ ကျောင်းပညာရေး သို့မဟုတ် ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးတစ်ခုခုတွင် အခြေခံပညာရေးကို သင်ယူနိုင်ခွင့်ရရှိရေး၊

(ဂ) အခမဲ့မသင်မနေရ မူလတန်းပညာရေးကို ဦးတည်အကောင်အထည်ဖော်ပြီး အဆင့်ဆင့် တိုးချဲ့ဆောင်ရွက်ရေး၊

(ဃ) အခြေခံပညာရေးအဆင့်အလိုက်နှင့် အတန်းအလိုက် သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းစံများနှင့်အညီ အရည်အသွေးအာမခံမှုရှိသောစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(င) ပညာလေ့လာသင်ယူရာတွင် သင်ယူသူ၏ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာ၊ မသန်စွမ်းမှု အပါအဝင် မည်သည့်ခွဲခြားမှုမျှ မရှိရေး၊

(စ) ပညာသင်ယူသူတိုင်း ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝ၍ တိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ရိုးရာဓလေ့များကို မြတ်နိုးလေးစား တန်ဖိုးထားပြီး ထိန်းသိမ်းလိုစိတ်၊ သမိုင်းအမွေအနှစ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မြှင့်တင်လိုစိတ်တို့ အကျုံးဝင်သော တန်ဖိုးထားမှုအခြေပြုသည့် အမျိုးသားစရိုက်လက္ခဏာများ ဖွံ့ဖြိုးရေး၊

(ဆ) အခြေခံပညာရေးကဏ္ဍတွင် သင်ယူသူဗဟိုပြု ချဉ်းကပ်နည်းအပါအဝင် ထိရောက်သော သင်နည်းများဖြင့် သင်ကြားသင်ယူမှုဖြစ်စဉ်ကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊

(ဇ) အစဉ်လေ့လာသင်ယူနေသော အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရန် အခွင့်အလမ်းများနှင့် စာကြည့်တိုက်များနှင့် သင်ကြားသင်ယူမှု စာသင်ခန်းများပါဝင်သည့် သင်ယူမှုဝန်းကျင်ကောင်းများ ဖန်တီးပေးရေး၊

(ဈ) ပညာရေးအညွှန်းကိန်းများကို စဉ်ဆက်မပြတ် စနစ်တကျ လေ့လာကြီးကြပ် အကဲဖြတ်၍ မြင့်မားလာရန် ဆောင်ရွက်ရေး၊

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် အခြေခံပညာရေးစနစ်ကို ကျင့်သုံးရေး၊

*(ဆက်လက်ဖော်ပြပါမည်)*

# လွတ်လပ်ရေး ကြေညာစာတမ်း

**မြင့်ဆွေဦး**

တိုင်းတစ်ပါးတို့၏ စိုးမိုးအုပ်ချုပ်မှုအောက်မှ လွတ်မြောက်လာခဲ့သော တိုင်းပြည်နိုင်ငံများတွင် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံအဖြစ်သို့ ရောက်သည့်နေ့ကို လွတ်လပ်ရေးနေ့ ဟုဟူ၍ အထွတ်အမြတ်ထားကာ သတ်မှတ်ကြလေသည်။ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံကြားဖြတ်အစိုးရသို့ နိုင်ငံ၏ အချုပ်အခြာအာဏာ လွှဲပြောင်းပေးရန် သဘောတူကြောင်းစာချုပ်ကို ၁၉၄၇ ခုနှစ် အောက်တိုဘာလ ၁၇ ရက်နေ့တွင် ချုပ်ဆိုခဲ့သည်။ ထိုစာချုပ်မှာ နု-အက်တလီစာချုပ်ဖြစ်သည်။ ထိုစာချုပ်၏ ပထမအပိုဒ်တွင်

**ထည့်သွင်းခဲ့**

"ဗြိတိသျှအစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအား လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဟူ၍ အသိအမှတ်ပြုသည်"ဟု ထည့်သွင်းခဲ့လေသည်။ ဤစာချုပ်အရ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းလာခဲ့သည်။ ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးစာချုပ်ဟုလည်း ခေါ်ကြသည်။

လွတ်လပ်ရေးကြေညာသည့် အခမ်းအနားကို အတွင်းဝန်များရုံးအတွင်းရှိ လွှတ်တော်ရှေ့တွင် ကျင်းပခဲ့လေသည်။ ယင်းအဆောက်အအုံ၏ မျက်နှာစာ အရှေ့ဘက်အလံတိုင် မျက်နှာမူလျက် လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ နေရာယူကြသည်။ ၎င်းတို့၏အနောက်ဘက်တွင် လွှတ်တော်အမတ်များ၊ တန်းစီ၍ နေရာယူထားကြသည်။ လွှတ်တော်၏ ဆင်ဝင်အောက်တွင် ပုဏ္ဏားတော်များ၊ ဆင်ဝင်ဝဲယာတွင် ဗြိတိသျှအစိုးရ ကိုယ်စားလှယ်များ၊ အရာရှိကြီးငယ်များ အသီးသီး နေရာယူထားကြသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းပရိသတ်များမှာ လွှတ်တော်၏ မျက်နှာစာတွင် တန်းစီနေရာယူထားကြသည်။ နံနက် ၄ နာရီတွင် စည်တော်သံကြီးများ ပေါ်ထွက်လာပြီး ယာယီသမ္မတကြီးသည် ကိုယ်ရံတော်ဗိုလ်မှူးကြီးနှစ်ဦးနှင့် အိမ်တော်ဝန်တို့ ခြံရံလျက် ထွက်တော်မူလာပြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်တို့ နေရာယူထားသည့် ရှေ့နားတွင် နေရာယူကြပါသည်။ ထိုအချိန်တွင် စည်တော်သံရပ်စဲသွားပြီး ဘင်ခရာသံပေါ်ထွက်လာသည်။ သမ္မတကြီးသည် ဗိုလ်ရှုခံတပ်များကို ကြည့်ရှုစစ်ဆေးပြီး ပြန်လည်နေရာယူလေသည်။

နံနက် ၄ နာရီ မိနစ် ၂၀တွင် အမြောက်သံကြီးများနှင့်အတူ ဘင်ခရာသံများ ပေါ်ထွက်လာသည်။ တစ်ချိန်တည်းမှာပင် သင်္ဘောဥသြဆွဲသံများ၊ ခေါင်းလောင်းသံများ၊ သေနတ်သံများ ဆူညံသွားလေသည်။ မီးရှူး၊ မီးပန်း၊ မီးကျည်များ ပစ်ဖောက်လိုက်သည်တွင် ကောင်းကင်တွင် မီးပန်းများ၊ မီးပွင့်စာတန်းများ၊ မီးပန်းအရုပ်များ ထိန်လင်းတောက်ပစွာ ပေါ်ထွက်လာလေသည်။

**အလံတော် တိုင်ထိပ်ရောက်**

ထိုအချိန်မှာပင် ဗြိတိသျှတို့ရဲ့ ယူနီယံဂျက်အလံသည် အလံတိုင်တစ်ဖက်တွင် ထိပ်မှ တဖြည်းဖြည်းဆင်းကျလာစဉ် အလံတိုင်တစ်ဖက်တွင်ထိပ်မှ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံတော်သည် တိုင်ထိပ်သို့ တဖြည်းဖြည်းရောက်ရှိသွားလေသည်။ တိုင်ထိပ်သို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ ရောက်ရှိသွားချိန်တွင် ပုဏ္ဏားတော်ကြီးများ၏ ခရုသင်းအသံများနဲ့အတူ စည်တော်သံကြီးများ ပေါ်ထွက်လာခဲ့လေသည်။ ထို့နောက် နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်သည် 'လွတ်လပ်ရေးကြေညာစာတမ်း' ကိုဖတ်ကြားလေသည်။

**လွတ်လပ်ရေးကြေညာစာတမ်း**

အောင်စေသတည်း -

၁။ မြန်မာသက္ကရာဇ် ၁၃၀၉ခုနှစ် ပြာသိုလဆုတ် ၉ရက် (အင်္ဂလိပ်သက္ကရာဇ် ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်) တနင်္ဂနွေနေ့ ကောင်းမြတ်သန့်စင်မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောအခါ၌ ဤငါတို့ မြန်မာပြည်သည် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အဖြစ်သို့ ရောက်ပြီ။

၂။ ဤငါတို့ မြန်မာနိုင်ငံတော်ကြီးသည် လိုရာမတ ပြည့်စုံလှ၍ ဘူမိနက်သန်မှန်သော မြေထူးမြေမြတ်လည်းဖြစ်၏။ မွန်မြတ်သန့်စင်သော တရားထူး တရားမြတ်တို့တည်ရာ မြေကောင်းမြေမွန်လည်းမှန်၏။ မြေတွင်း မြေပြင် အထူးထူးသော ရတနာအပေါင်းတို့နှင့် ပြည့်စုံသဖြင့် သတ္တဝါအပေါင်းတို့ ဆွတ်ယူစားသုံး ကမ္ဘာဆုံးသော်လည်း မသုဉ်းမကုန်နိုင်သော ပဒေသာစစ် အနှစ်သာရကြွယ်ဝပြည့်စုံသော မြေလည်းဖြစ်၏။ ဘူမိနက်သန် မှန်လှထူးချွန် ဤမြေမွန် မြေမြတ်၌ ရှမ်း၊ ကချင်၊ ချင်း၊ မွန်၊ မြန်မာ စသည်ဖြင့် တစ်သွေးတစ်သား တစ်မိဖွားဖြစ်ကြကုန်သော ငါတို့သည် နှစ်ပေါင်းထောင်ရာ သင်္ချာပွားတက် ရေတွက်ခြင်းငှာ မတတ်နိုင်ရာသော ရာဇဝင်ရှည်ဝေး ရှေးပဝေသဏီမှစ၍ တညီတညွတ် တစုတရုံး လွတ်လပ်သော လူမျိုးအဖြစ် တည်ခဲ့ကြ၏။ တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ မြင်စိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် ထို့နောက် မန္တလေးအထိ ငါတို့၏ လွတ်လပ်ရေးသည် နေရောင် လဝါပမာကဲ့သို့ တဖြာဖြာတဝင်းဝင်း ကမ္ဘာစစ်အောင်ထွန်းလင်းခဲ့ပေ၏။ သို့ရာတွင် ကမ္ဘာ့တန်ဆာကာလအသင်္ချေတည်နေအပ်သော နေမင်းသူရိယ လစန္ဒာတို့ပင် ဆီးနှင်းမြူတိမ်ဖုံးအုပ်၍ ခဏခေတ္တ အရှိန်အဝါ ညှိုးလျော်နွမ်းလျ မထွန်းမပဖြစ်ဘိသကဲ့သို့ ငါတို့၏လွတ်လပ်သော မြန်မာနိုင်ငံတော်သည်လည်း လွန်ခဲ့သည့်နှစ်ပေါင်းလေးရာခန့်က ဥရောပတိုက်မှ ထွက်ပေါ်လာ၍ တစ်ကမ္ဘာလုံးကို ရစ်ပတ်ဖုံးအုပ်ခဲ့သော နယ်ချဲ့ဝါဒနှင့် မရှောင်မကွင်းသာ ကြုံကြိုက်ဆုံတွေ့မိ၍ ပထမအင်္ဂလိပ်-မြန်မာ စစ်၌ရခိုင်၊ တနင်္သာရီ၊ ဒုတိယ အင်္ဂလိပ်-မြန်မာစစ်၌ ဟံသာဝတီ၊ ပဲခူး၊ တတိယအင်္ဂလိပ်-မြန်မာစစ်၌ မန္တလေး၊ ရတနာပုံ သုံးကြိမ် သုံးတန်ချအပ်ရခြင်းဖြင့် ဤမြေထူးမြေမြတ်၌ နှစ်ပေါင်းထောင် ရာ စောင့်ထိန်း၍ လာခဲ့ကြသော ငါတို့၏လွတ်လပ်ရေးသည် ငါတို့လက်မှ လွတ်၍ လက်အောက်ခံဘဝသို့ လုံးဝ ကျရောက်ခဲ့ကြရသည်။ သို့သော် နေမင်းသူရိယ၊ လစန္ဒာတို့ကို ဆီးနှင်းမြူတိမ်တို့သည် မည်သို့ပင်ဖုံးလွှမ်းစေကာမူ နေလတို့၏ အရှိန်အတောက်ကို မခံနိုင်ရကား ခြောက်ဆယ့်တစ်နှစ် တစ်လနှင့် တစ်ရက်သော အခိုက်အတန့်ကလေးမှာပင် အလိုအလျောက် ကွယ်ပျောက်သွားရသဖြင့် ဤနေ့ဤအခါမှစ၍ ငါတို့သည် အသူရိန်ခံတွင်းမှ ရှင်းရှင်းကြီး လွတ်မြောက်အပ်သော လပြည့်ဝန်းပမာ သန့်ရှင်းစင်ကြယ်ချမ်းမြေ့သာယာစွာဖြင့် လုံးဝလွတ်လပ်သော ဘဝထူးဘဝမြတ်ကို လက်ဆုပ်လက်ကိုင် အပိုင်ရရှိကြပြီ။

ယခုငါတို့ရရှိအပ်သော လွတ်လပ်ရေးသည် ရေတွင်ရုပ်ရေး မြသွေးကောင်းကင် တိမ်ရိပ်ထင်သကဲ့သို့သော လွတ်လပ်ရေး မဟုတ်၊ ငါတို့အား လွတ်လပ်ရေးလမ်းစဉ်သို့ ညွှန်လည်းညွှန်ပြ၊ လမ်းစရှာကြံ အမြန်ရောက်အောင် ပို့ဆောင်ခဲ့ကြပေသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အဝဝသော ကူးတို့မှူး ခေါင်းဆောင်ကြီးတို့၏ မဆုတ်မနစ်သော လုံ့လ၊ မလျှော့သော ဝီရိယ၊ ဆီမီးတန်ဆောင်ကဲ့သို့ ထွန်းပအပ်သော ဉာဏ်မျက်စိဝဇီရစိန်သွားကဲ့သို့ စူးရှသော သတ္တိတို့ကြောင့် အဟံမမသံပကြုံးဝါး အခြားအခြား၊ လွတ်လပ်သော နိုင်ငံကြီးတို့နှင့် တန်းတူ မြူတစ်ခြမ်းမျှ မလျှော့မလို ထိုထိုသို့သောတန်ခိုးရှိန်ဝါ တေဇောအပေါင်းတို့နှင့် ပြည့်စုံသော အချုပ်အခြာတည်းဟူသော အာဏာအထူးအမြတ်ကို ငါတို့လက်ကိုင် အပိုင်ရရှိကြပြီ။

**လက်ဆုပ်လက်ကိုင်**

ငါတို့သည် တစ်မျိုးတစ်ဘာသာ တစ်စိတ်တစ်ဒေသ၏ ကောင်းကျိုးချမ်းသာကို မလိုလား။ ကျေးသားရင်သား၊ သူကား ငါကားခွဲခြားခြင်းကို အလိုမရှိ၊ မြစ်ချောင်းသီတာ သမုဒ္ဒရာတောင်တန်းတို့ဖြင့် ကမ္ဘာ့ဓမ္မတာ သဘာဝအပိုင်းအခြား ထင်ရှားစွာ သတ်မှတ်အပ်သော ရာဇဝင်ရှည်ဝေး ရှေးပဝေသဏီမှစ၍ ယခုထက်တိုင် မြန်မာနိုင်ငံသားဟု သမုတ်အပ်သူ တိုင်းရင်းသားအပေါင်းတို့ ဇာတိချက်ကြွေနေထိုင် မြန်မာနိုင်ငံတော်တစ်ဝန်းကို တစ်သွေးတစ်သားတည်းဟူသော ကြိုးထူး၊ တစ်စိတ်တစ်ဝမ်းတည်းဟူသော ကြိုးထူး၊ အလိုအလျောက် သဘာဝအထောက်အပံ့ဖြင့်သာလျှင် ရစ်ပတ် ဖွဲ့စည်းအပ်သော ပြည်ထောင်စုအဖြစ်ကို လက်ဆုပ်လက်ကိုင် ငါတို့အပိုင်ရလေပြီ။

**ငါတို့အပိုင်ရပြီ**

ငါတို့နိုင်ငံတော်ကြီးသည် မည်သူတစ်ဦးတစ်ယောက် တစ်ဖွဲ့တစ်သင်း၏ အမွေအနှစ်မဟုတ်၊ မည်သူတစ်ဦး တစ်ယောက် တစ်ဖွဲ့တစ်သင်း၏ ပုဂ္ဂလိကပိုင်ပစ္စည်းမဟုတ်။ မည်သူတစ်ဦးတစ်ဖွဲ့တစ်သင်းက ချုပ်ကိုင်အနိုင်သိမ်းယူ အကျိုးခံစားအပ်သော နိုင်ငံမဟုတ်၊ အတိတ်ကာလကလည်းကောင်း၊ ယခုမျက်မှောက်တွင်လည်းကောင်း၊ နောင်လာလတ္တံ့သော အနာဂတ်ကာလ၌လည်းကောင်း၊ ငါတို့ပြည်ထောင်စုကြီးအတွင်း၌ မှီတင်းနေထိုင်ကြသော ကြီးငယ်ဝေးနီး၊ ကျားမ မခြား၊ သစ္စာတော်ခံနိုင်ငံသား ဟူသရွေ့တို့၏ အမွေအနှစ်အပိုင်ပစ္စည်း အကျိုးခံစားရာဖြစ်သည်ဟူသော လူ့ဘာသာ လူ့တရားနှင့်အညီ ကမ္ဘာဦးကာလ လူတို့၏ စည်းရုံးမှု၌ လူအပေါင်းတို့၏ သဘောဆန္ဒအရ လူအဝန်း၏ အကျိုးကို ကောင်းစွာဆောင်ရွက်နိုင်အံ့သော ပုဂ္ဂိုလ်ကိုရွေးကောက်၍ သမ္မတတင်မြှောက်ကြသော မဖောက်မပြန် အစွန်းအငြိပကတိ သန့်ရှင်းဖြူစင်သော မူလလူ့ဝါဒနှင့် လျော်စွာစည်းကမ်းဥပဒေ သေချာထင်ရှားစွာ ပိုင်းခြားသတ်မှတ်တူညီသော တရား၊ တူညီသောအခွင့်အရေး၊ တူညီသောအဆင့်အတန်းအားဖြင့် ကမ္ဘာအရှည်တည်စိမ့်သောငှာ လူအပေါင်းတို့၏ ဆန္ဒသာလျှင်အဓိကဖြစ်သော သမ္မတနိုင်ငံတော်တည်းဟူသော မြတ်သောအဖြစ်ကို လက်ဆုပ်လက်ကိုင် ငါတို့အပိုင်ရပြီ။

**ကာကွယ်စောင့်ရှောက်**

သိကြကုန်လော့၊ ယနေ့မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ဤအချိန်မှစ၍ ငါတို့၏ မူလအပိုင်းဖြစ်သော လုံးဝလွတ်လပ်ရေးကို ငါတို့ပြန်၍ယူပြီ။ တိုင်းရင်းသားအပေါင်းတို့ သွေးစည်းညီညွတ်လျက် အခွင့်အရေး အဆင့်အတန်းတူညီသည့် ပြည်ထောင်စုသမ္မတနိုင်ငံကြီးကို တည်ထောင်ပြီ။ ငါတို့လွတ်လပ်ရေးနှင့် ငါတို့နိုင်ငံတော်ကြီး၏ သစ္စာကို ကမ္ဘာဆုံးတိုင် မယိမ်းမယိုင် တည်မည်၊ ငါတို့သည် လွတ်လပ်သောနိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လွတ်လပ်သောနိုင်ငံအပေါင်းတို့ တရားသဖြင့် ကျင့်ဆောင်အပ်သောကျင့်ဝတ်ကို စောင့်ရှောက်ကျင့်ဆောင်မည်၊ ငါတို့၏ လွတ်လပ်ရေးကို ငါတို့ချစ်မြတ်နိုးသည်နှင့်အညီ တစ်ပါးသူတို့၏ လွတ်လပ်ရေးကိုလည်း ငါတို့လေးစားစောင့်စည်းမည်။ ငါတို့သည် ငြိမ်းချမ်းရေးကို အလိုရှိသည်နှင့်အညီ ငါတို့ကဲ့သို့ လိုလားသူများနှင့် အတူလက်တွဲ၍ ကမ္ဘာ့ငြိမ်းချမ်းရေးကို ကာကွယ်စောင့်ရှောက်မည်။


ဤငါတို့ကြေညာချက်ကို တစ်ကမ္ဘာလုံးက တစ်ယောက်မကျန် ကြားသိစေသတည်း။ နိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်သည် လွတ်လပ်ရေးကြေညာစာတမ်းကို ဖတ်ကြားပြီးနောက် ဗြိတိသျှဘုရင်ခံအိမ်တော်သို့ သွားရောက်၍ အာဏာလွှဲပြောင်းသည့် အခမ်းအနားကို တက်ရောက်သည်။

ဗြိတိသျှဘုရင်ခံ အိမ်တော်တွင် ဗြိတိသျှအလံကို အောက်သို့ချပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို လွှင့်ထူပြီးနောက် အာဏာလွှဲပြောင်းသည့် အခမ်းအနားကို ကျင်းပခဲ့လေသည်။

**ထုတ်ပြန်ကြေညာ**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သမ္မတကြီး စဝ်ရွှေသိုက်နှင့် ဝန်ကြီးချုပ်သခင်နုတို့သည် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုနေ့ညတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ နိုင်ငံအသီးသီးမှ လွတ်လပ်ရေးအခမ်းအနားသို့ တက်ရောက်လာကြသော သံတမန်များ၊ ဧည့်သည်တော်များအား နိုင်ငံတော်သမ္မတက ညစာစားပွဲဖြင့် ဧည့်ခံလေသည်။

ထိုဧည့်ခံပွဲတွင် ရုပ်ရှင်နှင့် ပြဇာတ်ဌာနမှ ကပြဧည့်ခံဖျော်ဖြေကြသည်။ ထိုသို့ကပြဧည့်ခံခြင်းမပြုမီ ထိုနေ့နံနက်က ရိုက်ကူးခဲ့သော လွတ်လပ်ရေးမော်ကွန်းတင်မှတ်တမ်းရုပ်ရှင်ကားကို ပြသနိုင်ခဲ့လေသည်။ ။



"ဗြိတိသျှအစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအား လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဟူ၍ အသိအမှတ်ပြုသည်"ဟု ထည့်သွင်းခဲ့လေသည်၊ ဤစာချုပ်အရ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းလာခဲ့"



# သေမင်းခံတွင်းဝကနေပြန်လည်လွတ်မြောက်လာသည့် ပန်းချီဆရာတစ်ဦး၏ ခံစားမှုလက်ရာ ပန်းချီပြပွဲ

ပထမဆုံး အကြိမ်အဖြစ် Deadlyrhyme Art အမည်ဖြင့် ပန်းချီးဆရာ ခေတ်ဘုန်းမိုဇ်၏ တစ်ကိုယ်တော် ပန်းချီပြပွဲကို ထူးခြားဆန်းပြားသည့် လက်ရာမွန်များဖြင့် ဆီဆေး အသုံးပြုရေးဆွဲထားသော ပန်းချီကားပေါင်း ၁၂ ကားကို ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၁၈ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ New Zero Art Space ပန်းချီခန်းမ၌ ပြသခဲ့သည်။ ပြပွဲတွင် ပြသထားသော ပန်းချီကားချပ်များက အရိုးစုများ၊ တူရိယာများဖြင့် ဖွဲ့စည်းထားကာ တစ်မျိုးတစ်ဖုံ ထူးခြားသည့် ဟန်ကို တွေ့ရသည်။ ထိုသို့ရေးဆွဲရခြင်းနှင့်ပတ်သက်ပြီး ပန်းချီဆရာ ခေတ်ဘုန်းမိုဇ်၏ ခံစားမှုအချို့ကို မေးမြန်းဖြစ်ခဲ့သည်။

**မေး ။ အစ်ကို မင်္ဂလာပါ၊ ပန်းချီပြပွဲက အစ်ကိုအတွက် ပထမဆုံးအကြိမ်ဆိုတော့ ပန်းချီရေးခဲ့တဲ့ သက်တမ်းနဲ့၊ အခုမှ ပြသရတဲ့အကြောင်းက။**

ဖြေ ။ ပထမဆုံးအကြိမ်ဟုတ်ပါတယ်၊ ဒီကားတွေကို ရေးဆွဲဖြစ်တာကတော့ ကျွန်တော်က သေခြင်းတရားဆိုတဲ့အရာနဲ့ ခဏခဏကြုံခဲ့ရပါတယ်၊ ကျွန်တော်နှလုံး ခွဲစိတ်ရတယ်၊ နောက် ခြေထောက်၊ ရင်ဘတ်အားလုံး ချုပ်ရိုးတွေပြည့်နေခဲ့တယ်။ အဲ့ဒါကြောင့် ကျွန်တော့်ရဲ့ ပန်းချီကားတွေမှာ ချုပ်ရိုးအရာတွေပါနေတာ တွေ့ရတယ်၊ အဓိပ္ပာယ်က ရှင်းပါတယ်၊ သေခြင်းတရားနဲ့ပတ်သက်တဲ့ အရာတွေကို ဂီတဆိုတဲ့ နူးညံ့သိမ်မွေ့တဲ့အရာနဲ့ ကျော်ဖြတ်ခဲ့တယ် ဆိုတဲ့ အဓိပ္ပာယ်ပါပဲ၊ ကျွန်တော် ဒီပန်းချီကားတွေကို ၂၀၁၇ ခုနှစ် မေလလောက်ကတည်းက စရေးဆွဲခဲ့တာပါ၊ မော်ဘီမှာရှိတဲ့ ခြံထဲမှာ ရှစ်လလောက်အချိန်ယူပြီး ကျွန်တော့်စိတ်ကူးနဲ့ ရေးသားခံစားပြီး လုပ်ခဲ့ တာပါ၊ ကျွန်တော် တော်တော်များများတော့ ရေးခဲ့တာတွေ ရှိပါတယ်၊ စစချင်းဆို ကျွန်တော် မဂ္ဂဇင်းတွေမှာ စပြီးရေးခဲ့တယ်၊ ၂၀၀၆ ခုနှစ်ကစပြီး တော့ ရေးခဲ့တာပေါ့နော်၊ တကယ်တမ်းပြတဲ့အခါ ဘာလို့ဒီလိုပုံတွေပြလဲဆို ပထမပြောသွားသလိုပါပဲ၊ သေမင်းခံတွင်းဝကနေ အကြိမ်ကြိမ်လွတ်မြောက်ခဲ့တယ်၊ နောက် စိတ်ပိုင်းဆိုင်ရာ လွတ်လပ်မှုပိုရလို့ပါ။

**မေး ။ ပန်းချီလောကထဲကို စပြီးရောက်လာခဲ့ပုံက။**

ဖြေ ။ ကျွန်တော့်မှာ ဒီပန်းချီနဲ့ပတ်သက်ပြီး သေချာသင်ကြားပေးသူ သီးသန့်ကြီး မရှိပါဘူး၊ ကျွန်တော့်အစ်ကိုက ကျွန်တော့်ရဲ့ကျေးဇူးရှင်လို့ ပြောလို့ရပါတယ်၊ သူကပဲ ကျွန်တော့်ကို လမ်းပြပေးခဲ့တာပါ၊ ကျွန်တော့်အတွက် လက်ဦး ဆရာရယ်လို့ မရှိပါဘူး။ ကျွန်တော် ဒီပန်းချီတွေ ဆွဲဖို့ စပြီးစိတ်ဝင်စားမှု ဖြစ်လာတာက အစ်ကိုက ကျွန်တော့်ထက် သုံးနှစ်ကြီးတော့ သူက မူလတန်း စတက်တယ်။ သူ့ကျောင်းကနေပြန်လာတာနဲ့ သူ့ကျောင်းလွယ်အိတ်တွေကို မွှေတော့တာပဲ၊ သူတို့ကျောင်းမှာ ရေးဆွဲရတဲ့ ပန်းချီပုံလေးတွေကို ကျွန်တော်ကူးယူရင်းကနေ စခဲ့တာပါ၊ နောက်ပိုင်း ကျွန်တော့်အဖေနဲ့ အမေက အစိုးရဝန်ထမ်းတွေ၊ သူတို့အားတဲ့အချိန်မှာ သူတို့က စေတနာညကျောင်း စာသင်ပေးကြတယ်၊ အဲ့တော့ အိမ်မှာ မြေဖြူခဲနဲ့ ဘလက်ဘုတ်အမည်း တွေရှိတယ်၊ ကျွန်တော် လက်လှမ်းမီသလောက် အဲ့ဒီပေါ်မှာ အရုပ်တွေရေးဆွဲ တယ်၊ အဲ့ကနေစတာပါပဲ။ နောက်ပိုင်းတော့ ဒီလိုပဲ စာအုပ်တွေဖတ်ပြီး လေ့လာဖြစ်ရင်း ပန်းချီတွေရေး ဆွဲခဲ့ပါတယ်။

**မေး ။ ဒါ့အပြင် ထပ်ပြီးတော့ ပန်းချီနဲ့ပတ်သက်ပြီး လုပ်ဆောင်မှုတွေ ရှိသေးလား။**

ဖြေ ။ ကျွန်တော် ပရဟိတ အလှူအဖြစ်နဲ့ New Zero Art Space က ဖွင့်လှစ်ထားတဲ့ ပန်းချီသင်တန်းကျောင်းမှာ ပန်းချီပညာကို သင်ကြားပေးနေ ပါတယ်၊ မော်ဘီမှာ ဖွင့်ထားတာပါ၊ ဒီပြပွဲကနေရတဲ့ အနုပညာကြေးကိုလည်း ကျွန်တော်တို့ ပန်းချီပညာရှင်တွေ၊ ကဗျာဆရာတွေနဲ့ ဖွဲ့စည်းထားတဲ့ "ကဗျာ သီချင်း ပန်းချီ" အဖွဲ့ကိုလှူသွားမှာပါ၊ ကျွန်တော် ပန်းချီတွေလည်း ဆက်ပြီး ရေးဆွဲပြသသွားဖို့ရှိပါသေးတယ်၊ အခုလောလောဆယ်တော့ ပြောလို့ မရသေးလို့ပါ။ ။

## နာမည်ကြီး အမျိုးသားအဆိုရှင်များ အားပြိုင်ထားသည့် "မူလလေးဖြာ" စီးရီး

အမျိုးသားအဆိုတော်လေးဦးဖြစ်သည့် ဂျီလတ်၊ ဟန်ထွန်း၊ သအို၊ ဝေလတို့ သီဆိုထားသည့် "မူလလေးဖြာ" အမည်ရ တေးစီးရီးကို Myanmar Media မှ ဇန်နဝါရီ ၁ရက်တွင် စတင်ဖြန့်ချိသွားမည်ဟု သိရသည်။ အဆိုပါ တေးစီးရီး၏ ထူးခြားမှုမှာ တစ်ကြိမ်တစ်ခါမျှ တွဲဖက်သီဆိုလေ့မရှိသည့် အဆိုတော်လေးဦး၏ ဂီတအနုပညာအားပြိုင်မှုများကို ကြားရမည်ဖြစ်သည်။




"ကျွန်တော်တို့ လေးဦးစလုံးရဲ့ ဂီတဖန်တီးမှုတွေကို ပရိသတ်မြင်တွေ့ရမှာ ဖြစ်ပါတယ်၊ စလုပ်ဖြစ်တာကတော့ အခွေစီစဉ်ပေးတဲ့ ကိုမြင့်ဇော်ပါပဲ၊ သူက ကျွန်တော်တို့ လေးယောက်ကို ပေါင်းပြီး အတွဲခွေ တစ်ခွေလေးလုပ်မယ်ဆိုပြီး ပြောလာတယ်၊ အဲ့ဒါနဲ့ ကျွန်တော်တို့တွေ တိုင်ပင်ပြီး သီချင်းတွေ ဖန်တီးဖို့ တိုင်ပင်ဖြစ်ကြတယ်၊ အဲ့ဒီလိုတိုင်ပင်ခဲ့တာကလည်း လွန်ခဲ့တဲ့ သုံး၊ လေး နှစ်လောက်ကတည်းကပါ၊ ၂၀၁၇ မှာတော့ ကျွန်တော်တို့ အခွေလေး အကောင်အထည်ဖော်နိုင်ခဲ့ပါပြီ၊ ဒီအခွေရဲ့ပုံစံက အတွဲခွေ ဆိုတာမျိုးမဟုတ်ပါဘူး၊ အတွဲခွေဆိုတာ သူတစ်ပုဒ်၊ ငါတစ်ပုဒ် ဆိုကြတာမျိုး မဟုတ်ပါဘူး၊ အခွေထုတ်တယ်ဆိုတဲ့ ရည်ရွယ်ချက်ထက်ပိုပါတယ်၊ သီချင်းတွေကို လုပ်တဲ့ အခါမှာလည်း တစ်ယောက်ချင်းဆီက ကိုယ်ကြိုက်တဲ့ သီချင်းတွေကို ယူလာကြပြီး၊ ROS Bandနဲ့ သေချာတီးခတ်ပြီး သီချင်းတွေတိုက်ကြတယ်၊ တစ်ယောက်သီချင်းကို အားလုံးက ဝိုင်းနားထောင်ပြီး အကြံဉာဏ်ပေး ဖန်တီးကြပါတယ်၊ Solo ခွေ ပုံစံမျိုးပါပဲ၊ တစ်လလောက် အသံသွင်းခဲ့ကြပြီး စိတ်ကြိုက် ဖန်တီးခဲ့ကြပါတယ်၊ ကျွန်တော်တို့က သူငယ်ချင်းတွေ ပေါင်းပြီးတော့ Project တစ်ခုလုပ်ကြတာပါ၊ ကျွန်တော်တို့အားလုံး တစ်ယောက်နှစ်ပုဒ် ဆိုထားကြတယ်၊ Group Songအနေနဲ့ကတော့ တစ်ပုဒ်ပါပါတယ်၊ ခေါင်းစဉ်သီချင်းလေးကို အောင်ကိုမြင့်နဲ့ စောလင်းမိုက ရေးကြတယ်၊ သီချင်းအဓိပ္ပာယ်လေးက သူ့ဟာသူရှိတဲ့သဘာဝကို လူတွေကြောင့် မပျက်စီးစေချင်ဘူးဆိုတဲ့ Message ပေးတဲ့ သဘောပါပဲ"ဟု တေးသံရှင် G - Latt က ပြောသည်။

အဆိုပါ သီချင်းခွေတွင် သီချင်းကိုးပုဒ်ပါဝင်ပြီး တေးရေးဆရာ အောင်ကိုမြင့်၊ ဝေလ၊ စောလင်းမို၊ ကျော်စွာ၊ ဇော်လင်း၊ စောဘလူး၊ Sharn D တို့က ရေးသား ဖော်ကျူးပေးထားကြပြီး၊ သဘာဝအကြောင်း အချစ် အလွမ်းအဆွေး အကြောင်းအရာများ ထည့်သွင်းရေးထားကာ ရှစ်လကျော် အချိန်ယူပြီး အကောင်းဆုံး ဖန်တီးထားကြောင်း သိရသည်။ ။

# ရှိုထဲ နှံထဲကနေ ရှုန်းထွက်ပြီး မယ်ဒလင်တစ်လက်နှင့် နိုင်ငံကျော် အဆိုတော်ဖြစ်လာသူ တွံတေးစိုးအောင်

**ကိုလင်း**

တွံတေးမြို့ကျုံးကြီး ရပ်ကွက်မှာ မွေးဖွားခဲ့ပြီး တောင်ယာ လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းနေသူ မိဘများမှမွေးဖွားခဲ့သူ၊ မြန်မာသံစဉ်တေးသီ ချင်းတွေကို မယ်ဒလင်တစ်လက်နှင့် ဖန်တီးသီဆိုနိုင်ခဲ့ပြီး တစ်ကိုယ်တော်တေးစီးရီးပေါင်း ၁၀၀ ကျော်ကို ထွက်ရှိခဲ့သူ အဆိုတော်တွံတေးစိုးအောင်နှင့် ယခုလို တွေ့ဆုံဖြစ်ခဲ့သည်။

**မေး ။ အစ်ကိုရဲ့ ပရိသတ်တွေအတွက် ၂၀၁၈ မှာ ဂီတနဲ့ပတ်သက်ပြီး ဖန်တီးမှုတွေ သိပါရစေ၊ ပြီးတော့ ဂီတလောကမှာ အတွေ့နည်းလာတာကရော**

ဖြေ ။ ကျွန်တော် မြန်မာသံ စီးရီးလေးတစ်ခွေလုပ်နေပါတယ်။ 'ထိုင်းနိုင်ငံ ရောက်မြန်မာမလေး' ဆိုတဲ့ အခွေထွက်ဖို့ပြင်ဆင်နေပါတယ်၊ အဲဒီခွေလေး လုပ်ဖြစ်တာကလည်း ကိုယ့်မြေကိုယ့်ရေကို စွန့်လွှတ်ပြီး မိသားစုအတွက် မိန်းကလေးတစ်ယောက်ဖြစ်ပေမယ့် စွန့်စားပြီး အလုပ်တွေ လုပ်ကိုင်နေတာလေးကို လေးစားလို့ ဖန်တီးဖြစ်ခဲ့တာပါ၊ အဲဒီထဲမှာ သီချင်း ၁၃ ပုဒ်ထည့်ထားပါတယ်၊ အမြူးလေးတွေနဲ့ အအေးလေးတွေ ပေါင်းပြီး ဖန်တီးထားပါတယ်၊ ဂီတလောကမှာ ကျွန်တော်ရှိပါတယ်၊ အခွေပဲမထွက်ဖြစ်တာပါ၊ အခွေမထွက်တာကလည်း ခိုးကူးတွေကြောက်လို့ပါ၊ ကျွန်တော်က ဘာမှမဖြစ်ပေမယ့် ထုတ်လုပ်ရေးတွေက ပြဿနာရှိလာလို့ပါ၊ နယ်ပွဲတွေလောက်ပဲဆိုဖြစ်တာများပါတယ်၊ အခုထွက်မယ့် အခွေကလည်း ကိုယ့်ဘာသာကိုယ်ပဲ ထွက်လိုက်တာပါ၊ ဂီတလောကမှာ ကိုယ့်ကိုပရိသတ်မေ့နေမှာ စိုးလို့ပါ၊ တစ်နှစ်ကို တစ်ခွေတော့ ကျွန်တော် ထွက်ဖြစ်နေမှာပါ။

**မေး ။ ဂီတဖန်တီးမှုပိုင်းရော အားနည်းသွားတာမျိုး ရှိလား၊ ဂီတ သမားတွေက ပြန်ဆိုတေးနဲ့ သံသရာလည်နေတာဆိုတော့လေ။**

ဖြေ ။ အဲဒီလိုမျိုးတော့မရှိပါဘူး၊ အခွေမထွက်နိုင်တာပဲရှိတာပါ၊ ကိုယ်ထပ်ပြီး ဖန်တီးတဲ့ ဂီတကတော့ မလျော့ပါဘူး၊ အခုထိုင်းနိုင်ငံရောက်မြန်မာမလေးဆိုတဲ့ အခွေဆိုလည်း မယ်ဒလင်တစ်ခုတည်း မဟုတ်တော့ပါဘူး၊ တခြားတူရိယာတွေလည်း ပါပါတယ်၊ ပုံစံတစ်မျိုးတော့ ပရိသတ်ခံစားရမယ်ထင်ပါတယ်၊ အခုအခွေမှာလည်း သီချင်းအသစ်တွေပဲပါမှာပါ၊ အဟောင်းတွေဆိုတာနည်းပါတယ်၊ ကျွန်တော့်အနေနဲ့ ပြောချင်တာလေးတစ်ခု ရှိပါတယ်၊ အဆိုတော်တွေအနေနဲ့ များလာတာကို လက်ခံပါတယ်၊ ကျွန်တော်တို့ ဂီတလောကကြီး ပိုကျယ်ပြန့်လာတဲ့ သဘောပါ၊ ဒါပေမယ့် ဂီတဖန်တီးမှု အပိုင်းကျတော့ ပြန်ဆိုတေးတွေချည်းပဲ လုပ်နေကြတာကြောင့်၊ ဘယ်သူဆိုလို့ဆိုမှန်းတောင် မသိတော့တဲ့အဖြစ်မျိုး ဖြစ်နေတယ်၊ အရင်ကတော့ တစ်ပုဒ်ကောင်းကို တစ်ယောက်ကပဲ ပင်တိုင်ဆိုကြတာလေ၊ အခုတော့ တစ်ပုဒ်ကို အဆိုတော် ဆယ်ယောက်ရှိရင် ဆယ်ယောက်လုံးက ဆိုတော့ သီချင်းတွေက ရိုးအီတဲ့ပုံဖြစ်နေတယ်၊ ပရိသတ်ကလည်း သီချင်းပဲသိတယ် ဘယ်သူဆိုမှန်း မသိကြတော့တဲ့အဖြစ်မျိုးကြုံနေရတယ်။



**မေး ။ သီချင်းအများစုက အောင်မြင်ပြီး ပရိသတ်အကြိုက်တွေ့ခဲ့တာများတယ်ဆိုတော့၊ ရေးသားမှုပိုင်းမှာ ဘယ်လိုခံစားပြီး ဖန်တီးဖြစ်ခဲ့လဲ။**

ဖြေ ။ အမှန်ကတော့ အပေါင်းအသင်းတွေရဲ့ အသိတွေက သူတို့ရဲ့ ခံစားမှုတွေကို ပြောကြတယ် ၊ အဲဒါလေးတွေကို ကျွန်တော်က ခံစားပြီးရေးဖြစ်ခဲ့တာပါ၊ နောက်တစ်ခုက လူတွေဖြစ်ပျက်နေတာလေးတွေကို တွေးပြီး ကိုယ်တိုင်ခံစားရေးသားခဲ့တာပါ၊ သဘောတစ်ခုက လူတစ်ယောက်က မင်္ဂလာဆောင်မှာ သူ့ရဲ့ ရည်စားအတွက် ခံစားနေရတယ်ဆို အဲ့လူဘက်ကကြည့်ပြီး ရေးလိုက်တာပါ၊ လူတွေဖြစ်နေတဲ့အပေါ်ကို ခံစားရေးသားတာများပါတယ်၊ နောက်တစ်ခုက ငွေကြေး ပြည့်စုံသူနဲ့ မပြည့်စုံတဲ့သူတွေ ကြိုက်ကြတဲ့အခါ ခံစားရတဲ့ ခံစားမှုလေးတွေကို ကျွန်တော်က ဆင်းရဲတဲ့သူဘက်ကနေ ခံစားပြီးရေးပါတယ်။

**မေး ။ တွံတေးစိုးအောင်ဆိုပြီး ဖြစ်လာစေတဲ့ တွန်းအားတွေက ဘယ်လိုအကြောင်းအရာတွေကြောင့်လဲ။**

ဖြေ ။ အစ်ကိုတို့ မိဘတွေက တောင်ယာသမားတွေပါပဲ၊ ကျွန်တော်က မယ်ဒလင်နဲ့ အမြဲ သီချင်းတွေဆိုတယ်၊ မိဘတွေက သဘောမကျဘူး၊ ကျွန်တော်ကလည်း ဒါပဲ ဝါသနာပါတော့ မိဘတွေအလုပ်ကို မကြည့်နိုင်ခဲ့ဘူး၊ အဲဒီတော့ သူတို့က သဘော မကျကြဘူး၊ ကိုယ်တိုင်က ဂီတမှ ဂီတဆိုတော့ သဘောမတူတဲ့ကြားကနေ ရအောင်လုပ်ခဲ့တယ်၊ သူတို့သဘောမတူဘူးဆိုတာကလည်း တခြားမဟုတ်ပါဘူး၊ ဒီအလုပ်က လူတစ်ရာမှာ တစ်ယောက်က အောင်မြင်ချင်မှ အောင်မြင်တာဆိုတော့ အားမပေးကြတာပါ၊ အဲဒါနဲ့ ကျွန်တော်ကလည်း ဝါသနာပါတော့ ပထမဆုံး ဆိုင်းဝိုင်းတွေမှာ လိုက်ဆိုဖြစ်ခဲ့တယ်၊ တွံတေးမြို့က ဆိုင်းဝိုင်းတွေမှာ ဒီဘက်ခေတ်ကြိုက် မြန်မာသံလေးတွေကို သီဆိုခဲ့ပါတယ်၊ အဲဒီနောက်ပိုင်း ဆိုင်းဝိုင်းတွေမှာ မကတော့ဘဲ မင်္ဂလာဆောင်တွေမှာ မယ်ဒလင် တစ်လက်နဲ့ ဆိုရတယ်၊ နောက်ကျွန်တော် ကက်စက်ခွေဖွင့်တဲ့စက်ကလေးနဲ့ ကျွန်တော် ဆိုသမျှ ကူးယူထားလိုက်တယ်၊ အလှူတွေရှိရင် ကျွန်တော့်အသံဖမ်းထားတဲ့ အခွေလေးကိုပေးပြီး ဖွင့်ခိုင်းတယ်၊ ပြီးတော့ အသားကောင်းတဲ့ခွေနဲ့ ထပ်ကူးရင်းကနေ နယ်မှာ အလှူတွေလုပ်ရင် ကျွန်တော့်သီချင်းကို အမြဲဖွင့်တော့တာပါပဲ၊ အဲဒီကနေစပြီး တွံတေးစိုးအောင်ဆိုပြီး ပရိသတ်က သိလာတယ်၊ တေးထုတ်လုပ်ရေးတစ်ခုကနေ ကျွန်တော့်ကို ရန်ကုန်ကထင်ပြီး သီချင်းခွေတွေကို ရန်ကုန်မှာရှိတဲ့ တေးသံသွင်းတွေမှာ သွားဝယ်တော့မရှိဘူး၊ အဲဒါနဲ့ ကျွန်တော်နေတဲ့ တွံတေးကို စုံစမ်းပြီး သူတို့ရောက်လာကြတယ်၊ ရောက်လာပြီးမကြာဘူး ရွှေမင်းဂံတေး ထုတ်လုပ်ရေးကနေ ပထမဆုံးစီးရီးကို ကျွန်တော်ထုတ်ဖြစ်ခဲ့ပါတယ်၊ 'ကိုကိုလို့ ခေါ်ပါ' စီးရီးက ပထမဆုံးမှတ်တိုင်ပါပဲ၊ နောက်ကျမှာကျော်ကနေ စီးရီးတွေ ဆက်တိုက်ထုတ်တော့တာပါပဲ။

**ကိုလင်း**

## ခုခံအားကျဆင်းမှုကူးစက်ဝေဒနာ ခံစားနေရသော ကလေးငယ်များကို နှစ်သစ်မှာ လှူဒါန်းခဲ့သည့် အနုပညာရှင်များ

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်း ၁၁ ရပ်ကွက် ဟိုင်စင်ဒူးဝါလမ်း ရှိ NAC Nld Aids Center (ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးဂေဟာ)သို့ ဦးဂျွန်လွင် (Stars & Models ) မိသားစုနှင့် မိတ်ဆွေများ ၊ အလှဖန်တီးရှင် မိတ်ကပ်ပညာရှင် ခင်စန်းဝင်း၊ အဆိုတော်ဗွဲပြည့်နှင့် မိတ်ဆွေ အလှူရှင်များစုပေါင်းပြီး အလှူငွေကျပ် ၂၇၇၀၀၀၀ သိန်းနှင့် စားသောက်ဖွယ်ရာများကို သွားရောက်လှူဒါန်းခဲ့ကြသည်။

"နှစ်သစ်အလှူတစ်ခုလို့လည်း ပြောလို့ရပေမယ့်၊ ကျွန်တော်ကတော့ အမြဲလိုလို လှူဖြစ်ပါတယ်၊ ဒီအလှူ လှူဖြစ်တာကလည်း ကျွန်တော့်မိတ်ဆွေ မခင်စန်းဝင်းကနေပြီး ခူဝံ အွန်လိုင်းမီဒီယာကတင်ထားတဲ့ ဒီပရဟိတကျောင်းလေးနဲ့ ပတ်သက်တဲ့ သတင်းလေးကို Shareပြီး တင်ထားတာတွေ့တယ်၊ အဲ့ဒါနဲ့ ကျွန်တော်လည်း ပြန် Share ပြီး ပြန်လည်မျှဝေတဲ့အနေနဲ့ အလှူရှင်တွေ လှူဒါန်းနိုင်အောင် ပြန်လည်မျှဝေရင်းကနေ အားလုံးပါဝင်ပြီး ဒီနေ့မှာ နှစ်တစ်နှစ်ရဲ့လအစ ၁ ရက်နေ့မှာ လှူဖြစ်ခဲ့တာပါ၊ ဒီကိုရောက်တော့ကလေးတွေကို တွေ့ရပြီး ကျွန်တော့်ရင်ထဲ မကောင်းဘူးပေါ့၊ ကလေးတွေဆိုတာ ဘာမှမသိတဲ့ အရွယ်လေးတွေ၊ လူမမယ်လေးတွေ အသက်နဲ့ မလိုက်အောင် ဝေဒနာတွေ ခံစားနေရတယ်၊ ဒါကြောင့် ကျွန်တော် ပြောချင်တာလေးတစ်ခုရှိပါတယ်၊ အလှူရှင်တွေအနေနဲ့ တကယ်လိုအပ်တဲ့နေရာတွေကို လှူကြပါ၊ ပြည့်စုံနေတဲ့ နေရာတွေကို လှူနေမယ့်အတူ မပြည့်စုံသေးတဲ့ ဒီလိုနေရာမျိုးလေးတွေ သွားရောက် လှူဒါန်းကြပါလို့ တိုက်တွန်းပါရစေ" ဟု ဦးဂျွန်လွင် (Stars & Models) က ပြောကြားခဲ့သည်။

အဆိုပါ NAC ပရဟိတဂေဟာတွင် ခုခံအားကျဆင်းမှုကူးစက်ရောဂါ ခံစားနေရသော ကလေးငယ် အမျိုးသား ၃၂ ဦး၊ အမျိုးသမီး ၃၀စုစုပေါင်း ၆၂ဦးရှိပြီး နေ့စဉ် ထိုကလေးများအတွက် ကူညီစောင့်ရှောက်မှုများရှိနေကြပြီး အမှန်တကယ် ဒုက္ခရောက်နေသူမိဘမဲ့ ကလေးများနှင့် ရောဂါဝေဒနာခံစားနေရသူများနေထိုင်ရန် အတွက် အဆောက်အအုံကိုလည်း ဆောက်လုပ်လျက်ရှိရာ ပါဝင်လှူဒါန်းလိုသူများ အနေဖြင့် ဖုန်း - ၀၉-၇၉၅၆၅၇၀၁၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ကိုလင်း**



## နိုင်ငံတကာအနုပညာသတင်းပဒေသာ

## Family Feudမြူးဇစ်ဗီဒီယိုနဲ့ ဘီယွန်ဆေးလ်ကိုဝန်ခံလိုက်တဲ့ဂျေဇက်

ရက်ပါအဆိုတော် ဂျေဇက်ဟာ ထုတ်လွှင့်ပြသခဲ့တဲ့ မြူးဇစ်ဗီဒီယိုမှာ သူ့ရဲ့ဇနီးဖြစ်သူ ဘီယွန်ဆေးလ်အပေါ်မှာ သူအပြစ်လုပ်ခဲ့တာတွေနဲ့ပတ်သက်ပြီး တောင်းပန်တဲ့ပုံစံ ရိုက်ကူးထားတာကို တွေ့ရပါတယ်။ အဲဒီဗီဒီယိုမှာ သူတို့နှစ်ဦးရဲ့သမီးဖြစ်သူ ငါးနှစ်အရွယ် ဘလူးအိုင်ဗီ လည်းပါဝင်ထားပါတယ်။ အဲဒီဗီဒီယိုဟာ မိသားစုကြားက သံယောဇဉ်ချည်နှောင်မှုနဲ့ အမျိုးသမီးတွေရဲ့စွမ်းအားကို ချီးကျူးဂုဏ်ပြုထားပါတယ်။ မိသားစုအတွင်း ရန်လိုမှုတွေ ရှိနေတဲ့အခါ အရာအားလုံးကို ကျွန်တော်တို့ ဆုံးရှုံးသွားမှာပဲဖြစ်တယ်လို့ ဂျေဇက်ရဲ့သီချင်းထဲမှာ ပါဝင်ထားပါတယ်။ သူ့မိသားစုကို မစောင့်ရှောက်နိုင်တဲ့လူဟာ ဘယ်တော့မှ ချမ်းသာမှုအစစ်အမှန်ကိုရမှာ မဟုတ်ဘူးလို့လည်း သီဆိုထားပါတယ်။ ဒီမြူးဇစ်ဗီဒီယိုဟာ ဂျေဇက်ရဲ့နောက်ဆုံးထွက်ရှိတားတဲ့ အောင်မြင်တဲ့ အယ်ဘမ်ဖြစ်တဲ့ '4:44' ထဲက သီချင်းဖြစ်ပါတယ်။

ဒီဗီဒီယိုကို ထုတ်လွှင့်ပြီး တစ်နာရီအတွင်းမှာပဲ တွစ်တာပေါ်မှာ အအောင်မြင်ဆုံး သီချင်းတွေထဲမှာပါဝင်သွားပါတယ်။အသက်၄၈နှစ်ရှိပြီဖြစ်တဲ့ ဂျေဇက်က သူ့ရဲ့ အိမ်ထောင်သက်ကိုးနှစ်တာကာလရဲ့ အစောပိုင်းကာလတွေမှာ သူ့ရဲ့ဇနီးဖြစ်သူ ဘီယွန်ဆေးလ်အပေါ်မှာ သစ္စာဖောက်တာတွေရှိခဲ့တယ်လို့ နယူးယောက်တိုင်းမ်စ်နဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။ ဂျေဇက်နဲ့ ဘီယွန်ဆေးလ်တို့စုံတွဲဟာ ဂီတလုပ်ငန်းမှာ အချမ်းသာဆုံးနှင့်အအောင်မြင်ဆုံးစုံတွဲဖြစ်ပြီး သူတို့စုံတွဲက ပြန်လည်အဆင်ပြေပြီး ဘီယွန်းဆေးလ်ဟာလွန်ခဲ့တဲ့ ဇွန်လအတွင်းကပဲ အမြွှာလေးမွေးဖွားခဲ့ပါတယ်။ ဂျေဇက်ဟာ ဇန်နဝါရီလအတွင်းမှာချီးမြှင့်မယ့် ဂရမ်မီဆုအတွက် အမည်စာရင်း တင်သွင်းရာမှာလည်းပါဝင်နေပြီး အကောင်းဆုံးသီချင်း အယ်ဘမ်၊ သီချင်းဆုတို့အတွက် ဆုရဖို့ ရှေ့တန်းကနေပြေးနေတာပဲ ဖြစ်ပါတယ်။ '4:44' အယ်ဘမ်မှာဆိုရင် ဂျေဇက်ရဲ့အချစ်၊ မိသားစုနဲ့ လူမှုရေးကိစ္စတွေကို တွေ့နိုင်ပြီး သူ့ရဲ့ဇနီးဖြစ်သူကို တောင်းပန်ထားတာကိုလည်း တွေ့နိုင်ပါတယ်။ **ချို (ရိုက်တာ)**



## ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေးစွမ်းနေသည့် ပြင်ဦးလွင်လိမ္မော်ခြံ

ပြင်ဦးလွင်မြို့၏ အရှေ့မြောက်ဘက် ပွဲကောက်ရေတံခွန်မှ တစ်မိုင်ခန့်အကွာတွင် မြေဧရိယာ ဧက ၄၀၀ ရှိ လိမ္မော်စိုက်ခင်းကြီးတစ်ခုတည်ရှိနေပြီး စိုက်ခင်းအတွင်း တစ်နှစ်ပတ်လုံး ပင်လုံးကျွတ် အသီးများ ပြွတ်ခဲနေအောင် သီးနေသည့် အပင်ပေါင်း ၃၅၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လိမ္မော်စိုက်ခင်းကြီးအတွင်း ပျားလိမ္မော်၊ နံပါတ်ဝမ်းလိမ္မော်၊ Fremont လိမ္မော်၊ ခါလားမက်ဒင်းခမ်းခေါ် လိမ္မော် စသည်ဖြင့် လိမ္မော်ပင်မျိုးစုံကို အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထားရှိပြီး ဖြစ်သကဲ့သို့ တခြားသီးနှံများဖြစ်သော ကော်ဖီ၊ နဂါးမောက်၊ ယိုးဒယားမာလာကာပင်တို့ကိုလည်း သီးခြားစိုက်ကွင်းများဖြင့် စိုက်ပျိုးထားကြောင်း သိရသည်။

စိုက်ခင်း၏ အဓိကသီးနှံမှာ လိမ္မော်ပင်များဖြစ်ပြီး ယင်းလိမ္မော်ပင်တို့မှာလည်း တစ်နှစ်ပတ်လုံး အဆက်မပြတ် သီးပွင့်နေပြီဖြစ်သောကြောင့် အပင်ပြုပြင်ထိန်းသိမ်းခြင်း၊ ပေါင်းသင်ရေလောင်းခြင်း၊ မြေဩဇာကျွေးပိုးသတ်ခြင်း၊ အသီးခူးဆွတ်ရွေးချယ်ခြင်း၊ ရေဆေးအရောင်တင်ခြင်း၊ ဈေးကွက်အတွင်းသို့ ပို့ဆောင်ရောင်းချခြင်း စသည့် လုပ်ငန်းအဆင့်ဆင့်တို့အတွက် ဒေသခံကျေးရွာများမှ လုပ်သား ၂၀၀ ခန့်ကို အချိန်ပြည့် အလုပ်အကိုင်အခွင့်အလမ်းများ ပေးစွမ်းနိုင်နေကြောင်း သိရသည်။

လိမ္မော်ပင်တစ်ပင်၏ သီးအားနှုန်းမှာ အနည်းဆုံး ၃၀၀ ကျော် ၄၀၀ မှ အများဆုံး ၈၀၀ ကျော် ၁၀၀၀ အထိ သီးနေပြီဖြစ်သဖြင့် အသီးများကို ခူးဆွတ်ရွေးချယ်၍ ပြင်ဦးလွင်ဒေသတစ်ဝိုက်တွင်လည်းကောင်း၊ မန္တလေး၊ ရန်ကုန်တို့မှ တစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့ တင်ပို့ဖြန့်ချိရောင်းချလျက်ရှိနေပြီး ပြင်ဦးလွင်ပျားလိမ္မော်ဟု ဈေးကွက်အတွင်း နာမည်ကျော်ကြားလျက်ရှိကြောင်း သိရသည်။

ထွက်ရှိသော လိမ္မော်သီးအရွယ်အစား၊ ပမာဏအပေါ် မူတည်၍ တစ်ကီလိုလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိနေပြီး ဒေသခံလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားစေသကဲ့သို့ စိုက်ပျိုးရေးနှင့် ထုတ်ကုန်ဗဟုသုတများလည်း တိုးပွားကြကြောင်း သိရသည်။

**သက်နိုင် (ပြင်ဦးလွင်)**



## မော်ကျွန်း-ပုသိမ်စု မြစ်ကူးတံတားတည်ဆောက်ပေးရန် မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူများက လိုလား



**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၂**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့အနောက်ဘက်ခြမ်းရှိ ကျေးရွာများမှ မော်လမြိုင်ကျွန်းမြို့သို့ တိုက်ရိုက် ကူးသန်းသွားလာရေးတွင် အရေးပါသော အနောက်တုံးလုံချောင်းမြစ်ကူးသည့် မော်ကျွန်း-ပုသိမ်စု မြစ်ကူးတံတား မဆောက်လုပ်ရသေးသဖြင့် အနောက်ပိုင်းကျေးရွာ ခုနစ်ရွာမှ ဒေသခံပြည်သူများနှင့် မော်လမြိုင်ကျွန်းမြို့ အ.ထ.က (၁) နှင့် အ.ထ.က (၂) သို့ ကျောင်းတက်ကြရသော ကျောင်းသူ ကျောင်းသားများမှာ ရေစီးကြမ်းသော အနောက်တုံးလုံချောင်းမြစ်ကို စက်လှေကူးတို့ဖြင့် နေ့ည ကူးသန်းသွားလာနေရပြီး အချိန်မရွေး ဘေးအန္တရာယ်ဖြစ်ဖွယ်ရှိနေသည်။

ရန်ကုန်သမိုင်း ခဝဲခြံနေ ဒေါ်ခင်မျိုးမြင့်၊ ထီတိုလိုကျေးရွာနေ မသန်းသန်းဦး၊ ဆိုင်ကယ်ကယ်ရီသမား ကိုချစ်ပိုင်ထွန်းတို့က "အနောက်တုံးလုံချောင်းမြစ်ကို မြစ်ကူးတံတားတည်ဆောက်လိုက်ရင်တော့ ဒေသခံပြည်သူတွေနဲ့ ကျောင်းသူ ကျောင်းသားတွေအတွက် အထူးဝမ်းမြောက်စရာသတင်းကောင်းပါပဲ၊ အခုဆိုရင် ပုသိမ်စု၊ သပြေချောင်းကြီး၊ ဝဲချောင်း၊ သပြေချောင်းလေး၊ ထီတိုလို၊ တံခွန်တိုင်လေးနဲ့ ကမ်းဇောက်ကျေးရွာက ပြည်သူတွေ နေ့စဉ် စက်လှေကူးတို့နဲ့ ကူးနေကြရတယ်။ အနောက်တုံးလုံချောင်းမြစ် ရေစီးကြမ်းတဲ့ အချိန်ဆိုရင် အန္တရာယ်သိပ်များပါတယ်။ မော်ကျွန်း-လှိုင်းဘုန်း-ပြင်စလူ အဝေးပြေးလမ်းမကြီးရဲ့ လမ်းခွဲကလည်း သပြေချောင်းကြီးကျေးရွာနားမှာဆိုတော့ ဒီအနောက်တုံးလုံချောင်း မြစ်ကူးတံတားထိုးပြီးရင် မော်ကျွန်းအနောက်ပိုင်းဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမှာပါ" ဟု ရှင်းလင်းပြောပြ ကြသည်။

အဆိုပါ မော်လမြိုင်ကျွန်း-ပုသိမ်စု မြစ်ကူးတံတား တည်ဆောက်ပေးရန် မော်လမြိုင်ကျွန်းမြို့နယ်နှင့် ပင်လယ်ပိုင်းဒေသနေ ပြည်သူများက လိုလားနေကြကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

## ဘိလပ်မြေစက်ရုံသစ်တည်ဆောက်ရာ၌ နယ်မြေအတိုင်းအတာသတ်မှတ်ခြင်းအတွက် ပြည်သူများနှင့် ဆွေးနွေး

**မတ္တရာ ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ဒဟတ္တောကျေးရွာအုပ်စု အောင်ပြေကျေးရွာအနီးတွင် တည်ဆောက်မည့် Myanmar Conch Cement (Mandalay) Co.,Ltd Alpha ဘိလပ်မြေ စက်ရုံ၌ တစ်ရက်လျှင် ဘိလပ်မြေ တန် ၅၀၀၀ ထုတ်လုပ်နိုင်စွမ်းရှိသော စက်ရုံအသစ် တည်ဆောက်ရာတွင် နယ်မြေအတိုင်းအတာ သတ်မှတ်ခြင်းအတွက် အများပြည်သူများနှင့် တွေ့ဆုံဆွေးနွေး ရှင်းလင်းပွဲကို ဒီဇင်ဘာ ၃၀ ရက်က မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းက အမှာစကားပြောကြားခဲ့ပြီး Alpha ဘိလပ်မြေစက်ရုံ မှ ဒုတိယစက်ရုံမှူး ဦးခင်မောင်တင့်က ဘိလပ်မြေစက်ရုံဝန်ထမ်းများနှင့် မိတ်ဆက်ပေးခဲ့ပြီး အကောင်ထည်ဖော် တည်ဆောက်မည့် ဘိလပ်မြေစက်ရုံ စီမံကိန်းအကြောင်းကို Power Point ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ တက်ရောက်လာသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ခံများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

ဘိလပ်မြေစက်ရုံစီမံကိန်းနယ်မြေနှင့် ထိစပ်လျက်ရှိသော မတ္တရာမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ တက်ရောက်ခဲ့ပြီး ဒေသခံပြည်သူများကလည်း စီမံကိန်းနှင့် ဆက်နွှယ်သော သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ အကြံပြုစာများကို ရေးသားအကြံပြုခဲ့ကြကြောင်း သိရသည်။

**စိုးကျော်သူထွေး (မတ္တရာ)**

## နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စစ်တုရင်ပြိုင်

**ဂန့်ဂေါ ဇန်နဝါရီ ၂**

နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဂန့်ဂေါမြို့နယ် လွတ်လပ်ရေးနေ့ ကျင်းပရေးကော်မတီ စစ်တုရင်ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီက ကြီးမှူး၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စစ်တုရင်ပြိုင်ပွဲ (အငယ်တန်း) U 13 ကို ဇန်နဝါရီ ၁ ရက်က ကျင်းပသည်။

ပြိုင်ပွဲသို့ ဝါသနာရှင် ၁၈ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်းနှင့် ဆုများကို ဇန်နဝါရီ ၄ ရက်တွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

# နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား မြစ်ကြီးနားဆေးရုံကြီး၌ အခမဲ့ ခွဲစိတ်ကုသပေးသွားမည်

**မြစ်ကြီးနား ဇန်နဝါရီ ၂**

ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်းစုံမှ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် လူနာများအား မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၌ ဇန်နဝါရီ ၁၁ ရက်မှ ၁၄ ရက်အထိ အတွင်း မန္တလေး သွားဖက်ဆိုင်ရာဆေးတက္ကသိုလ်မှ ခွဲစိတ်အထူးကု ပါမောက္ခ ဆရာဝန်ကြီးများ ပါဝင်သောအဖွဲ့၊ ကချင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီး နား၊ နှာခေါင်း၊ လည်ချောင်းဌာနတို့ ပူးပေါင်းကာ လေးရက်ကြာ အခမဲ့ ခွဲစိတ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အခမဲ့ ခွဲစိတ်ကုသမှုတွင် ကုသမှုခံယူရန် သက်ဆိုင်ရာမြို့နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် စာရင်းပေးသွင်းထားသူ အရေအတွက် ၆၀ ကျော်ခန့်ရှိသည်ဟု ဆိုသည်။

"ကချင်ပြည်နယ်ထဲက ခရိုင်လေးခရိုင်လုံးက ဒီဝေဒနာရှင်တွေထဲက ကုသချင်လို့ စာရင်းပေးထားတဲ့သူတွေ အားလုံးပါမယ်၊ ကျွန်တော်သိသလောက်ဆိုရင် အယောက် ၆၀ ကျော်ရှိတယ်လို့ ပြောတယ်၊ မန္တလေးက သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်က ပါမောက္ခ ဆရာဝန်ကြီးတွေလာမယ်၊ ကျွန်တော်တို့ ဆေးရုံမှာ ခွဲမယ်၊ ခွဲပြီးရင်နေဖို့နေရာ ထိုင်ခင်းကို စီစဉ်ပေးထားမယ်၊ ဆေးဝါးတွေကတော့ သူတို့တွေ ယူလာမယ်၊ လူနာတွေအတွက် လိုအပ်တာတွေကိုတော့ ဒီက မိခင်နဲ့ကလေးနဲ့ အမျိုးသမီးရေးရာအဖွဲ့တွေက ကူညီမယ်၊ တခြား စားတာသောက်တာကတော့ လူမှုရေးအသင်းအဖွဲ့တွေက ဝိုင်းကူညီကြမှာပါ။ အစီအစဉ် အသေးစိတ်အတွက်ကိုတော့ ဇန်နဝါရီလဆန်းပိုင်းမှာ အစည်းအဝေး ထပ်ခေါ်ရပါဦးမယ်"ဟု မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဖုန်းမော်က ပြောသည်။



ဇန်နဝါရီ ၁၁ ရက်တွင် စတင်ခွဲစိတ်ကုသပေးမည်ဖြစ်ခြင်းကြောင့် ကြိုတင်ပြင်ဆင်ရမည်ဖြစ်သော ပုံမှန်ကျန်းမာရေး စစ်ဆေးမှုများနှင့် ခွဲစိတ်ကုသမှုခံယူရန်အတွက် သွေးစစ်ခြင်းများကို ပြုလုပ်ရမည်ဖြစ်ရာ လူနာများအနေဖြင့် မြစ်ကြီးနားမြို့ရှိ ပြည်သူ့ဆေးရုံကြီးသို့ ကြိုတင်လာရောက်ဆက်သွယ်ရန်လိုကြောင်း ဆေးရုံအုပ်ကြီးက ဆက်လက်ပြောကြားသည်။

"ခွဲစိတ်မှုတစ်ခုလုပ်ဖို့ဆိုတာ သူ့ရဲ့ကျန်းမာရေး ပုံမှန်ရှိမရှိ စစ်ဆေးရမယ်၊ ခွဲစိတ်မှုခံယူလို့ ရမရ အခြားသွေးစစ်တာတို့ ဘာတို့ ရှိသေးတယ်၊ ဒါကြောင့် စာရင်းပေးထားတဲ့သူတွေက ဒီကို သုံးလေးရက်လောက်တော့ ကြိုလာရလိမ့်မယ်၊ ၁၁ ရက် စခွဲမယ်ဆိုတော့ ၉ ရက်နေ့လောက် အရောက်လာရမယ်"ဟု ဒေါက်တာဖုန်းမော်က ဆက်လက်ပြောကြားသည်။

ယခုကဲ့သို့ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသပေးမှု အစီအစဉ်များကို ယခင်ကလည်း နှစ်ကြိမ်ပြုလုပ်ခဲ့ဖူးပြီး ယခုအကြိမ်သည် တတိယအကြိမ်မြောက် ခွဲစိတ်ကုသပေးမှုဖြစ်သည်ဟု သိရသည်။ ကချင်ပြည်နယ်အတွင်းရှိ အဆိုပါ ဝေဒနာရှင်လူနာများအား ယခင်က ဂျပန်ဟတ်အဖွဲ့၊ တပ်မတော် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် အိန္ဒိယနိုင်ငံမှ စမိုင်းထရိန်းအဖွဲ့တို့က အခမဲ့ လာရောက်ခွဲစိတ် ကုသပေးခဲ့ဖူးပြီး ယခု တတိယအကြိမ် ခွဲစိတ်မှုသည် ပြည်တွင်းမှ ဆရာဝန် ပါမောက္ခကြီးများနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြစ်ကြီးနားဆေးရုံကြီးတို့ ပူးပေါင်းခွဲစိတ်ပေးမှုဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး**

# ဓနုဖြူမြို့၌ မြစ်ကမ်းပါးပြိုကျမှုကြောင့် နေအိမ် ၁၁ လုံးပျက်စီး

**ဓနုဖြူ ဇန်နဝါရီ ၂**

ဓနုဖြူမြို့(၁၆)ရပ်ကွက် ကမ်းနားလမ်း၌ ဒီဇင်ဘာ ၃၀ ရက် ည ၁၀ နာရီခွဲခန့်က ရောဝတီမြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားခဲ့၍ နေအိမ် ၁၁ လုံး ကမ်းပြိုကျမှုတွင် ပါသွားခဲ့ပြီး နေအိမ်ရှစ်လုံးကို ကြိုတင်ဖျက်သိမ်းရွှေ့ပြောင်းခဲ့ရကြောင်းနှင့် ဖြစ်စဉ်ကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ခြင်းမရှိကြောင်း သိရသည်။



ကမ်းပြိုကျမှုကြောင့် ကမ်းနားလမ်းရှိ ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုး အိမ် ၁၀ လုံး ပျက်စီးခဲ့သလို ကျွန်းငါးဖမ်းလှေ နှစ်စီး၊ ပိုက် နှစ်ပုံနှင့် စက်တစ်လုံးလည်း ကမ်းပြိုမှုတွင် ပါသွားခဲ့ကာ ပျဉ်ခင်း၊ ဝါး ထရံကာ၊ သွပ်မိုးနေအိမ် ရှစ်လုံးကို ကြိုတင်၍ ဖျက်သိမ်းခဲ့ကြရကြောင်း၊ ကမ်းပြိုမှုကြောင့် စုစုပေါင်း ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် ၉၆သိန်းခန့်ဖြစ်ကြောင်းသိရသည်။

ကမ်းပြိုသည့်နေရာသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ စည်ပင်ကော်မတီဝင်များ၊ စီမံကိန်းရေးဆွဲရေးကော်မတီဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်နေပြည်သူများ လာရောက်ခဲ့ပြီး နေအိမ်များပျက်စီးခဲ့ရသည့် အိမ်ထောင်စုများမှ ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှသိရသည်။ ထို့အပြင် ဒီဇင်ဘာ ၃၁ ရက်တွင်လည်း ကမ်းပြိုကျမှု စိုးရိမ်ဖွယ်ရှိသည့် နေအိမ်ငါးလုံးတို့ကို ထပ်မံ၍ ကြိုတင်ဖျက်သိမ်းခဲ့ကြကြောင်း သိရသည်။

**အောင်သူဟိဏ်း(ပြန်/ဆက်)**

# ကျောင်းအခြေပြု အကြီးတန်းနှင့် အငယ်တန်း မီနီမာရသွန်ပြိုင်ပွဲကျင်းပ




**တောင်ကြီး ဇန်နဝါရီ ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် Pocari Sweat ရေနှင့် ဓာတ်ဆားဖြည့်အချိုရည်ကုမ္ပဏီတို့ ပူးပေါင်း၍ ရှမ်းပြည်နယ်၌ ဆေးလိပ်ငွေ့ကင်းစင်ရေး လှုပ်ရှားမှုတစ်ရပ်အဖြစ် ကျင်းပသည့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား ကျောင်းအခြေပြု အကြီးတန်းနှင့် အငယ်တန်း မီနီမာရသွန်ပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက်က ပြည်နယ်အားကစားကွင်း သစ်တောရပ်ကွက်၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲကို ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဝင်းအောင်၊ ပြည်နယ်ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံနှင့် ပြည်နယ်သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့သည်။ အကြီးတန်း မီနီမာရသွန်ပြိုင်ပွဲတွင် အားကစားသမားများက ပြည်နယ်အားကစားကွင်းတောင်ဘက်မှ စတင်၍ ဗိုလ်ချုပ်အောင်ဆန်းလမ်းတလျှောက် ကရင်မရေထွက်အထိ၊ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း ပြည်နယ်အားကစားကွင်းသို့ ပြန်လည်ပန်းဝင်ခဲ့သည်။ အငယ်တန်း မီနီမာရသွန်ပြိုင်ပွဲတွင် အားကစားသမားများက ပြည်နယ်အားကစားကွင်းတောင်ဘက်မှ စတင်၍ ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက် မြင်းရုပ်အထိ၊ ထိုမှတစ်ဆင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း ပြည်နယ်အားကစားကွင်းသို့ ပြန်လည်ပန်းဝင်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် ဆုရအားကစားသမားများအား တာဝန်ရှိသူများက ဆုတံဆိပ်နှင့်ငွေသား ဆုများချီးမြှင့်ပေးခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## မှုခင်းသတင်းတိုများ

### မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးဂိတ်အနီး၌ အဝေးထိန်းမိုင်းတစ်လုံးတွေ့ရှိ

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် မိုင်းယု(၁၀၅)မိုင်ကုန်သွယ်ရေးဇုန် ယာဉ်ငယ်စစ်ဆေးရေးဂိတ်အနီး၌ ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီအချိန်ခန့်က အဝေးထိန်းမိုင်းတစ်လုံးတွေ့ရှိခဲ့ကြောင်း သိရသည်။ ယာဉ်ငယ်စစ်ဆေးရေးဂိတ်အနီး ပြည်ထောင်စုလမ်းမကြီးဘေး ခြုံထဲ၌ အမည်မသိလက်နက်ကိုင်အဖွဲ့တစ်ခုခုက ထောင်ထားသော အဝေးထိန်းမိုင်းတစ်လုံးကို ကုန်တင်ကုန်ချအလုပ်သမားတစ်ဦးက တွေ့ရှိခဲ့သဖြင့် တာဝန်ရှိသူများမှတစ်ဆင့် နယ်မြေခံတပ်သို့ ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားခဲ့သဖြင့် နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များ၊ (၁၀၅)မိုင်ရဲကင်းအဖွဲ့များ၊ သတင်းရဲတပ်ဖွဲ့များ၊ ကုန်သွယ် ရေးဇုန်မှ တာဝန်ရှိသူများ၊ မီးသတ်အဖွဲ့များက လာရောက်စစ်ဆေးကာ နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးက အောင်မြင်စွာ ဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

### ကျောက်တံခါးမြို့နယ်၌ Express ယာဉ် မီးလောင်ကျွမ်းမှုဖြစ်



ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းပိုင်း၌ ခရီးသည်တင် Express မော်တော်ယာဉ်တစ်စီး မီးလောင်ကျွမ်းမှု ဒီဇင်ဘာ ၃၁ ရက်က ဖြစ်ပွား၍ ငွေကျပ်သိန်းနှစ်ရာဖိုးခန့် ဆုံးရှုံးခဲ့ပြီး ခရီးသည်များ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။ ရန်ကုန်-မန္တလေး အမြန်လမ်းပိုင်း မိုင်တိုင်အမှတ် ၉၉/၃ နှင့် ၉၉/၄ အကြား၌ ရန်ကုန်မှပုဂံသို့ ယာဉ်မောင်းမင်းမင်း မောင်းနှင်လာသော ဘုရားဖူး Express ယာဉ်သည် အင်ဂျင်ခန်းမှ ဝိုင်ယာရှော့ခ်ဖြစ်၍ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မြို့ချောင်းအမြန်လမ်းမကြီး မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖြူးမီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များက စုစုပေါင်း မီးသတ်ယာဉ်လေးစီးဖြင့် လာရောက်ငြိမ်းသတ်ပေးခဲ့ရကြောင်း၊ မီးလောင်ကျွမ်းမှုကြောင့် ယာဉ်ပေါ်တွင်ပါသည့် ခရီးသည် ၃၉ ဦးနှင့် ယာဉ်မောင်းတို့ ထိခိုက်ဒဏ်ရာရမှု မရှိသော်လည်း ယာဉ်မှာ တစ်စီးလုံး မီးလောင်ကျွမ်းခဲ့ကြောင်း မှုခင်းမှတ်တမ်းအရ သိရှိရသည်။ ယာဉ်၏ကြံ့ခိုင်မှုကို စစ်ဆေးခြင်းမရှိဘဲ မောင်းနှင်ရာမှ မီးလောင် ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းကြောင့် ပေါ့ဆစွာမောင်းနှင်သူ ယာဉ်မောင်း မင်းမင်းအားမြို့ချောင်း အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်ထားပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

### ဟသ်ာတ၌ မီးဖိုချောင် မီးကြွင်းမီးကျန်မှ မီးလောင်ကျွမ်းမှုဖြစ်ပွား

ဟသ်ာတမြို့ ပန်းဘဲတန်းရပ်ကွက် ပိုးစာတော(၄)လမ်း၌ ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်အချိန်ခန့်က နေအိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးလောင်ရာသို့ ဟသ်ာတခရိုင် မီးသတ်ဦးစီးမှူး ဦးစိုးနောင်နှင့် တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်သုံးစီးဖြင့် လာရောက်ငြိမ်းသတ်ပေးခဲ့ရသည်။ မီးလောင်မှုမှာ နေအိမ်မီးဖိုချောင် မီးကြွင်းမီးကျန်မှ စတင်ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရှိရကာ မီးလောင်မှုကြောင့် ဝါးကြမ်းခင်း၊ ထရံကာ၊ သွပ်မိုး အိမ်တစ်လုံး ဆုံးရှုံးခဲ့၍ မီးပေါ့ဆစွာသုံးစွဲသူအား ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူနိုင်ရေးအတွက် တာဝန်ရှိသူများက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

### ဇန်းမော်မြို့၌ တရားမဝင်တမလန်းသစ် ၂၂ တန်နီးပါး ဖမ်းမိ

ကချင်ပြည်နယ် ဇန်းမော်မြို့တွင် တရားမဝင် တမလန်းသစ်ခွဲသား ၂၂ တန်နီးပါးကို ဒီဇင်ဘာ ၂၉ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ဇန်းမော်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ ဇန်းမော်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းနိုင်နှင့် သစ်တောဝန်ထမ်းများ၊ ဇန်းမော်ခရိုင်မှုခင်းနှိမ်နင်းရေးမှ ရဲအုပ်မြင့်ထူး၊ ဇန်းမော်မြို့မရဲစခန်းမှူး ဒုရဲမှူးသိန်းဝေမြင့်နှင့် ရဲတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် သီရိရပ်ကွက် ခြံအမှတ်(၁၀၂)အတွင်း၌ တမလန်းသစ်ခွဲသား ၅၇၃ ချောင်း (အလေးချိန် ၂၀ ဒသမ ၆၂၆၇ တန်)နှင့် တမလန်းသစ်လုံး ၄၇ လုံး(အလေးချိန် ၁ ဒသမ ၃၃၄ တန်)တို့ကို ပိုင်ရှင်ဖြစ်သူ မင်းဇော်(၃၂နှစ်)နှင့်အတူ ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဖမ်းဆီးရမိသောသစ်များကို ဇန်းမော်မြို့နယ် သစ်တောရုံးဝင်းထဲသို့ သယ်ယူသိမ်းဆည်းထားပြီး မင်းဇော်အား ဇန်းမော်မြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၏ လူနာတင်ယာဉ်ဖြင့် စေတနာ့ဝန်ဆောင်မှုများ ဆောင်ရွက်

**ကော့သောင်း ဇန်နဝါရီ ၂**

ကော့သောင်းခရိုင်နှင့် မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့၏ လူနာတင်ယာဉ်ဖြင့် မြို့နေပြည်သူများ၏ အရေးပေါ် ကျန်းမာရေးလိုအပ်ချက်များအတွက် စေတနာ့ဝန်ဆောင်မှုလုပ်ငန်းများကို ဇန်နဝါရီ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စေတနာ့ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်း အစီအစဉ်များကို အများပြည်သူသိရှိစေရေးအတွက် ဒီဇင်ဘာ ၃၁ ရက်တွင် ကြက်ခြေနီတပ်ဖွဲ့ဝင်များက မြို့အနှံ့ လိုက်လံအသိပေးကာ လက်ကမ်းစာစောင်များလည်း ဝေငှပေးခဲ့ကြသည်။ ဝန်ဆောင်မှုလုပ်ငန်းများအဖြစ် မြို့နေပြည်သူများ မတော်တဆ ထိခိုက်ဒဏ်ရာရရှိမှုအတွက် အရေးပေါ် ရှေးဦးသူနာပြုစုနည်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လူနာများအား ဆေးရုံဆေးခန်းများသို့ အချိန်နှင့်တစ်ပြေးညီ အခမဲ့ ပို့ဆောင်ပေးခြင်း၊ ဆေးရုံမှ နေအိမ်သို့ပြန်နိုင်ရေး အခက်အခဲရှိသူများအား ဝန်ဆောင်မှုပေးခြင်း၊ အရေးပေါ်သွေးလိုအပ်သူများအား သွေးလှူဒါန်းပေးခြင်း၊ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်သည့်နေရာများတွင် ကူညီကယ်ဆယ်ခြင်း စသည့် လုပ်ငန်းများကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း ကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ လိုက်လံအသိပေးအချက်အရ သိရသည်။

စေတနာ့ဝန်ထမ်း ဝန်ဆောင်မှုများကို မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့၏ လူနာတင်ယာဉ်ဖြင့် တပ်ဖွဲ့ဝင်များက ၂၄ နာရီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် အရေးပေါ် အကူအညီလိုအပ်မှုများအတွက် ဆက်သွယ်အကြောင်းကြားနိုင်ရန် ဖုန်းနံပါတ်များပါရှိသည့် ဗီနိုင်းပိုစတာများကို မြို့အနှံ့ လိုက်လံချိတ်ဆွဲခြင်းနှင့် လက်ကမ်းစာစောင်များ လိုက်လံဝေငှခြင်းဖြင့် ပြည်သူများအား အသိပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**




# ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားများ ရိုးရာဓလေ့ထုံးစံ နှီးနှောဖလှယ်ပွဲ ကျင်းပ

**မိုးညှင်း ဇန်နဝါရီ ၂**

မိုးညှင်းခရိုင်အတွင်း ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားများရိုးရာဓလေ့ထုံးစံ နှီးနှောဖလှယ်ပွဲကို မိုးညှင်းခရိုင် အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက်က ဦးစီးပြီး မိုးညှင်းမြို့ထီးလင်းဘုန်းကြီးကျောင်း အောင်မင်္ဂလာဇာတ်ရုံ၌ ဒီဇင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။

ငြိမ်းချမ်းရေးနှင့်အတူ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုရရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ မိုးညှင်းခရိုင် အရပ်ဖက်လူမှုအဖွဲ့အစည်းများကွန်ရက်မှ ဦးဆောင်ကော်မတီဝင် ဦးတင်ကိုကိုက “ငြိမ်းချမ်းခြင်းနှင့်အတူ စည်းလုံးညီညွတ်ခြင်း၊ စိတ်ထားဖြူစင်ခြင်း၊ တစ်ဦးနှင့်တစ်ဦးမေတ္တာထားခြင်း စတဲ့ ရိုးရာဓလေ့စရိုက်တွေကို ပြန့်နှံ့စေဖို့ရည်ရွယ်ပါတယ်၊ ကျွန်တော်တို့ဒေသအတွင်းက တိုင်းရင်းသားတွေ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးရှိမှ ကျွန်တော်တို့ဒေသအတွင်း ငြိမ်းချမ်းသွားမှာပါ၊ ဒီအတွက်ကို အဓိကထား ရည်ရွယ်ပြီး ဒီပွဲကို ပြုလုပ်ဖြစ်ခဲ့တာပါ”ဟု ပြောသည်။

ဒီဇင်ဘာ ၂၉ နှင့် ၃၀ နှစ်ရက်ကြာ ကျင်းပခဲ့သည့် အဆိုပါ နှီးနှောဖလှယ်ပွဲတွင် ကချင်၊ ရှမ်း၊ ရှမ်းနီ၊ ရခိုင်၊ ဗမာ၊ ဂေါ်ရခါး တိုင်းရင်းသားများ ပါဝင်တက်ရောက်ကာ တိုင်းရင်းသားအားလုံးက ဒေသအတွင်း ငြိမ်းချမ်းရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မင်းမင်းဦး**



နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသော တိုင်းရင်းသားများ

# မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် မျိုးစေ့ထုတ်လုပ်သူများ သမဝါယမအသင်း ဖွဲ့စည်းမည်

**ဘားအံ ဇန်နဝါရီ ၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် သမဝါယမဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်အတွင်းမှ မျိုးစေ့ထုတ်တောင်သူများ ပူးပေါင်းပြီး မျိုးစေ့ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ထုတ်လုပ်သူများ သမဝါယမအသင်းကို ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၏ ပြောကြားချက်အရ သိရသည်။



ဘားအံမြို့ရှိ ပြည်နယ်သမဝါယမဦးစီးဌာနရုံး၌ ဇန်နဝါရီ ၁ ရက်က ကျင်းပသော မြို့နယ်အဆင့် မျိုးစေ့ထုတ်လုပ်သူများ သမဝါယမအသင်း ဖွဲ့စည်းရေးအခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းထွန်းဦးက ပြောကြားခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် သီးနှံမျိုးစေ့ထုတ်လုပ်သောတောင်သူများအနေဖြင့် တစ်ဦးတစ်ယောက်ချင်းစီသာ ထုတ်လုပ်လျက်ရှိကြောင်း၊ တစ်ဦးတည်းထုတ်လုပ်ပါက ချိတ်ဆက်မှုအားနည်းကာ အသင်းဖြင့်ထုတ်လုပ်ပါက မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးတိုတက်မှု ပိုမိုကောင်းမွန်လာမည်ဖြစ်သည့်အပြင် အသင်းဖွဲ့စည်းလိုက်ခြင်းအားဖြင့် သီးနှံစိုက်ပျိုးရာတွင်လိုအပ်သော နည်းပညာ၊ ငွေကြေးများကို ရရှိလာနိုင်မည်ဖြစ်သည့်အတွက် မျိုးစေ့ထုတ်တောင်သူများ ဝင်ငွေတိုးတက်ရရှိစေမည်ဖြစ်သလို လယ်ယာကဏ္ဍလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဦးစီးမှူးက ပြောသည်။

အဆိုပါအသင်းဖွဲ့စည်းရေး အခမ်းအနားတွင် ပြည်နယ်သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက အသင်းဖွဲ့စည်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိဦးလှထွန်းက အသင်းအနေဖြင့် လုပ်ဆောင်သွားရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

မျိုးစေ့ထုတ်လုပ်သူများအသင်း ဖွဲ့စည်းပြီးပါက စိုက်ပျိုးရေးဦးစီးဌာနမှ အသင်းသို့ မျိုးသန့်မျိုးစေ့များ ထုတ်ပေးသွားမည်ဖြစ်ပြီး သမဦးစီးဌာနအနေဖြင့်လည်း မျိုးစေ့ထုတ်လုပ်သောတောင်သူများအား သက်သာသော အတိုးနှုန်းထားဖြင့် တစ်ကေလျှင် ချေးငွေ ကျပ်သုံးသိန်းစီ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ ယခုဖွဲ့စည်းသောအသင်းသည် ပထမဆုံးအကြိမ် ဖွဲ့စည်းခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ပြည်နယ်အဆင့်အထိ အသင်းများ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရန်အတွက် စိုက်ပျိုးဗဟုခြံမှ တောင်သူများအတွက် တစ်နှစ်လျှင် မျိုးသန့်မျိုးစေ့တင်း ၄၀ ခန့် ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ဘားအံမြို့နယ်အတွင်း ကျေးရွာအုပ်စု ၉၁ စုရှိကာ အသင်းကို ဇန်နဝါရီ ဒုတိယအပတ်အတွင်း အမှုဆောင်ကော်မတီဝင် ၁၇ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ထားဝယ် ရိုးရာယဉ်ကျေးမှုပြပွဲ ကျင်းပ

**ထားဝယ် ဇန်နဝါရီ ၂**

ထားဝယ်ရိုးရာယဉ်ကျေးမှုနှင့် ရှေးဟောင်းပစ္စည်းများကို ထိန်းသိမ်းတန်ဖိုးထားတတ်လာစေရန်၊ ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို မပျောက်ပျက်အောင် လက်ဆင့်ကမ်း ထိန်းသိမ်းထားတတ်လာစေရန် ရည်ရွယ်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ထားဝယ်ဒေသအတွင်းရှိ ထားဝယ်ရိုးရာယဉ်ကျေးမှုနှင့် ရှေးဟောင်းပစ္စည်းများပြပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်က ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာ က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာလာဝင်းက ပြပွဲဆောင်ရွက်ရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြား၍ စာရေးဆရာကြီး ဦးဘမြင့်က ထားဝယ် စာပေစကား၊ ထားဝယ်ရိုးရာယဉ်ကျေးမှုနှင့် ရှေးဟောင်းပစ္စည်းများအကြောင်းကို ရှင်းလင်းပြောကြားကာ ထားဝယ်ရိုးရာ ယဉ်ကျေးမှုအဖွဲ့မှ ဆရာဦးကိုကိုကြီးက ထားဝယ်ရိုးရာယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှုနှင့် ဓလေ့ထုံးတမ်းများအကြောင်း၊ ထားဝယ်ရိုးရာ ယိမ်းအကဖြစ်ပေါ်လာမှု သမိုင်းကြောင်းအရာများအကြောင်းကို ရှင်းလင်းပြောကြားသည်။

**ခင်းကျင်းပြသထားမည်**

ထားဝယ်ရိုးရာယဉ်ကျေးမှုနှင့် ရှေးဟောင်းပစ္စည်းများကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြတိုက်ငယ်တွင် ခင်းကျင်းပြသထားမည်ဖြစ်ကြောင်း သိရသည်။

**လှလှ**

# တရုတ်-မြန်မာ ပေါက်ဖော်ချစ်ခြင်းမေတ္တာ ယဉ်ကျေးမှုဖလှယ်ရေးဖျော်ဖြေပွဲကျင်းပ

**မူဆယ် ဇန်နဝါရီ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့ တရုတ်-မြန်မာ နယ်စပ်ယဉ်ကျေးမှုဖလှယ်ရေးအသင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ မူဆယ်ခရိုင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းတို့ ပူးပေါင်းလျက် ၂၀၁၈ ခုနှစ်၏ နှစ်သစ်အကြို ပေါက်ဖော်ချစ်ခြင်းမေတ္တာ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးဖျော်ဖြေပွဲကို ရွှေလီမြို့ ခိုင်ထုံးဟိုတယ်တွင် ဒီဇင်ဘာ ၂၇ ရက်က ကျင်းပရာ စာရေးဆရာများ၏ တေးကဗျာရွတ်ဆိုမှုများ၊ တိုင်းရင်းသားရိုးရာ အဆိုအက၊ အတီးများ၊ ပန်းချီအနုပညာရှင်များ၏ လက်တွေ့ရေးဆွဲမှုများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

အဆိုပါယဉ်ကျေးမှုဖလှယ်ပွဲတွင် ရွှေလီမြို့တရုတ်-မြန်မာနယ်စပ်ယဉ်ကျေးမှုဖလှယ်ရေးအသင်းဥက္ကဋ္ဌ ရှန်လိရှာက နှစ်နိုင်ငံမှ တက်ရောက်လာကြသော တာဝန်ရှိသူများနှင့် တစ်ဦးချင်းမိတ်ဆက်ပေးပြီး ရွှေလီမြို့အစိုးရပါတီ အတိုင်ပင်ခံဌာနဥက္ကဋ္ဌ ဦးကျုံးရှင်ဖူးက နှုတ်ခွန်းဆက်စကားပြောကြားကာ ရွှေလီမြို့ စာပေဖလှယ်ရေးအသင်းအတွင်းရေးမှူး ယွမ်ချီလင်နှင့် မူဆယ်မြို့စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်တို့က မုဒိတာစကားပြောကြားခဲ့ကြသည်။ ထို့နောက် ရွှေလီမြို့ အစိုးရပါတီအတိုင်ပင်ခံဌာန ဥက္ကဋ္ဌက ရွှေလီမြို့ တရုတ်-မြန်မာနယ်စပ်ယဉ်ကျေးမှုဖလှယ်ရေးအသင်း ကိုယ်စား တရုတ်နိုင်ငံ ချစ်ကြည်ရေးအထိမ်းအမှတ်ပန်းချီကားကိုပေးအပ်ရာ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌက လက်ခံရယူခဲ့ပြီး အနုပညာဖျော်ဖြေပွဲများကို ကျင်းပရာ နမ့်ခမ်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမန်းညွှန့်ကြည်နှင့် မူဆယ်စာရေးဆရာ ဦးသန်းတင်တို့က မြန်မာ့ရိုးရာ ရှေးခေတ်ဂန္ထဝင်ရတုကဗျာနှင့် တေးထပ်ကဗျာကို အတီးနှင့်တွဲဖက်၍ ရွတ်ဆိုတင်ဆက်ခြင်း၊ မြန်မာတိုင်းရင်းသားများက ရှမ်းတိုင်းရင်းသား ရိုးရာအက၊ ခိုလုံလီရှော ရိုးရာအကဖြင့် တင်ဆက်ခြင်း၊ တရုတ်နိုင်ငံတိုင်းရင်းသားများ၏ ရိုးရာတူရိယာများဖြင့် တီးမှုတ်ခြင်း၊ ရိုးအကများဖြင့်တင်ဆက်ခြင်း၊ စာရေးဆရာများ၏ ကဗျာရွတ်ဆိုခြင်း၊ ရိုးရာသီချင်းသီဆိုတင်ဆက်ခြင်း၊ တရုတ်ပန်းချီပညာရှင်များ၏ စာပန်းချီရေးချယ်ခြင်းများဖြင့် ယဉ်ကျေးမှုဖလှယ်ရေးဖျော်ဖြေပွဲကို ကျင်းပခဲ့ကြသည်။




ယဉ်ကျေးမှုဖလှယ်ရေးဖျော်ဖြေပွဲတွင် မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ ပန်းဆိုင်း(ကြူကုတ်) ဒေသများမှ တိုင်းရင်းသားများ၊ တရုတ်နိုင်ငံ ရွှေလီခရိုင်အတွင်းရှိ ဒေသများမှ တိုင်းရင်းသားများပါဝင်ဆင်နွှဲပြီး ဖျော်ဖြေပွဲအပြီးတွင် နှစ်နိုင်ငံ တာဝန်ရှိသူများနှင့် အနုပညာရှင်များက အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

ပြည်တွင်းအခွန်များဦးစီးဌာန

## အောင်ဘလေသိန်းဆုဌာနခွဲ

(၁၀) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

တ - ၈၆၀၄၁၁

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

မှ - ၄၂၈၅၀၈ ဆ - ၆၂၄၅၇၂

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀၀)ဆုများ

ကဌ - ၁၅၃၀၂၃ ပ - ၃၀၂၃၇၂
ပ - ၉၅၈၅၆၂

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

| | | |
|---|---|---|
| ဖ - ၂၈၂၃၉၉ | ဏ - ၅၅၅၃၅၆ | က - ၉၁၁၃၆၆ |
| ဍ - ၄၈၀၈၉၀ | ကင - ၇၇၀၄၂၉ | ဖ - ၉၄၆၁၆၃ |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

ဇ - ၁၇၉၇၃၁
ဆ - ၄၅၂၈၉၇
အ - ၄၈၃၇၄၇
ကည - ၅၄၈၂၈၃
အ - ၆၃၅၁၀၀
က - ၆၅၈၃၃၀
သ - ၈၃၉၂၉၁
မှ - ၈၄၃၂၈၆

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

ယ - ၁၁၉၀၄၂
ကဌ - ၁၄၉၉၂၉
ကဂ - ၁၈၅၈၀၄
ကမှ - ၂၆၃၁၅၀
ဗ - ၃၅၅၉၇၆
ပ - ၄၄၉၆၉၃
ကမှ - ၄၆၅၄၅၉
ဝ - ၅၆၅၀၁၀
ကင - ၆၅၆၇၉၄
ကဈ - ၆၈၆၃၈၁
ဘ - ၉၉၅၃၁၅

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

ဗ - ၁၈၇၁၁၉
ခ - ၂၈၂၁၇၈
စ - ၄၂၃၇၅၉
ဂ - ၅၉၈၉၇၈
အ - ၆၀၅၁၉၃
စ - ၆၆၇၀၁၇
ကဌ - ၇၂၂၃၁၀
ဈ - ၈၁၁၀၉၄
ဆ - ၈၇၀၂၁၆
င - ၈၉၃၉၃၅
ဖ - ၉၈၁၃၈၇

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

| | |
|---|---|
| လ - ၁၅၂၄၁၆ | ခ - ၄၄၈၀၂၈ |
| ကဗ - ၁၅၈၂၇၁ | ယ - ၆၇၉၃၄၄ |
| က - ၁၈၁၇၂၁ | ထ - ၇၂၂၅၅၁ |
| ဃ - ၁၉၈၉၂၆ | ဏ - ၇၄၈၄၉၇ |
| ခ - ၂၂၀၂၅၁ | ဆ - ၉၀၂၈၁၇ |
| ကခ - ၃၆၄၇၃၄ | ဖ - ၉၅၁၇၅၇ |
| ဂ - ၄၃၃၁၁၁ | မ - ၉၆၄၉၇၇ |
| ဇ - ၄၃၅၁၂၀ | |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀)ဆုများ

| | |
|---|---|
| ကခ - ၁၁၉၄၂၃ | ဌ - ၅၈၄၅၉၉ |
| ကက - ၁၅၈၇၉၇ | ဏ - ၆၆၇၈၄၃ |
| ထ - ၂၄၉၃၀၉ | သ - ၆၇၄၂၃၉ |
| ည - ၂၈၆၃၉၄ | ကဃ - ၇၃၀၅၃၇ |
| ဏ - ၃၅၁၀၇၆ | တ - ၇၄၁၈၄၆ |
| က - ၃၉၀၁၀၆ | က - ၇၄၉၈၄၉ |
| ကမှ - ၄၂၈၇၁၂ | င - ၇၉၈၈၈၅ |
| ည - ၄၆၈၈၃၈ | ကင - ၉၁၄၂၇၅ |
| ဈ - ၄၇၇၃၄၈ | ဆ - ၉၂၅၈၄၃ |
| ဋ - ၅၀၈၇၈၃ | ရ - ၉၇၆၂၀၁ |
| ကခ - ၅၇၉၀၅၇ | ကက - ၉၈၁၁၇၁ |

## ဆုတစ်ဆုချင်းဆုမဲစနစ် ကျပ်(၁၀)သိန်းဆုများ

| | | | | |
|---|---|---|---|---|
| ဋ - ၁၅၆၅၉၁ | ဌ - ၄၁၉၅၁၉ | လ - ၅၃၃၇၆၉ | မ - ၆၅၁၆၁၇ | ဂ - ၈၂၄၂၀၈ |
| သ - ၂၄၇၂၂၅ | ဗ - ၄၂၂၇၃၈ | ဈ - ၅၃၇၆၀၇ | ပ - ၆၅၁၉၈၆ | ကစ - ၈၅၀၃၃၁ |
| သ - ၂၆၀၈၀၁ | ကဂ - ၄၆၁၇၇၀ | ကည - ၅၅၉၀၈၉ | ကပ - ၆၆၇၉၂၃ | ဝ - ၈၅၀၈၈၂ |
| ကဍ - ၃၃၇၇၀၉ | ကဈ - ၄၆၄၆၃၆ | ခ - ၅၆၀၆၁၀ | ဌ - ၇၈၀၇၉၉ | ဝ - ၈၉၂၀၅၀ |
| ပ - ၃၈၁၅၄၃ | ကစ - ၅၁၉၁၀၈ | ကင - ၆၀၅၁၂၈ | ကဃ - ၈၀၂၄၂၅ | ဏ - ၉၈၆၀၉၂ |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | |
|---|---|
| ကဃ - ၁၃၄၈၆ | ကခ - ၇၄၀၇၈ |
| ဆ - ၂၆၉၂၄ | ဏ - ၈၇၈၉၄ |
| ထ - ၃၄၅၉၅ | ရ - ၉၀၇၄၁ |
| ကခ - ၄၃၃၄၂ | ဝ - ၉၃၄၂၆ |
| က - ၅၁၂၄၆ | ကစ - ၉၆၄၈၆ |

အက္ခရာနှင့် ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | |
|---|---|
| ကဈ - ၁၃၉၉ | ဍ - ၆၇၃၃ |
| ထ - ၁၄၃၀ | ဗ - ၇၅၅၇ |
| ဖ - ၁၆၂၀ | ကဋ - ၈၄၈၈ |
| ဗ - ၂၇၇၂ | ဂ - ၈၈၁၂ |
| ဇ - ၃၂၃၂ | ကဋ - ၉၅၂၆ |

အက္ခရာနှင့် ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | |
|---|---|
| ကစ - ၁၂၃ | ကင - ၅၆၅ |
| ယ - ၁၃၄ | က - ၆၇၀ |
| စ - ၁၅၁ | ကည - ၇၁၂ |
| ကည - ၁၈၀ | ကစ - ၇၇၂ |
| စ - ၂၂၈ | ကဆ - ၉၃၁ |
| ည - ၃၆၅ | က - ၉၇၅ |
| ဂ - ၄၅၀ | |

အက္ခရာနှင့် ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | |
|---|---|
| သ - ၃၁ | ဂ - ၇၅ |
| ကဌ - ၃၉ | ဒ - ၇၆ |
| ကဆ - ၄၀ | ဈ - ၇၆ |
| သ - ၅၂ | ကဃ - ၉၄ |
| ခ - ၆၁ | ဠ - ၉၉ |
| ခ - ၆၃ | |

အက္ခရာနှင့် ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

၁။ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင်ကျင်းပသည့် (၁၀) ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း (၁၂၄၂၀၄)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၈ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် ကျင်းပမည့် (၁၁) ကြိမ်မြောက် ကျပ်(၅၀၀)တန်ထီ အောင်ဘာလေထီလက်မှတ်များကို (က) အက္ခရာမှ (ကပ) အက္ခရာထိ အက္ခရာအလုံး (၄၇)လုံး ခွဲဝေရောင်းချပေးသွားပြီး ဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ် (၅၀၀)တန် ထီလက်မှတ်စာအုပ်များကို အနည်းဆုံးအုပ်ရေ (၁၀၀) နှင့်အထက်ဝယ်ယူလိုသူများအား ဘဏ်ငွေသွင်းချလန် **(TF-1)**ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်း ထောင့် ၊ ကျောက်တံတားမြို့နယ်တွင် ( ၂ . ၁ . ၂၀၁၈) ရက်နေ့မှ ( ၂၄ . ၁ . ၂၀၁၈) ရက်နေ့ထိ ရောင်းချပေးသွားမည် ဖြစ်ပါသည်။

<u>ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၁၁ . ၁ . ၂၀၁၈)</u>

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ် လက်ခံဆောင်ရွက်ပေးလျက် ရှိပြီး ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**၂၀၁၈-၁၉ ပညာသင်နှစ်**
**လုပ်ငန်းခွင်အကြို**
**မူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)**

## အမှတ်စဉ်(၅/၁၈) သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း(PPTT) အမှတ်စဉ်(၅/၁၈)သင်တန်းကို ပညာရေးကောလိပ်များတွင် ၂၀၁၈ ခုနှစ် ဧပြီ ၂ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခု (မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ ဘောဂဗေဒ၊ ပထဝီဝင်၊ သမိုင်း) ရရှိပြီးသူဖြစ်ရမည်။

(ဂ) ပြင်ပဘွဲ့ရများအတွက် ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်တွင် အသက် ၃၀ ထက်မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက အမြဲတမ်းဝန်ထမ်းဖြစ်ပြီး ၂၀၁၈ခုနှစ် မတ် ၃၁ရက်တွင် အသက် ၃၅ နှစ်ထက် မကြီးသူဖြစ်ရန်နှင့် သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။

(ဃ) ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၊ လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)၊ အမှတ်စဉ်(၅/၁၈) သင်တန်းအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတရေးဖြေစာမေးပွဲနှင့် လူတွေ့နှုတ်ဖြေကို သက်ဆိုင်ရာပညာရေးကောလိပ်များတွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ စာမေးပွဲဖြေဆိုရမည့်ရက်အား သက်ဆိုင်ရာပညာရေးကောလိပ်များတွင် ကြေညာမည်။

(င) ကျန်းမာရေးကောင်းမွန်၍ ဆရာ့တာဝန်ထမ်းဆောင်နိုင်ပြီး မည်သည့်ပညာရေးကောလိပ်တွင်မဆို တက်ရောက်နိုင်သူဖြစ်ရမည်။

(စ) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(ဆ) သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း အခြားသင်တန်းတစ်ခုခုတက်ရောက်နေသူ မဖြစ်ရပါ။

၃။ သင်တန်းဝင်ခွင့်သတ်မှတ်ပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းကာ လက်မှတ်ရေးထိုးရမည်။

၄။ လျှောက်လွှာကို ၂၀၁၈ခုနှစ် ဇန်နဝါရီ ၁၂ရက်ထက် နောက်မကျဘဲ မိမိနေထိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ ပညာရေးကောလိပ်များတွင် လျှောက်ထားရမည်။ နေပြည်တော်ကောင်စီနယ်မြေအတွက် တောင်ငူပညာရေးကောလိပ်တွင် လျှောက်ထားနိုင်သည်။ ပညာရေးဝန်ကြီးဌာန(သို့မဟုတ်)ဦးစီးဌာနသို့ တိုက်ရိုက်လျှောက်ထားခြင်းမပြုရ။

၅။ လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံစာ၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် ခြောက်လအတွင်းရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ် ဓာတ်ပုံနှစ်ပုံတို့ကို ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြထားခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ပညာရေးကောလိပ်အသီးသီးတွင် တက်ရောက်ခွင့်ရသူများစာရင်းကို သက်ဆိုင်ရာပညာရေးကောလိပ်များတွင် ၂၀၁၈ ခုနှစ် မတ်လအတွင်း ထုတ်ပြန်မည်ဖြစ်ပါသည်။

**ဒေါက်တာသိန်းဝင်း**
**ညွှန်ကြားရေးမှူးချုပ်**

ရက်စွဲ၊ ၂၀၁၈ခုနှစ် ဇန်နဝါရီလ ရက်

**၂၀၁၈-၂၀၁၉ ပညာသင်နှစ်**
**လုပ်ငန်းခွင်အကြို**
**မူလတန်းဆရာအတတ်ပညာသင်တန်း(PPTT)**
**အမှတ်စဉ်(၅/၁၈) သင်တန်းဝင်ခွင့်လျှောက်လွှာ**

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏ အကြောင်းအရာ

| အကြောင်းအရာ | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း |
|---|---|---|---|
| လျှောက်ထားသူ | | | |
| ဖခင် | | | |
| မိခင် | | | |

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် ......... ခုနှစ်၊....... လ၊ ...... ရက်
အသက်( )နှစ် ( )လ

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်စာစစ်ဌာန .................

၄။ မူလဘွဲ့အမည်နှင့်အဓိကယူခဲ့သည့်ဘာသာ ...........................
အောင်မြင်ခဲ့သည့်တက္ကသိုလ်နှင့် ခုနှစ် ..............................

၅။ အိမ်ထောင် ရှိ/မရှိ(ရှိပါက)ဇနီး/ခင်ပွန်းအမည် .....................
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ..................................

၆။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ် .....................
..........................................................................
ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ် .....................
..........................................................................

၇။ သင်တန်းပြီးဆုံး၍ မူလတန်းပြအဖြစ် ခန့်ထားပါက ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

..............................
လျှောက်ထားသူလက်မှတ်

ရက်စွဲ၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ( )ရက်

# ပြည်တွင်းအခွန်များဦးစီးဌာန၏
# အခွန်နှုန်းထားလျှော့ချပြောင်းလဲခဲ့မှုအခြေအနေများကို
# အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ စသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြံပြုချက်များ၊ ပြည်တွင်းရှိ စီးပွားရေးအသင်းအဖွဲ့များ၏ အကြံပြုတင်ပြချက်များအရ အခွန်နှုန်းနည်းနည်းဖြင့် အခွန်အခြေကို ချဲ့ထွင်ပြီး ရသင့်ရထိုက်သောအခွန်အကောက်များ ပြည့်ဝစွာကောက်ခံရရှိမည့်နည်းလမ်းအား ပြောင်းလဲကျင့်သုံးရန် အခွန်မူဝါဒကို ချမှတ်ခဲ့ပါသည်။

၂။ ထိုမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ၂၀၁၂ ခုနှစ်မှစ၍ မဟာဗျူဟာအစီအစဉ် ချမှတ်ဆောင်ရွက်ခဲ့ပြီး အဆိုပါမဟာဗျူဟာအစီအစဉ်အရ အခွန်အခြေကို ချဲ့ထွင်နိုင်ရန်အတွက် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အထူးကုန်စည်ခွန်နှုန်းထားတို့ကို နှစ်စဉ် တဖြည်းဖြည်း လျှော့ချကောက်ခံခဲ့သည်ကို သိရှိလေ့လာနိုင်ရန် အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

**အခွန်နှုန်းထားနှိုင်းယှဉ်ချက်ဇယား**

| စဉ် | အခွန်အမျိုးအစား | အခွန်နှုန်း | |
|---|---|---|---|
| | | ယခင် | ယခု |
| (က) | ကုမ္ပဏီဝင်ငွေခွန် | ၃၀% | ၂၅% |
| (ခ) | တစ်ဦးချင်းဝင်ငွေခွန် | ၂% မှ ၃၀% | ၀%၂၅% |
| (ဂ) | ကုန်သွယ်လုပ်ငန်းခွန် | ၀% မှ ၂၅% | ၀% မှ ၅% |
| (ဃ) | ပင်ရင်းမှနုတ်ယူပေးသွင်းသည့်အခွန် (WT) | | |
| | - **နိုင်ငံသား** | | |
| | (က) အတိုးပေးငွေ | - | - |
| | (ခ) ခိုင်ကြေး | ၁၅% | ၁၀% |
| | (ဂ) ငွေပေးချေမှု | ၃% | ၂% |
| | - **နိုင်ငံခြားသား** | | |
| | (က) အတိုးပေးငွေ | ၁၅% | ၁၀% |
| | (ခ) ခိုင်ကြေး | ၂၀% | ၁၅% |
| | (ဂ) ငွေပေးချေမှု | ၃.၅% | ၂.၅% |
| (င) | တံဆိပ်ခေါင်းခွန် | | |
| | (က) ပစ္စည်းလွှဲပြောင်းခြင်းစာချုပ် | ၃% | ၂% |
| | (ခ) အစုရှယ်ယာလွှဲပြောင်းခြင်းစာချုပ် | ၀.၃% | ၀.၁% |
| | (ဂ) ခံဝန်ချုပ် | ၁.၅% | ၀.၅% |
| (စ) | အထူးကုန်စည်ခွန် | ၈% မှ ၁၀၀% | ၅% မှ ၈၀% |
| (ဆ) | ပို့ကုန် | ၈% | ၀%(အထူးကုန်စည် ၅ မျိုးမှအပ) |

၃။ အာဆီယံနိုင်ငံများတွင် ကောက်ခံလျက်ရှိသော သွယ်ဝိုက်ခွန်ဖြစ်သည့် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံမှုနှုန်းထားများကိုလည်း အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**သွယ်ဝိုက်ခွန် အခွန်နှုန်းထားများကိုအခြားနိုင်ငံများနှင့် နှိုင်းယှဉ်ချက်ဇယား**

| စဉ် | နိုင်ငံအမည် | သွယ်ဝိုက်ခွန် |
|---|---|---|
| (က) | ကမ္ဘောဒီးယား | ၁၀ |
| (ခ) | အင်ဒိုနီးရှား | ၁၀ |
| (ဂ) | မလေးရှား | ၆ |
| (ဃ) | မြန်မာ | ၅ |
| (င) | ဖိလစ်ပိုင် | ၁၂ |
| (စ) | စင်ကာပူ | ၇ |
| (ဆ) | ထိုင်း | ၇ |
| (ဇ) | ဗီယက်နမ် | ၁၀ |

**ပြည်တွင်းအခွန်များဦးစီးဌာန**




**အမည်ပြောင်း**

တောင်ဥက္ကလာပမြို့နယ်၊ ကေတုမာလာရိပ်သာနေ အေးသီရိသွယ် ၁၂/ဥကတ(နိုင်) ၁၈၀၈၈၆အား ယနေ့မှစ၍ Re Ko Shine ရီကိုရှိုင်းဟု ပြောင်းလဲခေါ်ပါရန်။ **ရီကိုရှိုင်း**

## ကုန်အမှတ်တံဆိပ်တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ ပွဲစားတန်းလမ်း၊ အမှတ် ၇၄ နေ ဦးဝေဖြိုးအောင် ၅/ကသန(E)၀၀၀၁၄၈သည် အောက်ဖော်ပြပါ ပွဲတော်အုပ် ကုန်အမှတ်တံဆိပ်ကို မိမိမူပိုင်အဖြစ် သုံးစွဲရန် မုံရွာမြို့၊ မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် ၅၃၅/၄ဖြင့် တရားဝင် မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။

ပွဲတော်အုပ်

**မှတ်ပုံတင်စာချုပ်အမှတ် (၅၃၅/၄)**

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်သည် မိမိ၏ကိုယ်ပိုင်ဉာဏ်ဖြင့် တီထွင်အသုံးပြုထားသော တံဆိပ်အမှတ်အသားဖြစ်ပါသည်။ အဆိုပါ ပွဲတော်အုပ် ကုန်အမှတ်တံဆိပ်ကိုအသုံးပြု၍ လက်ဖက်စိုနှင့် နှစ်ပြန်ကြော်မျိုးစုံကို ဘူးများ၊ ပလတ်စတစ်အိတ်များပေါ်တွင် ကုန်အမှတ်တံဆိပ် အမှတ်အသားဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးပြုလုပ်၍ ကပ်နှိပ်၊ ရိုက်နှိပ်၊ ဖိနှိပ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေပြီး ဖြစ်ပါသည်။

ထို့အပြင် ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့် စာရွက်စာတမ်း၊ ဘလောက်၊ TV ကြော်ငြာ၊ မဂ္ဂဇင်း၊လက်ကမ်းကြော်ငြာ၊ Letter Head, Internet, E-mail and Website, Facebook၊ ဗီနိုင်း၊ တံဆိပ်တုံး၊ ငွေပြေစာဖြတ်ပိုင်းများစသည်တို့အပေါ်တွင်လည်း အရောင်အမျိုးမျိုး၊ အရွယ်အစားမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ကို လိုအပ်သောနေရာများတွင် ရိုက်နှိပ်၊ ဖိနှိပ်၊ ကပ်နှိပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဦးဝေဖြိုးအောင်မူပိုင်အဖြစ် အသုံးပြုလျက်ရှိသော ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ပွဲတော်အုပ် တံဆိပ်အမည်အမှတ်အသား တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲခြင်း၊ မှီငြမ်းတုပပြုလုပ်သုံးစွဲခြင်းများ တစ်စုံတစ်ရာမပြုလုပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။ ပြုလုပ်သုံးစွဲသူကို တွေ့ရှိပါက တည်ဆဲဥပဒေအရအရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းထွန်းဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၀၇၃၈**
**ဝါဝါလွန်းလမ်း၊ ချမ်းမြသာစည်ရပ်၊ မုံရွာမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်တော်များ LONG LIFE AGGREGATE MINING COMPANY LIMITED သည် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၇၈၇/၂၀၁၄-၂၀၁၅ (၈-၇-၂၀၁၄)ဖြင့် မှတ်ပုံတင်ခွင့်ရရှိခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်(အမှတ်၊ မနသ-၁၀၉၆/၂၀၁၅)အား ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၁ ရက်တွင် ရရှိခဲ့ပါသည်။

Long Life Aggregate Mining Co.,Ltd. အနေဖြင့် ကုမ္ပဏီပိုင် မြေဧရိယာ၊ အဆောက်အအုံ၊ စက်ပစ္စည်းကိရိယာများကို အခြားမည်သည့်ကုမ္ပဏီအဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုမှ ငှားရမ်းအသုံးပြုခွင့်ပြုထားခြင်းမရှိပါ။

သို့ဖြစ်ပါ၍ Long Life Aggregate Mining Co.,Ltd. မှ ပိုင်ဆိုင်သည့် မြေဧရိယာအတွင်း ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ လုပ်ငန်းများဝင်ရောက်လုပ်ကိုင်ခြင်း၊ အဆောက်အအုံများဆောက်လုပ်ခြင်း၊ လုပ်ငန်းခွင်ဧရိယာအဆောက်အအုံ၊ စက်ပစ္စည်းကိရိယာ၊ ယာဉ်၊ ယန္တရားများ၏ ဓာတ်ပုံများကို အသုံးပြု၍ ပုံနှိပ်ကြော်ငြာခြင်း၊ ဗီဒီယိုများရိုက်ကူးခြင်း၊ Social Media များအား အသုံးပြု၍ ထင်ယောင်ထင်မှားဖြင့် အလွဲသုံးစားအသုံးပြုခြင်း၊ ပြောဆိုခြင်းများကို လုံးဝ(လုံးဝ)ခွင့်မပြုပါ။

အထက်ဖော်ပြပါ အကြောင်းအရာများနှင့်ပတ်သက်၍ ဖောက်ဖျက်ကျူးလွန်ကြောင်း အထောက်အထားခိုင်လုံစွာ သိရှိ/တွေ့ရှိရပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲတရားဥပဒေများနှင့်အညီ တရားမကြောင်းအရဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အထူးသတိပေးကြေညာအပ်ပါသည်။

အကယ်၍ ကျွန်တော်များကုမ္ပဏီနှင့် သက်ဆိုင်ခြင်းမရှိသော ကုမ္ပဏီ၊ အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များမှ Long Life Aggregate Mining Co.,Ltd. ၏ ပိုင်ဆိုင်မှုများအပေါ် မရိုးသားသော အကြံအစည်များဖြင့် အလွဲသုံးစားပြုလုပ်မှုများ ဖြစ်ပေါ်လာပါက ကုမ္ပဏီအနေဖြင့် မည်သည့်အကြောင်းကိစ္စနှင့်မျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**စီမံအုပ်ချုပ်ရေးဌာန**
**Long Life Aggregate Mining Co.,Ltd.**

## ဒေါ်တိုးတိုးလှိုင်(ဘ)ဦးစောမြင့် ၁၂/မဂဒ(နိုင်)၀၀၂၃၈၁မှ ၁၃-၁၂-၂၀၁၇ရက် မြန်မာ့အလင်းသတင်းစာပါ သတိပေးရှင်းလင်းကြေညာချက်အပေါ် ပြန်လည်၍ အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ၂/က စံပြရပ်ကွက်၊ မြေကွက်အမှတ် ၂၈၇သည် ယခုအချိန်အထိ ကျွန်မ ဒေါ်တင်လှမှ မည်သည့်သားသမီးကိုမှ ရောင်းချထားခဲ့ခြင်းမရှိသလို အဆိုပါမြေသည်လည်း တပ်မြို့စည်ပင်သာယာရေးပိုင်မြေသာဖြစ်ပါသည်။ ကျွန်မ ဒေါ်တင်လှမှ သမီး ဒေါ်လဲ့လဲ့မြင့်ကိုလည်း ရောင်းချခဲ့ခြင်းလုံးဝမရှိပါ။ ဒေါ်တိုးတိုးလှိုင်နှင့် ဒေါ်လဲ့လဲ့မြင့်တို့သည် ငွေအရေးအငှားကိစ္စများအတွက် ကျွန်မပိုင်မြေကွက်ကို အရောင်းအဝယ်စာချုပ်များ အလီလီချုပ်ဆိုခဲ့ကြောင်းကို စုံစမ်း၍သိရှိရပြီးဖြစ်ပါသည်။ အဆိုပါခြံမြေနှင့်အိမ်အဆောက်အအုံသည် ယခုအချိန်ထိ ကျွန်မဒေါ်တင်လှ တစ်ဦးတည်းသာပိုင်ဆိုင်သူဖြစ်ပြီး ကျွန်မပိုင်အိမ်နှင့်ခြံအား ကျွန်မသိရှိခြင်းမပြုဘဲ ငွေအရေးအငှားအတွက် အရောင်းအဝယ်စာချုပ်များပြုလုပ်ထားခြင်းသည် ကျွန်မနှင့် ပတ်သက်မှုမရှိဘဲ ဒေါ်တိုးတိုးလှိုင်နှင့် ဒေါ်လဲ့လဲ့မြင့်တို့နှင့်သာသက်ဆိုင်ပြီး အဆိုပါအိမ်နှင့်ခြံမြေသည် ယနေ့အချိန်ထိ ကျွန်မဒေါ်တင်လှတစ်ဦးတည်းကသာ ပိုင်ဆိုင်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်လှ ၁၂/မဂဒ(နိုင်)၀၅၅၂၄၆**
**အမှတ် ၂၈၇၊ ၂/က စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၆ယ/၈၅၁၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## အသိပေးကြေညာခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့တွင် တည်ဆောက်ပြီးစီးခဲ့သော ရွှေလင်ပန်း အပိုင်း(၂)နှင့်(၃)၊ ကနောင်အိမ်ရာစီမံကိန်းများရှိ တန်ဖိုးနည်းတိုက်ခန်းများကို ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ် (CHDB)တွင် ကျပ်သိန်း ၂၀နှင့်အထက် ငွေစုဆောင်းထားရှိပြီး ဘဏ်ချေးငွေ ရယူနိုင်ရန်အတွက် လစဉ်ပေးဆပ်နိုင်စွမ်းရှိသည့် ပုံမှန်ဝင်ငွေရှိသူများအား ရောင်းချသွားမည်ဖြစ်ပါသည်။ (ကျပ်သိန်း ၂၀ နှင့်အထက် ငွေစုဆောင်းထားရှိပြီးသူ စာရင်းအား (CHDB)ရုံးခွဲများတွင် ထုတ်ပြန်ထားရှိပါမည်။)

၂။ အိမ်ရာစုဆောင်းငွေစာရင်းဖွင့်လှစ်ထားသူများသည် ညွှန်ကြားရေးမှူးချုပ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်သို့လိပ်မူ၍ လျှောက်လွှာတင်သွင်းကြရန်နှင့် လျှောက်လွှာများကို အောက်ပါနေရာများတွင် ဝယ်ယူရမည်ဖြစ်ပါသည်-

(က) မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ(မြေညီထပ်)၊ အမှတ်(၂၂၈/ ၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ခ) မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်။

၃။ လျှောက်လွှာများကို ၈-၁-၂၀၁၈ရက်နေ့မှ စတင်၍ ဝယ်ယူနိုင်ပြီး ၁၉-၁-၂၀၁၈ရက်နေ့ နောက်ဆုံးထား၍ အထက်အပိုဒ်(၂)ပါ နေရာများသို့ ပြန်လည်တင်သွင်း ကြပါရန် ကြေညာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ဖုန်း-၀၁-၈၃၉၂၅၂၄၊ ၀၆၇-၃၄၀၇၇၀၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ပိုးတန်းရပ်ကွက်၊ နန်းတော်ရာရပ်၊ အကွက်အမှတ် ၇(နန်းတော်ရာ)၊ ဦးပိုင်အမှတ် ၈၄-င၊ ဧရိယာ ဒသမ၀၃၂၈ဧ အကျယ်အဝန်းရှိသောမြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးတင်မြင့်(ဘ) ဦးထွန်းရှိန်(SBO -၁၅၂၁၇၀)(ပိုင်ရှင် ဦးမောင်ကို၏ကိုယ်စားလှယ်လွှဲစာ စာချုပ်အမှတ် ၇၃၄/၈၈အရ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)ထံမှ ဦးလှညို (SGG-၀၁၃၄၈၇)-ဒေါ်သန်းရှင် (SGG-၀၁၃၄၇၇)တို့က စစ်ကိုင်းမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ဦးစီးမှူးရုံးတွင် စာချုပ်အမှတ် ၂၇/၉၀(၁၅-၆-၁၉၈၈)ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင် နေထိုင်လျက်ရှိပါသည်။

ဒေါ်သန်းရှင်၏ခင်ပွန်းဦးလှညိုမှာ ၁၅-၅-၂၀၁၆ရက်တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါသဖြင့် ဦးလှညို၏ တရားဝင်တစ်ဦးတည်းသော အမွေဆက်ခံသူဇနီးမယားဖြစ်သည်မှာမှန်ကန်ပါကြောင်း စစ်ကိုင်းမြို့နယ်တရားရုံးတွင် ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် ၅၇၃(၄-၉-၂၀၁၇)ဖြင့် ကျမ်းကျိန်ဆိုထားပြီးဖြစ်ပါသည်။

ယခုအချိန်တွင် မူလပိုင်ရှင် ဦးမောင်ကိုအမည်ပေါက်ဖြစ်သော ဂရန်မူရင်းသည် ပျောက်ဆုံးသွားသောကြောင့် လည်းကောင်း၊ ယင်းဂရန်အား သက်တမ်းတိုးရန်အတွက်လည်းကောင်း၊ ဦးမောင်ကိုအမည်မှ ဒေါ်သန်းရှင်အမည်သို့ အမည်ပြောင်း မြေငှားဂရန်လျှောက်ထားရန်အတွက်လည်းကောင်း ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ယခုကြေညာသည့်ရက်မှ ၁၄ရက်အတွင်း တရားဝင်စာရွက်စာတမ်းအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်သန်းရှင်**
**SGG-၀၁၃၄၇၇**
**ကိုယ်တိုင်ညွှန်ကြားသူ**

**ဒေါ်သန်းရှင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြမြသင်း LL.B**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၂၃၅၉)**
**လင်းဇင်းရပ်၊ စစ်ကိုင်းမြို့**
**ဖုန်း-၀၉-၄၀၀၄၄၃၀၃၅၊ ၀၉-၉၇၄၅၃၈၀၈၂**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မမ**

**အသက်(၉၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ(ဦးဖေကြီး)၏ချစ်လှစွာသောဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း-ဒေါ်သန်းသန်းနွယ်တို့၏မိခင် ဒေါ်မမသည် ၂-၁-၂၀၁၈ရက် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မမ**

**အသက်(၉၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ (ဦးဖေကြီး)၏ ချစ်လှစွာသောဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း-ဒေါ်သန်းသန်းနွယ်တို့၏မိခင် ဒေါ်မမသည် ၂-၁-၂၀၁၈ရက် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မမ**

**အသက်(၉၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ(ဦးဖေကြီး)၏ ချစ်လှစွာသောဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း-ဒေါ်သန်းသန်းနွယ်တို့၏မိခင် ဒေါ်မမသည် ၂-၁-၂၀၁၈ရက် မွန်းလွဲ ၁း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအုန်းမြင့်-ဒေါ်နုနုဆွေ**
**ပြည်ထောင်စုဝန်ကြီး(ငြိမ်း)**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ရှုပ်ကွီ (ပြည်မြို့)

**အသက်(၉၂)နှစ်**

ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ တရုတ်တန်းလမ်း၊ အမှတ် ၆၈၇နေ ဦးကျော်အိ(ခ)ဦးစောရီ၏ဇနီး၊ ဦးဝင်းစိန်-ဒေါ်ခင်လေးဝင်း၊ ဦးဝင်းရွှေ-ဒေါ်ခင်ဌေးမင်း၊ (ဦးဝင်းကြည်)-ဒေါ်စိန်စိန်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၁၃ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၁-၁-၂၀၁၈ရက် (တနင်္လာနေ့) ည ၁၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၈ရက် မွန်းလွဲ ၂နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရဟန်းဒါယကာကြီး**

## ဦးထွန်းအုံ(ဥက္ကံ) အသက်(၉၀)

(ဦးထွန်းလင်း-ဒေါ်အေးရှင်)တို့၏သား၊ (ဦးအောင်ကြီး-ဒေါ်ချက်)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဥက္ကံမြို့၊အနော်ရထာရပ်ကွက်၊ နွယ်သာကီလမ်း၊ အမှတ် ၄၆၃နေ ဒေါ်တင်အေး၏ခင်ပွန်း၊ ဒေါက်တာခင်ဇော်(တွဲဖက်ပါမောက္ခ မေ့ဆေး၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး)-ဒေါ်ယဉ်ယဉ်မော်၊ ဒေါ်ခင်ဝင်းကြည်(ဥက္ကံ-အထက)၊ (ဦးတင်ထွန်းအောင်)-ဒေါ်ခင်ဌေး၊ ဦးသန်းထွန်းအောင်-ဒေါ်ဆန်းမော်ဦးတို့၏ဖခင်၊ မြေး ခုနစ်ယောက်၊ မြစ် နှစ်ယောက်တို့၏အဘိုးသည် ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ ဥက္ကံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၁-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## ဒေါ်လှမြင့် (မြဝတီပုံနှိပ်တိုက်)

**အသက်(၇၅)နှစ်**

ရန်ကုန်မြို့နေ (ဦးဘိုနီ-ဒေါ်ဝင်းမြ)တို့၏သမီး၊(ဦးသာဝ-ဒေါ်မင်းဇံ)တို့၏ချွေးမ၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊(C) ၁၄လမ်း၊ တိုက် ၃၇၊ အခန်း ၀၀၄နေ ဦးမောင်ငွေ၏ဇနီး၊ (ဦးထိန်ဝင်း)-ဒေါ်လှမြင့်၊ ဦးအောင်မင်း-ဒေါ်စီစီဦး၊ ဦးကျင်ထွဋ်-ဒေါ်သန်းသန်း၊ (ဦးခင်မောင်အေး)-ဒေါ်မြင့်မြင့်ဦး၊ ဦးစောစေးလယ်-ဒေါ်စန်းစန်းမြင့်တို့၏အစ်မ၊ (ဦးကျင်သိန်း-ဒေါ်သန်းသန်းဦး)၊ ဦးထိန်လင်း(သတင်းနှင့် စာနယ်ဇင်းစာအုပ်ဆိုင်)-ဒေါ်ဂျယ်နီ၊ ဦးကျော်လင်း-ဒေါ်အေးအေးစိုး၊ ဦးဟန်နီဝင်း-ဒေါ်လင်းစန္ဒာကြည်၊ (ဦးဇာနည်ဝင်း)-ဒေါ်ယဉ်ယဉ်ဌေး(သတင်းနှင့်စာနယ်ဇင်း)၊ ဦးအောင်မျိုးသန့်၊ ဦးသော်တာအောင်၊ ဒေါ်ဝါဝါခိုင်၊ ဦးထွန်းသော်တာ(လင်းထိန်စာပေ)-ဒေါ်မိုးမိုးခိုင်(ကြေးမုံ-ကြော်ငြာ)တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ကျီစုသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၉း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်နန်းဌေးဌေးဝင်း**

**အသက်(၅၂)နှစ်**

(ဗိုလ်မှူးအောင်ကျော်လင်း-ငြိမ်း)(ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း)၏ဇနီး ဒေါ်နန်းဌေးဌေးဝင်းသည် ၂၈-၁၂-၂၀၁၇ရက်(ကြာသပတေးနေ့) ည ၇း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၈)၏မိသားစုများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မမ

**အသက်(၉၈)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့နေ (ဦးပဲ-ဒေါ်ဖြူ)တို့၏သမီး၊ (ဦးဖေကြီး)၏ ချစ်လှစွာသောဇနီး၊ (ဦးကိုကို)-ဒေါ်ညိုညို၊ ဦးတင်ဝင်း-ဒေါ်ကြည်ကြည်ဇင်၊ ဗိုလ်မှူးချုပ်တင်မောင်အုန်း(ငြိမ်း)-ဒေါ်အေးအေး၊ (ဦးမျိုးသန့်)-ဒေါ်ခိုင်ခိုင်အုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း-ဒေါ်သန်းသန်းနွယ်၊ ဦးမြင့်စိုး-ဒေါ်ခင်သိန်းဌေး၊ ဦးမျိုးညွန့်-ဒေါ်မီမီသန့်တို့၏မွေးသမိခင်၊ မြေး ၁၈ယောက်၊ မြစ် ၂၆ယောက်၊ တီ တစ်ယောက်တို့၏အဘွားဖြစ်သူ ဒေါ်မမသည် (၉၆)ပါးသောရောဂါဖြင့် ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၁း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ကြွင်းကျန်ရစ်သောရုပ်ဟောင်းကို ၃-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ငြိမ်းအေးဇရပ်မှ တပ်မတော်စစ်သင်္ချိုင်း(မြောက်ချောင်းသုသာန်)သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

[ကွယ်လွန်သူ ဒေါ်မမအားရည်စူး၍ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်း၊ ဘောဇဉ်၊ လှူဖွယ်ဝတ္ထုအစုစုတို့ကိုဆက်ကပ်လှူဒါန်းပြီး ဟောကြားအပ်သော တရားတော်မြတ်တို့ကို အတူတကွနာယူပူဇော်လိုပါသဖြင့် ၈-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇း၀၀နာရီတွင် နေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

## မာဂရက်ဒေါ်နန်းငွေကြူ အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ် ၁၈၂နေ (ဦးခွန်ရွက်-ဒေါ်နန်းလင်း)တို့၏သမီး၊ နမ္မတူမြို့၊ သတ္တုတွင်းဌာန ဦးပီတာညွှန့်မောင်(အငြိမ်းစား)၏ဇနီး၊ ဒေါ်ခင်ဝင်းကြည်(နန်းလိတ်)-ဦးကက်နက်အေဘယ်(လ်)၊ ဦးမျိုးညွှန့်(ယူဂျင်း)-နော်ခရီးနာ၊ ဒေါ်ခင်ဝင်းရီ-ဦးစိုင်းစိန်ဝင်း၊ ဦးဌေးဝင်း၊ ဦးခင်မောင်ကြည်၊ ဒေါ်ခင်မေပုလဲညွှန့်၊ ဒေါ်ခင်မိုးမိုးညွှန့်-(ဦးကျော်စိုးဟန်)တို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၇း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၄-၁-၂၀၁၈ရက်(ကြာသပတေးနေ့)နံနက် ၉နာရီတွင် St. Peter & Paul's Church၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်နီးရပ်ဝေးမှမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၈ရက် နံနက် ၇နာရီတွင် St.Peter & Paul's Church၌မစ္ဆတရားကြားနာပြီး အင်းစိန်မြို့နယ်နေအိမ်၌ ကျန်ရစ်သူမိသားစုနှင့်တကွ ဆုတောင်းခြင်းပြုလုပ်မည်ဖြစ်ကြောင်း ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်ငွေ အသက်(၈၃)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နေ(ဦးစန္ဒ-ဒေါ်အုန်းခင်)တို့၏သမီး၊ ဦးဘဌေး-ဒေါ်တင်တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သီဂီ(၁)လမ်းတောင်၊ အမှတ် ၂၆၉-ကနေ ဦးဘုန်းကျော်(ကျောင်းဆရာ၊ ငြိမ်း၊ ဝက်လက်မြို့နယ်အသင်းနာယက)၏ချစ်လှစွာသောဇနီး၊ ဦးညီညီလွင်-ဒေါ်ပိုပိုလင်း၊ ဦးမြင့်သော်-ဒေါ်မာမာလွင်၊ဦးတင့်လွင်-ဒေါ်ခင်မာလာစိုး၊ ဒေါ်သန္တာလွင်(အင်ဂျင်နီယာဌာန၊ အအောက်အအုံ၊ YCDC)၊ ဒေါ်သီတာလွင်(စမ်းချောင်းမြို့နယ် စီမံကိန်းရေးဆွဲရေးဌာန)တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂-၁-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၉း၀၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ကျီစုသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်အုန်းတင်(တောင်ငူ) အသက်(၇၁)နှစ်

**B.Econ (P.D) 1975 Batch**

**စာရင်းရုံး(ငြိမ်း)**

တောင်ငူမြို့၊ ခေမာလမ်းနေ (ဦးသာဒင်-ဒေါ်သောင်းရင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ လေးလွှာ၊ အမှတ် ၁၈နေ ဦးကြည်ညွှန့်(လက်-ညွှန်မှူး၊ ငြိမ်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ မြန်မာ့လက်ရွေးစင်ကြက်တောင်နည်းစနစ်မှူးဟောင်း)၏ချစ်လှစွာသောဇနီး၊ မဇင်လဲ့ဝင်း(ပဲပဲ) (ခေတ္တ-စင်ကာပူ)၏ ချစ်လှစွာသောမိခင်သည် ၁-၁-၂၀၁၈ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးဖြူလှဦး (တောင်ငူ)

**အငယ်တန်းလက်ထောက်(ငြိမ်း)**

**ရောင်းစက်၊ သစ်လုပ်ငန်း**

**အသက်(၇၈)နှစ်**

ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့၊ ဝါဈေးရပ်နေ (ဦးမောင်စိန်ဖြူ-ဒေါ်မစိန်ဖြူ)တို့၏သား၊ တောင်ငူမြို့၊ (၂၁)ရပ်ကွက်၊ နတ်သျှင်နောင်လမ်း၊ အမှတ် ၁၀၁နေ ဒေါ်နန်းလှအုန်း(ကျန်းမာရေးဌာန၊ငြိမ်း)၏ခင်ပွန်း၊ နန်းခိုင်ခိုင်ဖြူ(ကျန်းမာရေးဌာန၊ ငြိမ်း)၊ စောထွန်းလှဖြူတို့၏ဖခင်သည် ၂-၁-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့အနောက်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကျင်ဥ

**အသက်(၆၆)နှစ်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၄လမ်း၊ တိုက် ၅၂၊ အခန်း ၁၂ (ပထမထပ်)နေ ဦးစိန်တင်၏ဇနီး၊ ဒေါက်တာကျော်စွာဦး၏မိခင်သည် ၁-၁-၂၀၁၈ရက် ည ၇း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၈ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးအေးကျော်

**(ဆည်မြောင်းဦးစီးဌာန)**

**အသက်(၆၀)**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ (ဦးထွန်းကြည်-ဒေါ်အုန်းကြည်)တို့၏သား၊ ဦးသောင်းစိန်-ဒေါ်သန်းစိန်တို့၏သားသမက်၊ ဦးသန်းထွန်း-ဒေါ်မြင့်မြင့်သန်း၊ဦးစိုးသန်း-ဒေါ်တင်တင်နွဲ့၊ဦးဝင်းငယ် - ဒေါ်ခင်အေးကြည်တို့၏ ညီ/မောင်၊ဦးမောင်မောင်လွင်-ဒေါ်ဝင်းဝင်းမြင့်တို့၏အစ်ကို၊ (ဒေါ်ခင်စော)၏ချစ်လှစွာသောခင်ပွန်း၊၊ ဦးရဲဇော်ထွန်း(အကောက်ခွန်ဦးစီးဌာန)၊ မနှင်းအိကျော်၊ ဦးရန်နိုင်ထွေး-ဒေါ်ပွင့်ဖြူကျော်တို့၏ဖခင်၊မဟေစစ်ထက်၏အဘိုးသည် ၁-၁-၂၀၁၈ရက် ည ၇း၂၀နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ အနော်မာ ၁၄လမ်းထိပ်၊ အမှတ် ၆၁၃ နေအိမ်မှကားများညနေ ၃နာရီတွင်ထွက်ခွာပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဦးစိန်ဟုတ် (ကျိုက်ထိုမြို့)

**အသက်(၉၃)နှစ်**

ကျိုက်ထိုမြို့၊ တောင်ပိုင်းရပ်နေ (ဦးယုလှိုင် - ဒေါ်အမား)တို့၏ သား၊ မြောက်ပိုင်းရပ်နေ (ဦးရင်ကျောင်-ဒေါ်ရှုခင်)၊ တောင်ပိုင်းရပ်နေ ဦးစိုးမြင့်-ဒေါ်ရှုတင်၊ (ဦးလှမြင့်-ဒေါ်ကျင်ပြုံး)တို့၏အစ်ကို၊ တူ၊ တူမ ၁၂ယောက်တို့၏ဘကြီး၊ တောင်သူစုရပ်၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်ကျင်တီ(ဝါ)ဒေါ်ကလယ်၏ခင်ပွန်းသည် ၂-၁-၂၀၁၈ရက်(အင်္ဂါနေ့)နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်ရင်ရင်

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၄လမ်း၊ အမှတ် ၅၉နေ (ဦးထွန်းစိန်-ဒေါ်သန်းခင်)တို့၏သမီး၊ ဦးတင်မောင်၏ချစ်လှစွာသောဇနီး၊ မခိုင်သီတာဦး၏မိခင်သည် ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့) နံနက် ၆း၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၈ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီး အအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၈-၁-၂၀၁၈ရက် (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ကျောင်း ဒါယကာကြီး**

## ဦးမောင်လုံး

**သဲကုန်း အထက**

**ကန်တော့ခံဆရာကြီး**

**ညောင်ကုန်းကြီးရွာ၊သဲကုန်းမြို့နယ်**

**အသက်(၇၆)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ညောင်ကုန်းကြီးအုပ်စု၊ ညောင်ကုန်းကြီးရွာနေ ဒေါ်စမ်းချစ်၏ခင်ပွန်း၊ စံပြရွာနေ ဦးမောင်အုန်း၏ညီ၊ ဒေါ်ဇင်မိုမိုလွင် (သူနာပြု၊ ရန်ကုန်)၊ ဦးသိန်းဝင်း(ခရိုင်စက်မှုကြီးကြပ်၊ ပြည်မြို့)-ဒေါ်ဇာခြည်လွင်(ခရိုင်စက်မှုကြီးကြပ်၊ ပြည်မြို့)တို့၏ဖခင်၊ မောင်အာကာမင်းသိန်း၊ မဖူးတိမ်လွှာသိန်းတို့၏အဘိုး ဦးမောင်လုံး(အထပြ၊ငြိမ်း)သည် ၁-၁-၂၀၁၈ရက်တွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၃-၁-၂၀၁၈ရက်တွင် ညောင်ကုန်းကြီးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဦးကျော်ခိုင်(ခ)အချန်

**ထားဝယ်မြို့**

**အသက်(၆၃)နှစ်**

ထားဝယ်မြို့၊တလိုင်းထိန်ရပ်၊ရတနာလမ်း၊ အမှတ် ၃၈၃နေ (ဦးကြည်ရွှေ-ဒေါ်သိန်းတင်)တို့၏သား၊ ဒေါ်စုစုရီ(ပြည်ပစာပို့၊ ငြိမ်း)၊ဦးကျော်ဟိန်-ဒေါ်တင်တင်၊ ဦးဝင်းနိုင်(စစစ၊ ငြိမ်း)-ဒေါ်စုစုသန်း (ဆသရ၊ ငြိမ်း)တို့၏မောင်၊ ဦးမောင်မောင်သန့်-ဒေါ်မေပုလဲ၊ ဦးကျော်ရှိန်-ဒေါ်အေးအေးတို့၏အစ်ကို၊ ဒေါ်လှလှဌေး၏ခင်ပွန်းသည် ၂-၁-၂၀၁၈ရက် နံနက် ၁၀း၄၅နာရီတွင် ဗဟိုစည်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ Oceanကွန်ဒို၊ တိုက်(A /၆၀၂) နေအိမ်မှ ကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တပုညိဒ္ဓိ

**(သာသနဓဇဓမ္မာစရိယ၊ ရွှေကျင်နိကာယရတ္တညူမဟာနာယက)**

**သက်တော်(၈၄)နှစ်၊ သိက္ခာတော်(၆၄)ဝါ**

ဧရာဝတီတိုင်းဒေသကြီး၊ညောင်တုန်းမြို့၊ကြိမ်ပင်ဆည်ကျေးရွာ၊ ရွှေဟင်္သာရွှေကျင်ကျောင်းတိုက်၏ဦးစီးပဓာနနာယကဆရာတော်ဘဒ္ဒန္တပုညိဒ္ဓိ(သာသနဓဇဓမ္မာစရိယ၊ ရွှေကျင်နိကာယရတ္တညူမဟာနာယက) မဟာထေရ်မြတ်သည် (၁၃၇၉ခုနှစ် ပြာသိုလပြည့်) ၁-၁-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် ပြာသိုလကွယ်နေ့) ၁၆-၁-၂၀၁၈ရက် (အင်္ဂါနေ့)တွင် အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်း၊ရေတွင်းဒါယိကာမကြီး**

## တိုက်အုပ်ဆရာကြီး ဒေါ်နန္ဒာထေရီ (ဂန္ထဝါစကပဏ္ဍိတ)

**မဟာဝေပုလ္လက္ခဏာသဃစာသင်တိုက်၊ ဦးစီးပဓာနနာယက**

**သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၇)ဝါ**

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့၊ အိုးဖိုအရှေ့ရပ်ကွက်၊ ရေလယ်(၁)လမ်း၊ မဟာဝေပုလ္လက္ခဏာသဃ စာသင်တိုက်၏ဦးစီးပဓာနနာယက တိုက်အုပ်ဆရာကြီး ဒေါ်နန္ဒာထေရီ(ဂန္ထဝါစကပဏ္ဍိတ)သည် (၁၃၇၉ခုနှစ် ပြာသိုလဆန်း ၁၅ရက်) ၁-၁-၂၀၁၈ရက် (တနင်္လာနေ့) ည ၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၉ခုနှစ် ပြာသိုလပြည့်ကျော် ၄ရက်) ၅-၁-၂၀၁၈ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် အိုးဖိုသုသာန်သို့ ပို့ဆောင်ပြီး အန္တိမအဂ္ဂိဈာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူတပည့်များနှင့် ဒါယကာ၊ ဒါယိကာမများ

---

## ဦးစိန်ဟုတ် (ကျိုက်ထိုမြို့)

**အသက်(၉၃)နှစ်**

ကျိုက်ထိုမြို့၊ တောင်ပိုင်းရပ်ကွက်နေ (ဦးယုလှိုင်-ဒေါ်အမား)တို့၏သား၊ ဒေါ်ကျင်တီ(ဝါ)ဒေါ်ကလယ်၏ခင်ပွန်း၊ ဦးကြည်လွင်-(ဒေါ်မြင့်မြင့်စိုး)၊ ဦးမျိုးခိုင်-ဒေါ်ခင်အေးလွင်၊ ဦးသက်ဦးရှိန်-ဒေါ်မာမာလွင်၊ဒေါ်ဌေးဌေးလွင်၊ ဦးအောင်ခိုင်-ဒေါ်ပိုပိုလွင်တို့၏ဖခင်၊ နွေးနွေးခိုင်၊ ဝင်းသန့်ခိုင်တို့၏အဘိုးသည် ၂-၁-၂၀၁၈ရက်(အင်္ဂါနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၈ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကျိုက်ထိုမြို့ တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာသံရုံး၊ လန်ဒန်မြို့မှ ဒုတိယအတွင်းဝန် ဦးသန်းထွန်းအောင်၏ဖခင်ဖြစ်သူ ဦးသန်းမြင့် အသက်(၈၃)နှစ်သည် ၁-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**သံအမတ်ကြီးနှင့်သံရုံးဝန်ထမ်းမိသားစုများ**
**မြန်မာသံရုံး၊ လန်ဒန်မြို့**

---

## ဦးလှထွေး(ခ)ဘိုပြား အသက်(၇၂)နှစ်

**အကောက်ခွန်မှူး(ငြိမ်း)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ တရုတ်ကျောင်းလမ်းနေ (ဦးသိန်းမောင်-ဒေါ်ငွေသစ်)တို့၏သား၊ (ဦးစံသစ်-ဒေါ်စိန်ခ)တို့၏သားသမက်၊ ဒေါ်စမ်းစမ်း၏ခင်ပွန်း၊ ဦးအောင်ကျော်ဦး-ဒေါ်စန္ဒာကျော်၊ ဦးမင်းကျော်သူ-ဒေါ်ခင်နှင်းဖြူ၊ Mr.Beau Thomas-ဒေါ်နီလာဝင်းတို့၏ဖခင်၊ မောင်ကောင်းမြတ်သူ၊ မပန်းမြတ်ဖြူ၊ မောင်ဘုန်းဝေယံကျော်တို့၏ဘိုးဘိုးကြီးသည် ၁-၁-၂၀၁၈ရက် နံနက် ၂နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၇-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါက်တာတင်သိန်း

**Ph.D (Sorbonne University Paris)**

**အမျိုးသားစာပေဆု(သိပ္ပံ)**

**သိပ္ပံပညာထူးချွန်ဆု**

**ဘူမိဗေဒပါမောက္ခ/ဌာနမှူး(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်**

**(အချိန်ပိုင်းပါမောက္ခ)**

ကျေးဇူးရှင်ဆရာကြီး ၂၉-၁၂-၂၀၁၇ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တက္ကသိုလ်**
**ဘူမိဗေဒမိသားစု**

---

**ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးဝင်းသိန်း

**ကြီးကြပ်ရေးမှူး(ငြိမ်း)၊စက်မှု(၂)**

**(၁၂)ရပ်ကွက်၊ရပ်ကွက်အုပ်ချုပ်ရေးမှူး**

**အသက်(၆၉)နှစ်**

(ဦးမောင်ရစ်-ဒေါ်စောမြ)တို့၏သား၊ (ဦးစိန်တင်) - ဒေါ်သိန်းနုတို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊(၁၂)ရပ်ကွက်၊ မာဃ ၁၂လမ်း၊ အမှတ် (၉၀၂/ခ)နေ ဒေါ်ကြည်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်ထိုက်-မခင်လေးသွယ်၊ ကိုကျော်သူရိန်ဝင်း-မခိုင်ဇာနွယ်၊ မဆွေဆွေထိုက်ဝင်း၊ ကိုသီဟဝင်း - မဝိုင်းအိစံတို့၏ ဖခင်၊ မြေး ခုနစ်ယောက်တို့၏ အဘိုးသည် ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၃၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁-၂၀၁၈ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်အေးသင်း(ခ)ဒေါ်ဘီမ

**အသက်(၆၁)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမြို့နယ်၊ တီတွတ်ပြင်ကျေးရွာနေ (ဦးရှင်း-ဒေါ်ဝင်း)တို့၏သမီး၊ ရန်ကုန်မြို့၊သုဝဏ္ဏ၊ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင် ကမ်းနားလမ်း၊ အမှတ် ၁၇နေ [ဦးကျော်သန်း(ခ)ဦးချူးဖေ]ရွှေဇင်ယော် Group ၏ဇနီး၊ မောင်ကျော်ဇင်ဝင်း(ရွှေဇင်ယော် Group)ပွဲနှင်း၊ မောင်လွင်ကို-မခင်ယု၊ မသီသီဝင်း၊ မောင်သိန်းအောင်၊ မောင်ထက်လင်းတို့၏မိခင်၊ မယွန်းဝဿန်ကို၏အဘွားသည် ၁-၁-၂၀၁၈ရက် (တနင်္လာနေ့) ညနေ ၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၅-၁-၂၀၁၈ရက်(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

# အဆိုပြုအနည်းဆုံးအခကြေးငွေ ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာအမျိုးသားကော်မတီ**
**(အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၈)**
**၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)**

**အဆိုပြုအနည်းဆုံးအခကြေးငွေထုတ်ပြန်ကြေညာခြင်း**

၁။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေနှင့် နည်းဥပဒေများအရ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့၌လည်းကောင်း၊ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးကော်မတီနှင့် ပြည်နယ်ကော်မတီများကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့၌လည်းကောင်း ပြန်လည်ဖွဲ့စည်းခဲ့ပြီး ကော်မတီအသီးသီး၏ တာဝန်နှင့် လုပ်ငန်းများကိုလည်း သတ်မှတ်ပေးခဲ့ပါသည်။

၂။ ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီးဖြစ်သည့် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေနှင့် နည်းဥပဒေများအရ မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေပြင်ဆင်သတ်မှတ်နိုင်ရေး အောက်ပါလုပ်ငန်းစဉ် ၅ ရပ်ချမှတ်၍ ဆောင်ရွက်ခဲ့ပါသည်-

(က) လုပ်ငန်းစဉ်(၁)။ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာကော်မတီများ ဖွဲ့စည်းခြင်း၊

(ခ) လုပ်ငန်းစဉ်(၂)။ အနည်းဆုံးအခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလုပ်ရှင်များ၊ အလုပ်သမားများနှင့် ဆွေးနွေးပွဲများ၊ အစည်းအဝေးများ ကျင်းပခြင်း၊

(ဂ) လုပ်ငန်းစဉ်(၃)။ လူနေမှုကုန်ကျစရိတ်ဆိုင်ရာ မေးခွန်းလွှာများ ဖြန့်ဝေ၍ စာရင်းကောက်ယူခြင်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အလုပ်ရှင်နှင့် အလုပ်သမားများထံမှ ပေးပို့လာသော အကြံပြုချက်များနှင့် သဘောထားမှတ်ချက်များကို ပြန်လည်စုစည်းပြီး အနည်းဆုံးအခကြေးငွေအား အဆိုပြုထုတ်ပြန်နိုင်ရန် ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း၊

(ဃ) လုပ်ငန်းစဉ်(၄)။ အဆိုပြုအနည်းဆုံးအခကြေးငွေ ထုတ်ပြန်ကြေညာခြင်း၊

(င) လုပ်ငန်းစဉ်(၅)။ အတည်ပြုအနည်းဆုံးအခကြေးငွေထုတ်ပြန်ကြေညာခြင်း။

*စာမျက်နှာ ၄ ကော်လံ ၁* ❍

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများအား စိစစ်လက်ခံနေရာချထားရေး ကွင်းဆင်းကြည့်ရှု

**စစ်တွေ ဇန်နဝါရီ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးသည် UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်များကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ခွာသွားခဲ့သူများကို စိစစ်လက်ခံပြီး ပြန်လည်နေရာချထားပေးမည့် လျာထားနေရာများဖြစ်သော မြို့မချောင်း၊ ကျွန်းပေါက်ပြုစု၊ လဘ်ာဂုံးနားနှင့် ပွင့်ဖြူချောင်း ကျေးရွာများကို ကွင်းဆင်းကြည့်ရှုကြပြီး ပြန်လည်ဝင်ရောက်လာသူများအတွက် မူလနေထိုင်ရာနေရာ သို့မဟုတ် အနီးစပ်ဆုံးနေရာများတွင် စနစ်တကျစုစည်း၍ မူလအလုပ်အကိုင် သို့မဟုတ် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်မည့် အခြေအနေများ ဖန်တီးပေးနိုင်ရန် စီစဉ်ဆောင်ရွက်ရေး ညှိနှိုင်းပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြောက်ဦးခရိုင် မြေပုံမြို့ရှိ တောင်ပေါ် IDP စခန်းသို့ ရောက်ရှိကြပြီး IDPစခန်းတွင် ခေတ္တနေထိုင်သူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ယာယီနေထိုင်ရန် ဆောက်လုပ်ထားသော စခန်းများတွင် သက်တမ်းကြာရှည်စွာနေထိုင်ခြင်းဖြင့် ပညာရေး၊ကျန်းမာရေးနှင့် လူမှုရေးကိစ္စများတွင် အခက်အခဲများ ကြုံတွေ့နေကြရသဖြင့် ပိုမိုကောင်းမွန်သော အခြေအနေတစ်ရပ်ဖြစ်စေရန်အတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ပေးကြရန်၊ နိုင်ငံသားအဖြစ် အသိအမှတ်ပြု စိစစ်ခံမည့်သူ၏လက်မှတ် (NVCard) များကို

*စာမျက်နှာ ၇ ကော်လံ ၁* ❁



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ IDP စခန်း၌ နိုင်ငံသားအဖြစ် အသိအမှတ်ပြုစိစစ်ခံမည့်သူ၏ လက်မှတ်(NVCard) များ ထုတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။






မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ ဗုဒ္ဓဟူးနေ့

# ရန်ကုန်မြို့ပြ နှင့် Weekend Bazaar

သတင်း - ဝေယံဦး၊ ဓာတ်ပုံ - ကေဇင်

**ရန်ကုန်မြို့ပြ** ရဲ့ လူမှုဘဝနေထိုင်မှုမှာ တဖြည်းဖြည်းနဲ့လူတွေနဲ့ ထိတွေ့ဆက်ဆံမှုများ လာတာကတော့ ဈေးရောင်းစင်တာကြီးတွေ၊ စူပါမားကတ်တွေပဲ ဖြစ်ပါတယ်။ စူပါမားကတ်တွေမှာ ဝင်ထွက်သွားလာ ဝယ်ယူစားသောက်မှုတွေက ရန်ကုန်မြို့ပြ ပြည်သူတွေအတွက်ကတော့ ယဉ်ကျေးမှုတစ်ရပ်ကို ဖြစ်ပေါ်နေတာတွေ အမှန်ပါပဲ။

အခုရက်ပိုင်းတွေဟာ နှစ်သစ်ကူးကာလ ဖြစ်တာမို့ စူပါမားကတ်တွေ၊ အရောင်းစင်တာကြီးတွေ၊ ရှော့ပင်းစင်တာကြီးအပြင် ဆိုင်တိုင်းနီးပါးတွေမှာ အထူးလျှော့ဈေးတွေနဲ့ ရောင်းချနေတာမို့ ဈေးဝယ်သူတွေ၊ အလည်အပတ်ကြည့်ရှုလေ့လာသူတွေအတွက် အကြိုက်တွေ့စေတဲ့ရက်တွေပဲ ဖြစ်ပါတယ်။ ဒီရက်ပိုင်းတွေမှာ ထူးထူးခြားခြား သတိပြုမိတာကတော့ အချို့ ရှော့ပင်းစင်တာနဲ့ စူပါမားကတ်တွေမှာ Weekend Bazaar ဆိုတဲ့ ဈေးဝယ်ရပ်ဝန်းလေးတွေပဲ ဖြစ်ပါတယ်။

**ဈေးဝယ်ထွက်ရာ ရပ်ဝန်းလေးတစ်ခု**

ပြည်သူတွေ၊ ဈေးဝယ်သူတွေ ဝင်ထွက်သွားလာနေတဲ့ ရှော့ပင်းမောအချို့ရဲ့ ဝင်ပေါက်အနီး ဧရိယာမှာ အဲဒီ Weekend Bazaar ဆိုတဲ့ ရပ်ဝန်းလေးတွေ ထွက်ပေါ်လာတာဟာ စိတ်ဝင်စားစရာ ကောင်းပါတယ်။ ပရိုမိုးရှင်းဧရိယာမှာ သစ်သားနဲ့ ပြုလုပ်ထားတဲ့ ဆိုင်ကယ်လေးတွေအတွင်းမှာ လက်မှုထည်နဲ့ လူအသုံးအဆောင်ပစ္စည်းတွေ၊ နားကပ်၊ ဆွဲကြိုးတို့လို လက်မှုဖန်စီပစ္စည်းလေးတွေ၊ စွန့်ပစ်ပစ္စည်းလေးတွေက ပြန်လည်ပြုလုပ်ထားတဲ့ အမှတ်တရ လက်ဆောင်ပစ္စည်းတွေ၊ ပိုက်ဆံအိတ်လေးတွေ၊ ကုန်ကြမ်းကနေ ကုန်ချောအထိ မြန်မာနိုင်ငံမှာ ထုတ်လုပ်ထားတဲ့ Orginal အဝတ်အထည်တွေနဲ့ စားသောက်ကုန်ပစ္စည်းတွေကို လှလှပပ ပြသထားတာ တွေ့ရပါတယ်။ လေ့လာကြည့်တဲ့ အခါ Weekend Bazaar လို့ အမည်ပေးထားတဲ့ လူမှုအကျိုးပြု ဈေးဝယ်ထွက်ရာ ရပ်ဝန်းလေးတစ်ခုဖြစ်ကြောင်း သိရပါ တယ်။

**ဈေးရောင်းနေရာ ဖန်တီးပေးခြင်းဖြစ်**

ဒီနေရာလေး၊ ဒီရပ်ဝန်းလေးမှာ ပါဝင်ဆင်နွှဲနေတာတွေက အမြတ်အစွန်းမယူတဲ့ လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းတွေဖြစ်ပြီး ဒီရပ်ဝန်းမှာရှိတဲ့ တင်ပြရောင်းချနေတဲ့ လက်ရာမြောက် ပစ္စည်းတွေကို သာမန်လုပ်ငန်းခွင်မှာ အလုပ်အကိုင် အခွင့်အလမ်းနည်းသူတွေ၊ အမျိုးသမီးတွေ၊ မသန်စွမ်းသူတွေနဲ့ စစ်ဘေးသင့် ကလေးသူငယ်တွေ ပြုလုပ်ကြတာပဲ ဖြစ်ပါတယ်။ သူတို့တွေကို အသက်မွေးဝမ်းကျောင်းပညာရပ်တွေ လေ့ကျင့်သင်ကြားပေးပြီး မိမိဘဝကို ဖန်တီးတည်ဆောက်နိုင်အောင် အရည်အချင်းတွေ ဖော်ထုတ်ကာ ဈေးရောင်းနေရာလေးတွေကို ဖန်တီးပေးခြင်းဖြစ်တယ်။

အလုပ်အကိုင်အခွင့်အလမ်းနည်းသူတွေ၊ မသန်စွမ်းသူတွေနဲ့ အမျိုးသမီးတွေအတွက် ပြည်တွင်းပြည်ပက အလှူရှင်တွေ၊ ငွေကြေးထောက်ပံ့မှုတွေကို အားမကိုးဘဲ မိမိတို့ဘဝ မိမိတို့ကိုယ်တိုင် ရပ်တည်နိုင်ရေးအတွက် ထုတ်ကုန်တွေကို ထုတ်လုပ်တဲ့အခါ အရေးအကြီးဆုံးကွက်လပ်ကတော့ အဲဒီထုတ်ကုန်တွေကို ဘယ်လိုနေရာမှာ ရောင်းချရမလဲဆိုတဲ့ ဈေးကွက်ပြဿနာပဲဖြစ်ပါတယ်။ အဲဒီပြဿနာကို ဖြေရှင်းနိုင်ဖို့အတွက် အခုလို Weekend Bazaar အစီအစဉ်ထွက်ပေါ်လာတာပဲ ဖြစ်ပါတယ်။


“ကိုယ့်အားကိုယ်ကိုးပြီး ဘဝရပ်တည်မှုအတွက် ကြိုးစားရုန်းကန်နေကြသူများရဲ့ရေရှည် ရပ်တည်မှုတွေအတွက် တစ်ဖက်တစ်လမ်းက အထောက်အပံ့ဖြစ်စေဖို့ ရည်ရွယ်ကြိုးစားရုန်းကန်နေကြတဲ့ အဖွဲ့အစည်းတွေက စုပေါင်းပြီး

**အချပ်ပို(ဃ)သို့**





## ရန်ကုန်မြို့ပြသို့ နိုင်ငံခြားခရီးသွားများ ရေကြောင်းပို့ဆောင်ရေး အပန်းဖြေ ရေယာဉ်ဖြင့် တဖွဲဖွဲ ဝင်ရောက်လျက်ရှိ



အ ချပ် ပို (ခ)...

.................

## မြို့တော် ရန်ကုန်အတွက် နေ့၊ ည ဈေးသစ် တစ်ခု မွေးဖွားခြင်း



အ ချပ် ပို (ဂ)...

.................

## နှစ်သစ်အတွက် လာခြင်းကောင်းတဲ့ ရန်ကုန် ကားဈေးကွက်ဖြစ်ဖို့ မျှော်လင့်နေကြ

အ ချပ် ပို (ဃ)...





မန္တလေးမှ ရန်ကုန်သို့ ရေကြောင်းခရီးဖြင့် လာရောက်လေ့လာသည့် နိုင်ငံခြားသားခရီးသွားများကို ပို့ဆောင်ပေးသော ရေယာဉ်များ ပန်းဆိုးတန်းဆိပ်ကမ်းတွင် ဆိုက်ကပ်ထားစဉ်။

# ရန်ကုန်မြို့ပြသို့ နိုင်ငံခြားခရီးသွားများ ရေကြောင်းပို့ဆောင်ရေး အပန်းဖြေရေယာဉ်ဖြင့် တဖွဲဖွဲ ဝင်ရောက်လျက်ရှိ

**သတင်း-သန်းထိုက်(လှိုင်သာယာ)၊ ဓာတ်ပုံ -သန်းစိုး**

**ရန်ကုန်** မြစ်ပြင်သည် ပင်လယ်ဝမှ ဒီရေတအိအိ တိုးဝင်လာလျက်ရှိပြီး ပင်လယ်ကူးသင်္ဘောတစ်စင်းမှာ ကွန်တိန်နာများတင်ဆောင်လျက် တရွေ့ရွေ့ဖြင့် ဝင်ရောက်လာလျက်ရှိသည်။ ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဘက်ကမ်းသို့ ပြေးဆွဲနေသော ကူးတို့ယာဉ်မှာ မြစ်ပြင်တွင် ကူးချည်သန်းချည် သွားလာလျက်ရှိသည်။ ရေတက်နှင့်အတူ ငါးသလောက်ပိုက်လှေများကလည်း ရန်ကုန်မြစ်ပြင်တွင် သူ့အစု ကိုယ့်အစုဖြင့် ရေစီးအတိုင်း လိုက်ပါလျက်ရှိသည်။ ပန်းဆိုးတန်းဆိပ်ကမ်းနှင့် ကပ်လျက် ဆိပ်ကမ်းတွင် နိုင်ငံခြားသား ရေကြောင်းသွား ခရီးသွားများအပန်းဖြေသင်္ဘော သုံးစင်း ဆိုက်ကပ်ထားသည်။ ထိုသင်္ဘောများမှာ မန္တလေးမှ ရန်ကုန်သို့ နိုင်ငံခြားသားခရီးသွားများ ရန်ကုန်မြို့ပြသို့ ရေကြောင်းခရီးဖြင့် အပန်းဖြေလေ့လာရေး ရောက်ရှိလာခြင်းပင်ဖြစ်သည်။မြန်မာနိုင်ငံ ပြည်တွင်းရေကြောင်း နိုင်ငံခြားသား ခရီးသွားဝန်ဆောင်မှုတစ်ခု၏ ပုံရိပ်တစ်ခုလည်း ဖြစ်သည်။

## ရန်ကုန်မြို့အတွက် ဂုဏ်ယူစရာ

မန္တလေးမြို့မှ ရေကြောင်းခရီးဖြင့် ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်း၍ မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုနှင့် လူမှုဘဝနေထိုင်မှု၊ ဧရာဝတီမြစ်၏ အလှနှင့် အေးချမ်းမှုကို ခံစားလျက် ရှေးကိုလိုနီလက်ရာများ လတ်ဆတ်စွာကျန်ရှိနေသော မဟာရန်ကုန်မြို့သို့ နိုင်ငံခြားသားများ လာရောက်လေ့လာကြခြင်းပင် ဖြစ်သည်။ ရေကြောင်းခရီးဖြင့် ရောက်ရှိလာသော ပြည်တွင်းရေကြောင်း ခရီးသွားသင်္ဘောများမှာ ဤဆိပ်ကမ်းတွင်သာ ဆိုက်ကပ်၊ ထွက်ခွာကြလေ့ရှိသည်။ နိုင်ငံခြားသားများ ဤသို့သင်္ဘောဖြင့် ရန်ကုန်မြို့သို့ လာရောက်လေ့လာခြင်းသည် ရန်ကုန်မြို့အတွက် ဂုဏ်ယူစရာပင်ဖြစ်သည့်နည်းတူ နိုင်ငံအတွက်လည်း ဂုဏ်ယူဖွယ်ပင် ဖြစ်သည်။ မြန်မာ့ထီးမွေနန်းမွေတည်ရှိရာ မန္တလေးမြို့မှ ရန်ကုန်မြို့သို့ လာရောက်အပန်းဖြေ လေ့လာသော နိုင်ငံခြားခရီးသွားတို့အတွက် ရန်ကုန်မြို့ကြီးသည် ခေတ်မီလှပသေသပ်၍ သန့်ရှင်းသာယာနေရမည်ဖြစ်သည်။ ဟင်းပွဲတစ်ပွဲကို မစားသုံးမီ မျက်စိဖြင့် ဦးစွာသုံးသပ်သကဲ့သို့ မိမိရောက်ရှိသော နေရာဒေသ၏ ပုံရိပ်ကိုလည်း ဤမျက်စိဖြင့်ပင် ဦးစွာ သုံးသပ်ကာ ထိုတိုင်းပြည်၊ ထိုလူမျိုးတို့၏ ယဉ်ကျေးမှုနှင့် လူနေမှုကို ခန့်မှန်းနိုင်၍ ဖြစ်သည်။

## နယ်စပ်လုံခြုံငြိမ်းချမ်းမှုကြောင့် ခရီးသွားလုပ်ငန်းတိုးတက်

လာရောက်လည်ပတ်သောနိုင်ငံ၏ ယဉ်ကျေးမှုကိုသိချင်ပြီး နိုင်ငံ၏အနေအထားကိုလည်း သိလိုတတ်ကြသည်။ ပြည်သူကိုဂရုစိုက်သော တိုင်းပြည်ကို လာရောက်လည်ပတ်မှုများပြီး လာရောက်လည်ပတ်သူတို့၏ လုံခြုံရေးကို ဂရုစိုက်သောနိုင်ငံကို ပို၍သဘောကျ လက်ဆင့်ကမ်းတတ်ကြသည်။ ယခု ကျိုက်ထီးရိုးကို နိုင်ငံခြားသားများသွားလာမှုများခြင်းသည် ယခင်ထက် လမ်းပွင့်သွားသောကြောင့်ဖြစ်သည်။ ထိုဒေသမှ ပြည်သူများ ပြည်တွင်းဝင်ငွေသာမက ပြည်ပနိုင်ငံမှ ဝင်ငွေကိုလည်း ရကြသည်။ နယ်စပ်လုံခြုံ၍ ငြိမ်းချမ်းမှုကြောင့် ခရီးသွားလုပ်ငန်း ပို၍တိုးတက်ပြီး ခရီးသွားဝင်ရောက်မှုများလာကာ နိုင်ငံခြားဝင်ငွေဖြစ်သော မီးခိုးတိတ်ဝင်ငွေကို ရရှိမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ခရီးသွားလုပ်ငန်း အောင်မြင်တိုးတက်ခြင်းသည် နိုင်ငံအေးချမ်းသာယာမှုနှင့် ဆက်နွှယ်လျက်ရှိသည်။ နိုင်ငံအေးချမ်း၍ သမိုင်းအမွေအနှစ်၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တို့ တည်ရှိပါက ထိုနိုင်ငံသို့ ခရီးသွားဝင်ရောက်မှု များမည်သာဖြစ်သည်။ ခရီးသွားလုပ်ငန်းသည် ပြည်ပကောလာဟလ ပယောဂကြောင့်လည်း ထိခိုက်တတ်သည်။ ကောလာဟလနှင့် မြေပြင်ဖြစ်ပျက်မှု ကွာဟနေခြင်းကို ထိုနိုင်ငံခြား ခရီးသွားများကသာ သိရှိတတ်ကြသည်။ ကောလာဟလဖြင့် ခရီးသွားလုပ်ငန်း ထိခိုက်နိုင်မှုကို နိုင်ငံခြားခရီးသွား ပို့ဆောင်ရေးကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာတစ်ဦးက ဤသို့ပြောကြားသည်။

နိုင်ငံခြားသားတစ်ဦးက ပြောတယ်၊ “ငါ ဒီကို မရောက်ခင်က စိတ်ထဲမှာ တစ်မျိုးထင်ထားတာ၊ ဆူးလေစေတီရောက်တော့ ချာ့ချ်ကျောင်းနဲ့ ဗလီကို တစ်စုတည်းတွေ့ရတော့ ငါထင်တာမဟုတ်ပါလား” လို့ အဲ့ဒီနိုင်ငံခြားသားက ပြောတယ်၊ “ဟုတ်တယ် မင်းတို့ပြည်ပက ထင်ထားသလို မဟုတ်ဘူး၊ လက်တွေ့မြင်တော့ သဘောပေါက်မှာပါ”လို့ ပြောတော့ ခေါင်းညိတ်ပြီ သဘောကျ တယ်။

## ခရီးသွားလုပ်ငန်းနှင့် နိုင်ငံရေးတည်ငြိမ်မှု

ဆိုလိုတာက ကျွန်တော်တို့နိုင်ငံမှာ လွတ်လွတ်လပ်လပ် ကိုးကွယ်နေထိုင်တာကို ပြည်ပမှာ မမှန်သတင်းလွှင့်ပြီး ဒီရောက်လို့ မြင်တွေ့မှ အမှန်ကို သိကြတာများတယ်၊ အကုန်လက်တွဲပြီး နေကြတာကို သူတို့တွေ့တယ်၊ ပြည်ပရောက် ရင်လက်ဆင့်ကမ်းကြတာပါ၊ ဒါဟာ နိုင်ငံခြားသား ခရီးသွားလုပ်ငန်းက တိုင်းပြည်ကိုအကျိုးပြု ပံ့ပိုးတာတစ်ခုပါပဲ၊ နိုင်ငံမတည်ငြိမ်ရင် ခရီးသွားလုပ်ငန်းကို တိုက်ရိုက်ထိခိုက်နိုင်တယ်”ဟု နိုင်ငံခြားသား ရေကြောင်းခရီးသွားလုပ်ငန်း ကုမ္ပဏီတစ်ခုမှ မန်နေဂျာတစ်ဦးက ခရီးသွားလုပ်ငန်းနှင့် နိုင်ငံရေးတည်ငြိမ်မှု ဆက်စပ်နေပုံကို ပြောကြားသည်။

## ဝင်ငွေရှာနိုင်သည့် နည်းပညာနှင့် ကြံဆမှု

ရန်ကုန်မြို့နှင့် မန္တလေးတွင် နိုင်ငံခြားသား စိတ်ဝင်စားသော ဆွဲဆောင်မှုလုပ်ငန်းများ ဖန်တီးဖော်ဆောင်ရန် လိုအပ်သည်။ တိုင်းရင်းသားကျေးရွာ တည်ဆောက်ထားရှိသကဲ့သို့ ဖြစ်သည်။ ရန်ကုန်မြို့သာကေတတွင် မိကျောင်းမွေးမြူရေးစခန်းရှိသည့်အတွက် နိုင်ငံခြားဝင်ငွေရရှိစေသော လုပ်ငန်းတို့ကို ဖော်ဆောင်သွားခြင်းဖြင့် ရန်ကုန်မြို့သို့ရောက်သော မည်သည့်နိုင်ငံခြားသားမဆို မိကျောင်းကန်သို့ လာရောက်မည်မှာ ဧကန်ပင်ဖြစ်သည်။ ဗန်ကောက်တွင် ရုံသွင်း၍ နိုင်ငံခြားသားတို့အား ဆင်များဘောလုံးကန်သော ပြကွက်ကိုပြသကာ နိုင်ငံခြားငွေကိုရရှိလျက် တိုက်ကြီးတွင် ဆင်ပြခန်းထားရှိနိုင်ပါက ရန်ကုန်မြို့သို့ လာရောက်သော နိုင်ငံခြားသားများ လေ့လာကြမည်မှာ အမှန်ပင်ဖြစ်သည်။ ရန်ကုန်မြစ်နှင့် အနီးတွင်ရှိ၍ ရေသတ္တဝါများကို ပြခန်းများဖြင့် ပြသကာ ပြည်တွင်း ပြည်ပ ဝင်ငွေရှာနိုင်သည်။နည်းပညာနှင့် ကြံဆမှုသာ လိုသည်။

“ခရီးသွားရာသီက ကိုးလရှိပါတယ်၊ မန္တလေးကနေ ရန်ကုန်ကိုလာရင် တစ်ပတ်ကျော် နှစ်ပတ်ကြာတတ်တယ်၊ ဆွစ်ဇာလန်၊ ဂျာမနီ၊ စပိန်၊ ပြင်သစ်၊ ဩစတြေးလျက ခရီးသွားတွေ များတယ်၊ အာရှခရီးသွားက သင်္ဘောနဲ့သွားတာ မရှိဘူး၊ ရက်ကြာတတ်လို့ပါ၊ ရေကြောင်း၊ မြစ်ကြောင်းတွေ ကောင်းမွန်မယ်ဆိုရင် ရန်ကုန်ကို မြန်မြန်ဆန်ဆန် ရောက်နိုင်သလို တစ်ညအိပ် နှစ်ရက်သွားနေရတဲ့ ပုဂံ-မန္တလေးခရီးဟာ တစ်ရက်တည်းနဲ့ သွားနိုင်မှာပါ၊ ဧရာဝတီမြစ်အလှကို ခံစားချင်တဲ့ အာရှသားတွေဆီက နိုင်ငံခြားဝင်ငွေ ပိုရနိုင်ပါတယ်၊ မန္တလေးကနေ ရန်ကုန်ကို တစ်ပတ်ကျော် နှစ်ပတ်ကြာတတ်တယ်။ ရန်ကုန်ရောက်ရင် ရွှေတိဂုံစေတီတော်ကို ဖူးရတာ သဘောကျကြတယ်၊ ပြီးတော့ ဗိုလ်ချုပ်ဈေး၊ ဗန္ဓုလပန်းခြံ၊ ချာ့ချ်ကျောင်းတွေနဲ့ ပန်းဆိုးတန်းလမ်းမကြီးတစ်လျှောက်က ကိုလိုနီလက်ရာအဆောက်အအုံတွေကို နိုင်ငံခြားသားတွေ စိတ်ဝင်စားကြတယ်၊ ခရီးသွားဝင်ရောက်မှု တိုးတက်ဖွံ့ဖြိုးဖို့ဆိုရင် သူနဲ့သက်ဆိုင်တဲ့ အရာတွေအားလုံးကို ပြုပြင်လုပ်ဆောင်ဖို့ လိုမယ်၊ စင်ကာပူနဲ့ ထိုင်းနိုင်ငံခရီးသွားလုပ်ငန်း အောင်မြင်နေသလို ကျွန်တော်တို့နိုင်ငံမှာ ခရီးသွားလုပ်ငန်းနဲ့ ပတ်သက်တာတွေကို ဖော်ဆောင်ပြုပြင်မယ်ဆိုရင် မီးခိုးတိတ်ရရှိတဲ့ နိုင်ငံခြားဝင်ငွေတိုးပြီး ရရှိလာမှာပါ၊ ဒီဇင်ဘာဆိုရင် မြစ်ကြောင်းတွေစပြီး ကျပ်လာပြီ၊ ရေကြောင်းခရီးသွားလုပ်ငန်း ဖြစ်တဲ့အတွက် ရေကြောင်းကောင်းမွန်ပြီး သဘာဝအလှတရားတွေ မပျက်စီးဖို့လိုပါတယ်”ဟုနိုင်ငံခြားသားခရီးသွား ရေကြောင်းပို့ဆောင်ရေး ကုမ္ပဏီတစ်ခုမှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးနိုင်က ပြောသည်။

## ရေကြောင်းခရီးသွားလုပ်ငန်းအောင်မြင်ရန်

နိုင်ငံခြားသား ရေကြောင်းပို့ဆောင်ခြင်း ခရီးသွားလုပ်ငန်းသည် ၁၉၉၆ ခုနှစ်မှ စတင်ခဲ့ပြီး Road to Mandalay သင်္ဘောဖြင့် နိုင်ငံခြားသား ရေကြောင်းခရီးသွားလုပ်ငန်းကို ၁၉၉၇ တွင် ပေ ၃၀၀ ရှည်သော ဥရောပသင်္ဘောဖြင့် ရန်ကုန်-မန္တလေး စတင်ခဲ့ပြီး သင်္ဘောရှည်သည့်အတွက် သွားလာရေးခက်ခဲသောကြောင့် ပုဂံ-ညောင်ဦး ခရီးစဉ်သာပြေးဆွဲလျက်ရှိသည်။ ယခုပြေးဆွဲလျက်ရှိသော သင်္ဘောများမှာ ပေ ၂၂၀ ရှည်ပြီး အချို့သင်္ဘောတို့မှာ ရေကူးကန်ပါရှိ၍ မြန်မာပြည်၏ ရေကြောင်းခရီးသွား ပို့ဆောင်ရေးအတွက် ဂုဏ်ယူဖွယ်ပင်ဖြစ်သည်။ နိုင်ငံခြားသား ခရီးသွားပို့ဆောင်ရေးရေယာဉ် ကုမ္ပဏီ ၂၀ ကျော်ရှိပြီး အချို့ကုမ္ပဏီမှာ သင်္ဘော ၁၅ စင်းအထိ ရှိသောကြောင့် နိုင်ငံခြားသား ရေကြောင်းခရီးသွားလုပ်ငန်း ပို၍တိုးတက်အောင်မြင်ရန်နှင့် မြစ်ကြောင်းများ ကောင်းမွန်သန့်ရှင်းရန် လိုအပ်လာလျက်ရှိသည်။

**အချပ်ပို(ဃ)သို့**



ရန်ကုန်မြစ်အတွင်းမှ သင်္ဘောဟိုတယ်ကို တွေ့ရစဉ်။



ရန်ကုန်မြစ်ဝနှင့် မြစ်အတွင်း နိုင်ငံခြားသားများကို ပို့ဆောင်ပေးသည့် ရေယာဉ်တစ်စင်း ဗိုလ်တထောင်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားစဉ်။

# မြို့တော် ရန်ကုန်အတွက် နေ့၊ည ဈေးသစ်တစ်ခု မွေးဖွားခြင်း




**နံနက်** နေထွက်ချိန်မှ ညနေ နေဝင်ချိန်တိုင်အောင် ရုန်းကန် လှုပ်ရှားနေရသော ရန်ကုန်မြို့နေ လူမှုဘဝများအတွက် လမ်းဘေးဈေးသည်များသည် အရေးပါလျက်ရှိသည်။ မိုးလင်းမှ မိုးချုပ်တိုင် အလုပ်လုပ်နေကြသောမိသားစုများ၏ ချက်ပြုတ် စားသောက်ရေး ကဏ္ဍအတွက် လမ်းဘေးဈေးသည်များက ကူညီအားဖြည့်ပေးလျက်ရှိသည်။ ဈေးဖွင့်ချိန်နှင့်အတူ အလုပ်ဝင် ကြရသောရန်ကုန်သူများ၊ ဈေးပိတ်ချိန်မှ အလုပ်ပြန်သူများအတွက် လိုအပ်ချက်နှင့်အညီ လမ်းဘေးဈေးသည်တို့ကို အားပြု စားသောက်ကြရသည်။ ဈေးဝယ်စင်တာများ၊ ကုန်တိုက်ကြီးများတွင် ဈေးဝယ်ရန် အချိန်မရသူတို့က လမ်းဘေးဈေးသည်များကို အားကိုးကြရသည်။

ထင်ပေါ်ဝင်း(ကမာရွတ်)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



ရန်ကုန်မြို့၏ လမ်းမကြီးများ၊ လမ်းသွယ်များ ထိပ်တွင် လမ်းဘေးဈေးသည်တို့က အပြိုင်အဆိုင် နေရာ ယူထားလေ့ ရှိသည်။ မိသားစုစားသောက်ရေးအတွက် အမိက တာဝန်ယူနေကြရသော အိမ်ရှင်မများ၏ အလုပ်ပြန်ချိန်ကို လမ်းဘေးဈေးသည်တို့က စောင့်မျှော် ရောင်းချလေ့ရှိသည်။ အချို့နေရာများတွင် ဟင်းသီးဟင်းရွက်၊ အသားငါး စသော စားသောက်ကုန်ကြမ်းများကို ရောင်းချတတ်သလို အချို့နေရာများတွင် အသင့်စားအစားအစာများကို ကိုယ်ပိုင်ယာဉ်ငယ်များဖြင့် တင်ဆောင်ရောင်းချတတ်ကြသည်။ ထိုသို့ သတ်မှတ်နေရာမဟုတ်ဘဲ လမ်းမကြီးများနှင့် လမ်းသွယ်များထိပ်တွင် ရောင်းသူ ဝယ်သူ စည်ကားနေသောကြောင့် ယာဉ်သွားလမ်းများ ပိတ်ဆို့ကုန်တော့သည်။ လူသွားလမ်း စင်္ကြံများ ပျောက်ဆုံးကြရသည်။ လမ်းဘေးဈေးသည်တို့ စွန့်ပစ်သော စည်းကမ်းမဲ့ အမှိုက်များ၏ အနံ့အသက်ဆိုးများကို ရပ်ကွက်နေ ပြည်သူတို့ ခံစားကြရသည်။

## ဈေးဖွင့်လှစ်ရန် ပြင်ဆင်

လမ်းဘေးဈေးသည်များကြောင့် နေ့စဉ်ကြုံတွေ့နေရသော မြို့တော်ရန်ကုန်ရှိ ပြည်သူများ၏ အခက်အခဲများကို ဖြေရှင်းရန် ပုဇွန်တောင်မြို့နယ်မှ စတင်ကြိုးစားလျက်ရှိကြောင်း တွေ့ရသည်။ ယင်းမှာ ၅၂ လမ်း နေ့၊ည ဈေးဖွင့်လှစ်ရန် ပြင်ဆင်နေကြခြင်းပင်ဖြစ်သည်။

အဆိုပါဈေး ဖြစ်ပေါ်လာပုံအကြောင်းကို ပုဇွန်တောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းက "အရင်က ယာဉ်ထိန်းရဲရုံးနဲ့ နီးတဲ့နေရာ ဖြစ်တဲ့အတွက် ယာဉ်တိုက်မှုဖြစ်တဲ့ ကားတွေ ထားရာနေရာ ကားသင်္ချိုင်း သဘောမျိုး ဖြစ်နေတဲ့အတွက် ကားဟောင်း ကားပျက်များ ထားရှိခြင်း၊ အမှိုက်များပစ်ခြင်း၊ လမ်းသားများ ပျက်စီးခြင်းများ ဖြစ်ပေါ်နေသော နေရာတစ်ခုဖြစ်တယ်။ အဲဒီနေရာမှာ ကွက်လပ်ကလေး ဖြစ်နေတယ်။ မြို့လယ်ကောင်မှာ ဒီလိုနေရာမျိုးက ရှားတာကို လွှတ်တော်ကိုယ်စားလှယ်များက တွေ့ရှိထားတယ်"ဟု ဈေးနေရာရှာဖွေထားမှုအကြောင်း ရှင်းပြသည်။

## အရေးယူဆောင်ရွက်

ထို့ပြင် လမ်းဘေးဈေးသည်များကြောင့် ရပ်ကွက်နေပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပုံ အကြောင်းကို ၎င်းက ဆက်လက်ရှင်းပြရာ၌ "လမ်းဘေးဈေးသည်တွေကြောင့် အမှိုက်တွေများတယ်၊ ယာဉ်ကြောပိတ်ဆို့မှုတွေ များတယ်၊ တချို့နေရာတွေမှာ ရပ်ကွက်ပြည်သူတွေကနေ ကျွန်တော်တို့ဆီကို စာတွေတိုင်တယ်၊ ဈေးသည်တွေရှိခြင်းအားဖြင့် လမ်းသူလမ်းသားတွေ၊ ရပ်ကွက်သူ ရပ်ကွက်သားတွေက စိတ်အနှောင့်အယှက် ဖြစ်ရတယ်ပေါ့နော်။ အဲတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့က တစ်ခုခုတော့ အရေးယူဆောင်ရွက်လုပ်မှဖြစ်မယ်လို့ တိုင်ပင်ကြတယ်"ဟု ရှင်းပြသည်။

ရန်ကုန်မြို့လယ်ကောင်ဖြစ်သော မြို့တွင်းခြောက်မြို့နယ်တွင် ပုဇွန်တောင်မြို့နယ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ကျောက်တံတားမြို့နယ်များမှ လမ်းဘေးဈေးသည်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ကမ်းနားလမ်းညဈေး ဖွင့်လှစ်ပေးခဲ့သည့်အတွက် ပုဇွန်တောင်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များကလည်း ၅၂ လမ်းနေရာတွင် နေ့၊ ညဈေးအဖြစ် ဖွင့်လှစ်ရန် စိတ်ကူးအကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

## ဝိုင်းဝန်းကူညီပေး

ကမ်းနားလမ်းညဈေး၏ အားနည်းချက် အားသာချက်များကို လေ့လာ၍ အသစ်ဖွင့်လှစ်မည့် နေ့/ညဈေးသစ်ကို စီမံဆောင်ရွက်ထားကြောင်း သိရသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ သက်ဆိုင်သော ဌာနများကလည်း ဝိုင်းဝန်းကူညီပေးလျက်ရှိကြောင်း သိရသည်။

"အမှိုက်တွေ ရှင်းပေးတယ်၊ လမ်းခင်းပေးတယ်၊ ရေမြောင်းဖုံးတွေ တပ်ပေးတယ်၊ ရေစင်ကြီးတွေ လုပ်ပေးတယ်၊ မီးတိုင်ကြီးတွေ လုပ်ပေးတယ်၊ ၅၁ လမ်းနဲ့ ၅၂ လမ်းကြားကို သံပန်းသံတံခါး တပ်ဆင်ပေးတယ်၊ သံဆူးကြိုးတွေ ကာရံပေးတယ်"ဟု လွှတ်တော်ကိုယ်စားလှယ်က ဆက်လက်ရှင်းပြသည်။

တညီတညာတည်း သပ်ရပ်လှပသော ဈေးဆိုင်တဲများအတွက် စံပယ်ဦးရေသန့်ကုမ္ပဏီမှ ဦးမောင်မောင်ဦးက အခမဲ့ လှူဒါန်းခဲ့ကြောင်း သိရသည်။

"ရန်ကုန်မှာလုပ်မယ်ဆိုရင် လေးငါးခြောက်သောင်းလောက်ရှိပေမယ့် တရုတ်ပြည်ကမှာတော့ သိန်းကျော်ပေးရတာပေါ့၊ တဲကတော့ တောင့်တယ်၊ ကောင်းတယ်၊ တစ်တဲကို ရှစ်ပေကျော်လောက် ရှိတယ်၊ တစ်တဲနဲ့ တစ်တဲကို တိုင်တွေကပ်နေတယ်၊ အားလုံးပေါင်းလိုက်ရင် တချို့နေရာတွေက ၃၄-၃၅ တဲ၊ တချို့နေရာတွေက ၂၉ တဲ၊ တချို့ကျတော့ ၃၀ ကျော်လောက်ပေါ့နော်၊ ဘာကြောင့်ဖြစ်တာလဲဆိုတော့ သန့်စင်ခန်းနေရာတို့၊ ရေစင်နေရာတို့ထားတဲ့အတွက်ကြောင့်ပါ"ဟုဈေးဆိုင်တဲများ နေရာချထားမှုနှင့် ပတ်သက်၍ ဦးခင်မောင်ဝင်းက ပြောသည်။

## ဈေးသည်များအား စာရင်းကောက်ယူ

ဈေးဆိုင်တဲများ ပြင်ဆင်နေသည့် တစ်ချိန်တည်းမှာပင် ပုဇွန်တောင်မြို့နယ်အတွင်းရှိ လမ်းမကြီးများဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်ဘုရားလမ်း၊ အထက်/အောက် ပုဇွန်တောင်လမ်းမကြီးများတွင်ရှိသော လမ်းဘေးဈေးသည်များအား စာရင်းကောက်ယူပြီး နေ့၊ ည ဈေးသည်များ ခွဲခြားခဲ့သည်ဟု သိရသည်။ နေ့ပိုင်းဈေးသည်များကို မနက် ၆ နာရီမှ ၁၁ နာရီအထိ လည်းကောင်း၊ ညပိုင်းဈေးသည်များကိုညနေ ၃ နာရီမှ ည ၁၁ နာရီအထိ ဖွင့်လှစ်ရောင်းချခွင့်ပြုမည်ဟု သိရသည်။ အချို့သော မနက်ပိုင်းဈေးသည်များထဲမှ ထမင်းဆိုင်များကိုမူ ထမင်းစားချိန်ရောက်သည်အထိ ခွင့်ပြုပေးမည်ဟု ဆိုသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃ ရက်ကို နောက်ဆုံးထားဖွင့်လှစ်သွားရန် စီစဉ်နေပြီး ဒီဇင်ဘာ ၂၇၊ ၂၈ ရက်များ၌ မြို့နယ်စည်ပင်ရုံးတွင် ဈေးသည်မှတ်ပုံတင်စမတ်ကတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။ ဈေးပိတ်ချိန် ဈေးတဲတန်းများ၌ လုံခြုံမှုရှိစေရန် လုံခြုံရေးဝန်ထမ်းများ ငှားရမ်းထားရှိကြောင်း သိရသည်။

ဈေးဖွင့်ပွဲနှင့် အထွေထွေဝန်ဆောင်စရိတ်များအတွက် မနက်ပိုင်း ဖွင့်လှစ်ရောင်းချမည့်သူများထံမှ တစ်သောင်းခွဲ ကောက်ခံထားပြီး ညပိုင်းဈေးသည်များထံမှ နှစ်သောင်း ကောက်ခံထားကြောင်း သိရသည်။ မနက်ပိုင်းရောင်းချမည့် ဈေးဆိုင်တဲ ၉၅ တဲ ရှိပြီး ညပိုင်းရောင်းချမည့် ဈေးဆိုင်တဲ ၁၂၅ တဲရှိသည်။ စုစုပေါင်းဈေးဆိုင်တဲ ၁၃၀ ကျော် ခန့်ရှိကြောင်း သိရသည်။

လာရောက်ရောင်းချမည့် အချိန်၊ ဈေးသည်အမျိုးအစား ခွဲခြားထားမှုနှင့်ပတ်သက်၍ "မနက်ပိုင်းသမားကတော့ သားစိမ်းငါးစိမ်းသမားတွေပေါ့၊ ဟင်းသီးဟင်းရွက်သမားတွေ ပါတယ်၊ လက်ဖက်ရည်ဆိုင်သမားတွေ ပါတယ်၊ ထမင်းကြော်ဆိုင်တွေ ပါတယ်၊ အသီးအနှံသမားတွေ ပါတယ်ပေါ့နော်၊ ပန်းရောင်းတာတွေပါတယ်ပေါ့နော်၊ အသုပ်တို့ဘာတို့လည်း ပါတယ်၊ ညနေပိုင်းသမားကတော့ အကြော်အလှော်များတယ်၊ တရုတ်အစားအစာတို့၊ ဂျပန်ထမင်းလိပ်တို့ ဘာတို့ပေါ့နော်၊ အဲဒီမှာလည်း အသီးသည်တွေ အသုပ်သည်တွေ ထမင်းဆိုင်တို့ အဲဒီလိုသမားတွေ ပါပါတယ်"ဟု တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ပြောသည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း ဖွင့်ပွဲကျင်းပမည့် ၅၂ လမ်း နေ့၊ညဈေးသည် ပုဇွန်တောင်မြို့နယ် အမှတ် (၁၀) ရပ်ကွက်အတွင်း ၅၂ လမ်းတွင် လမ်းထက်ဝက်ခန့် နေရာယူပြီး အရှေ့ဘက်တွင် ဗိုလ်တထောင်ဘုရားလမ်း၊ အနောက်ဘက်တွင် ၅၁ လမ်း၊ အထက်ဘက်တွင် ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အောက်ဘက် အနော်ရထာလမ်းအကြားတွင် တည်ရှိသည်။

## လမ်းဘေးဈေးသည်များ လမ်းပေါ်တွင် လျော့နည်း

ရန်ကုန်တိုင်းဒေသကြီး၏ မြို့တွင်းမြို့နယ်တစ်ခုဖြစ်သည့် ပုဇွန်တောင်မြို့နယ်အတွင်း ယခုကဲ့သို့ နေ့ညဈေးဖွင့်လှစ်နိုင်ခြင်းကြောင့် လမ်းဘေးဈေးသည်များ လမ်းပေါ်တွင် လျော့နည်းပြီး လမ်းသွားလမ်းလာများ အဆင်ပြေချောမွေ့ကာ ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းသွားစေမည်ဆိုပါက အခြားသော မြို့နယ်များအတွက် အတုယူစရာ စံနမူနာကောင်းတစ်ခုပင် ဖြစ်ပါကြောင်း . . .။

## တစ်ပတ်အတွင်းရန်ကုန်ကားဈေးကွက်



**၂၀၁၇ ခုနှစ်** တစ်နှစ်တာလုံး မူဝါဒအပြောင်းအလဲများ၊ ဈေးနှုန်းမြင့်တက်မှုများ၊ အခွန်အခအပြောင်းအလဲများ၊ လိုင်စင်၊ မော်ဒယ် ကန့်သတ်ချက် စည်းမျဉ်း၊ စည်းကမ်းများအကြား ဂယက်မျိုးစုံ ကြုံတွေ့ရသည့် ရန်ကုန်ကားဈေးကွက်သည် ၂၀၁၈ ခုနှစ် နှစ်သစ်နှင့်အတူ ပြောင်းလဲမှုများစွာကို ကြုံတွေ့ရဦးမည်ဟု ကားလောကသားများက မျှော်လင့်ထားကြသည်။ ညာမောင်းများ ထပ်မံတင်သွင်းခွင့်မှာ သတ်မှတ်ထားသည့် ကာလအထိသာရှိတော့မည်။ ယင်းနောက်ပိုင်းတွင် ဘယ်မောင်းကားသစ်များနှင့် ရန်ကုန်ကားဈေးကွက်သည် မည်သို့မည်ပုံ ခရီးသွားမည်ဆိုသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ၂၀၁၈ ခုနှစ် တစ်နှစ်တာအတွက် ရန်ကုန်ကားဈေးကွက်သည် ဘယ် မောင်းနှင့် ညာမောင်းကားများ အားပြိုင်သည့်နှစ် ဖြစ်လာနိုင်သည့်အပြင် ကားဝယ်မည့်သူ၊ ရောင်းချမည့်သူများအဖို့လည်း ဈေးနှုန်းအမြင့်နှင့်သာ ကြုံတွေ့ရနိုင်မည့် နှစ်တစ်နှစ် ဖြစ်နိုင်သည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းကြသည်။

# နှစ်သစ်အတွက် လာခြင်းကောင်းတဲ့ ရန်ကုန်ကားဈေးကွက်ဖြစ်ဖို့ မျှော်လင့်နေကြ

**မင်းသော်**

ရန်ကုန်လိုင်စင်ထုတ်ပေးရေးအတွက် ခက်ခဲမှုများသည် ရန်ကုန်ကားလောကကို အကြီးအကျယ်ရိုက်ခတ်လာနိုင်သည်ဟု ခန့်မှန်းထားကြပြီး ရန်ကုန်လိုင်စင်သမားများမှာမူ ငွေထုပ်ပိုက်သူများဟုပင် တင်စားခံရသည့်အနေအထားပင်ဖြစ်နေသည်။ “အရောင်းအဝယ်ကတော့ ပုံမှန်မရှိသလောက်ပါပဲ၊ အေးနေတာပဲ၊ နှစ်ပြောင်းသွားပေမယ့် ထူးထူးခြားခြား ရောင်းရတာမျိုး မရှိဘူး၊ ကားအရောင်းအဝယ်နေရာတွေလည်း ခပ်ကျဲကျဲပဲ၊ ခရီးသွားရာသီမို့ ပုံမှန်တွေ့နေကျတွေတောင် လူမစုံဘူးဗျ၊ ကားဆိုလည်း ခြောက်ခြောက်သွေ့သွေ့ပဲ၊ အရောင်းအဝယ်က နယ်က ဆင်းဝယ်တာလောက်ပဲဖြစ်တယ်”ဟု ကားဝယ်ရောင်းတစ်ဦးက ဆိုသည်။

### ဘယ်မောင်းတွေ ဝင်လာရင် ဈေးကျနိုင်လား

ဘယ်မောင်းကားသစ်များကို ဝယ်ယူရန် ငွေတတ်နိုင်သူ အချို့က ရွေးချယ်လာခြင်းသည် ရန်ကုန်ကားပွဲစားတန်းမှ ဝယ်ရောင်းများအတွက် စိန်ခေါ်မှုကြီးကြီးဖြစ်နေပြီး ဝမ်းနည်းစွာဖြင့် ဈေးမာနေကြသည့် ညာမောင်းတစ်ပတ်ရစ်များအတွက် ဈေးချရမည့်အနေအထားကို ကြုံတွေ့နေရသည်။ သို့သော် လက်ရှိတွင် ဈေးကွက်အတွင်း တင်းခံနေဆဲဖြစ်သည်ကို မြင်တွေ့ရသည်။ လက်ရှိတွင် ရန်ကုန်ကားဈေးကွက်အတွင်းရှိ အရောင်းအဝယ်အနေအထား ဖြစ်နိုင်ရန် ကားအများစုသည် ကားဝယ်ရောင်းများလက်ဝယ်တွင်ရှိနေပြီး ယင်းတို့မှာလည်း တက်ဈေးမိထားသဖြင့် ဈေးလျှော့ရောင်းချရန် ခက်ခဲနေကြဆဲဖြစ်သည်။ ဝယ်ယူမောင်းနှင်ရန် အားခဲသူအများစုသည်လည်း ဝယ်ရောင်းများလက်မှ တစ်ပတ်ရစ်များထက် ပါမစ်လျှောက်ထားဖို့အတွက်သာ စိတ်ကူးကြတော့ကြောင်း ကားလောကအတွင်းမှ သိရှိရသည်။

“ဘယ်မောင်းအသစ်ကို အရောင်းပြခန်းက ဝယ်မယ်ဆိုရင် အရစ်ကျရမယ်၊ ကားလည်းလက်ငင်းစီးရမယ်၊ ဈေးကလည်း တစ်ပတ်ရစ်ညာမောင်းနဲ့ သိပ်မကွာတော့ဘူး၊ ကျွန်တော်ကတော့ ပွဲစားတန်းထက် အရောင်းပြခန်းကိုပဲ သွားဝယ်ဖို့ စိတ်ကူးထားတယ်၊ အခုလိုက်ကြည့်တာ နေရာစုံနေပြီ၊ ဈေးက မာတယ်၊ စီးဖို့ရည်ရွယ်ထားတော့ အသစ်ပဲစီးမယ်”ဟု ယခုရက်ပိုင်းအတွင် ဘယ်မောင်းကားသစ် ဝယ်ထားသူတစ်ဦးက ပြောသည်။

**တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် မော်တော်ကားဈေးနှုန်းများ**

| ယာဉ်အမျိုးအစား | Model | လိုင်စင် | အင်ဂျင်ပါဝါ | နေရာ | ဈေးနှုန်းကျပ်သိန်း |
|---|---|---|---|---|---|
| Land Cruiser | 2012 | ရန်ကုန် | 4600cc | အပြင်ဈေး | ၂၀၀၀ |
| Hiace | 2008 | ရန်ကုန် | 2700cc | အပြင်ဈေး | ၃၇၀ |
| Wish | 2011 | ရန်ကုန် | 1800cc | အပြင်ဈေး | ၄၆၀ |
| Vanguard | 2012 | ရန်ကုန် | 2400cc | အပြင်ဈေး | ၇၁၀ |
| Axio | 2014 | ယာယီ | 1300cc | အပြင်ဈေး | ၃၁၀ |
| Yaris | 2015 | ရန်ကုန် | 1300cc | အပြင်ဈေး | ၂၄၀ |
| Isuzu | 2003 | ရန်ကုန် | 3000cc | အပြင်ဈေး | ၁၆၅ |
| Fit GE6 | 2009 | ရန်ကုန် | 1300cc | အပြင်ဈေး | ၁၆၂ |
| Fit Shuttle | 2011 | မန္တလေး | 1300cc | အပြင်ဈေး | ၂၁၃ |
| Fit GP1 | 2011 | မန္တလေး | 1300cc | အပြင်ဈေး | ၁၆၃ |

ဈေးနှုန်းများမှာ ကားအမျိုးအစား၊ အရည်အသွေးနှင့် အခြားသောကိစ္စရပ်များကြောင့် ပြောင်းလဲနိုင်ပါသည်။

### အပြောင်းအလဲတစ်ခုခုဖြစ်ပါက ခန့်မှန်းရခက်ခဲ

ဈေးမြင့်ဖြင့် ဝယ်ယူထားရသူအများစုသည် အမြတ်အစွန်းမရမချင်း ပြန်ရောင်းမထုတ်ကြခြင်းသည် မည်သည့်အချိန်ထိ တင်းခံနေမည်ဆိုသည်ကို ခန့်မှန်းရခက်သော်လည်း လက်ရှိကားဈေးကွက်အနေအထားသည် ထိရှလွယ်သည့် အနေအထားဖြစ်ကြောင်း၊ ငွေကြေးပေါက်ဈေး၊ ရွှေဈေး၊ နိုင်ငံရေးစသည့် အပြောင်းအလဲတစ်ခုခု ဖြစ်ပွားပါက ခန့်မှန်းရပို၍ပင် ခက်ခဲလိမ့်ဦးမည်ဟု ကားဝယ်ရောင်း ကိုကျော်ဇေယျာဝင်းက ပြောသည်။

“မှန်းရခက်တယ်၊ အမှန်က ကျသင့်တယ်၊ ဒါပေမယ့် ကျွန်တော်ကိုယ်တိုင်လည်း ထုတ်မရောင်းနိုင်ဘူး၊ ပြန်လည်းဝယ်နိုင်တော့မှာမဟုတ်ဘူး၊ ညာမောင်းဆိုတာက ထပ်သွင်းခွင့်မရတော့ဘူး၊ ရှိတဲ့ကားကို အမြတ်မရှိဘဲ အရှုံးခံရောင်းဖို့အထိ ကျွန်တော်အပါအဝင် ဘယ်သူမှတော့ လုပ်မှာမဟုတ်ဘူး” ဟု သူက ဆက်ပြောသည်။

စလစ်ဈေးမှာလည်း ညာမောင်းများတင်သွင်းမှု ရပ်တန့်သွားသဖြင့် သိန်း ၁၂၀ ပင် ဝယ်ယူမည့်သူ မရှိသည့်အနေအထား ဖြစ်နေကြောင်း၊ နယ်မြို့များတွင်လည်း ကြိုက်ရောင်း ကြိုက်ဝယ်သာရှိနေကြောင်း၊ ပွင့်လင်းရာသီမို့ ရန်ကုန်ကားဈေးကွက်မှ လောကသားများ နယ်သို့ဆင်းကာ ဝယ်လက်ချိတ်ရန်ပင် ဈေးမာမှုကြောင့် အလုပ်မဖြစ်ကြောင်း သိရသည်။ ။

### ရန်ကုန်မြို့ပြနှင့် Weekend Bazaar မှ

အခုလို Weekend Bazaar တွေ ပေါ်ထွက်လာအောင် ဆောင်ရွက်တာ ဖြစ်ပါတယ်”ဟု အဲဒီအစီအစဉ်မှာ ပါဝင်အကောင်အထည်ဖော်နေတဲ့ ဒေါ်မေဇင်ဦးက ပြောပြပါတယ်။

တကယ်တော့ ဒီအစီအစဉ်ဟာ ၂၀၁၄ ခုနှစ်ကတည်းက စတင်ခဲ့ပေမယ့် အခုမှသာ အရှိန်အဟုန်နဲ့ ပေါ်ထွက်လာဖို့ ရှိနေတာဖြစ်ပြီး ရန်ကုန်မြို့ပြနဲ့ ဈေးကြီးတွေ၊ စူပါမားကတ်ကြီးတွေမှာ စိတ်ဝင်စားဖွယ် Weekend Bazaar တွေ ထွက်ပေါ်လာတာတွေ ဖြစ်ပါတယ်။ ဒီအစီအစဉ်မှာ ပူးပေါင်းပါဝင်ဆောင်ရွက်တဲ့ လူမှုအကျိုးစီးပွားရေးလုပ်ငန်းအဖွဲ့ဟာ စုစုပေါင်း ၁၉ ဖွဲ့အထိ ရှိလာပြီဖြစ်ပါတယ်။

“Weekend Bazaar တွေမှာ ထုတ်ကုန်ပစ္စည်းတွေ တင်ပြနိုင်ဖို့အတွက် မသန်စွမ်းသူတွေအတွက်က အခက်အခဲ ရှိနေပါတယ်၊ အဲဒီတော့ လက်မှုကုန်ကြမ်းတွေကို ရန်ကုန်မြို့ သိမ်ကြီးဈေးမှာဝယ်တော့ မသန်စွမ်းတွေအတွက် သွားလာရေးခက်ခဲတယ်၊ အရေအတွက်နည်းနည်းပဲဝယ်နိုင်တော့ ဈေးကြီးပြီး ကုန်ကြမ်းပစ္စည်းပြတ်တဲ့အခါမှာ လိုသလောက် အကုန်မရနိုင်တာအတွက်ကြောင့် မသန်စွမ်းသူတွေအတွက် လက်မှုပစ္စည်းထုတ်လုပ်ဖို့ အခက်အခဲရှိပါတယ်” ဟု အစီအစဉ်ဒါရိုက်တာတစ်ဦးဖြစ်တဲ့ ဦးကျော်ကျော်က ပြောပါတယ်။

### Weekend Bazaar တွေ ကြိုဆို

မသန်စွမ်းသူ ၁၀၂ ဦးအပြင် စစ်ဘေးသင့်လူငယ်တွေ အခြေခံလက်မှုပညာတွေ သင်တန်းပို့ချပြီး ထုတ်လုပ်မှုရရှိတဲ့ လက်မှုပစ္စည်းတွေကို အခုလိုနေရာ အသေးစားရပ်ဝန်းလေးတွေ ဖော်ထုတ်ပြီး ဈေးကြီးတွေ၊ စူပါမားကတ်တွေ၊ ဈေးရောင်းပွဲတော်တွေမှာ ဆင်နွှဲသွားဖို့လည်း အစီအစဉ်ရှိနေတာမို့ သူတို့အတွက် ဈေးကွက်လေးတစ်နေရာရရှိစေနိုင်မှာ ဖြစ်ပါတယ်။ ဒီလို လူမှုအကျိုးပြုလုပ်ငန်းကို ဆောင်ရွက်တဲ့နေရာမှာ အလုပ်အကိုင်အခွင့်အလမ်းနည်းသူတွေ၊ မသန်စွမ်းသူတွေနဲ့ အမျိုးသမီးတွေအတွက် သင်တန်းတွေ ဘယ်လောက်ပေးပေး၊လက်မှုထုတ်ကုန်တွေ ဘယ်လိုထုတ်ထုတ် အဓိကဖြစ်တဲ့ ဈေးကွက်နေရာ ရှာဖွေရေးက အရေးကြီးတာမို့ အခုလို Weekend Bazaar တွေ ဖော်ထုတ်ပေးတာကို ကြိုဆိုရမှာဖြစ်ပါတယ်။

အခုဆိုရင် ရန်ကုန်မြို့ပြရဲ့ စူပါမားကတ်အချို့မှာ ရုံးပိတ်ရက်၊ အားလပ်ရက်တွေမှာ နေရာအခမဲ့နဲ့ ထွက်ပေါ်လာမယ့် Weekend Bazaar တွေက နောက်ပိုင်းမှာဆိုရင် လူစည်ကားရာ လမ်းဆုံနေရာတွေ၊ ဈေးကြီးတွေနဲ့ ဈေးပွဲတော်တွေမှာ တွေ့မြင်ရတော့မှာဖြစ်တာကြောင့် ရန်ကုန်မြို့ပြရဲ့အလှတရားကို ပိုမိုပြည့်ဝ တောက်ပစေမယ့် မြင်ကွင်းတစ်ရပ်အဖြစ် တွေ့မြင်ကြရတော့မှာဖြစ်ပါတယ်။ ။

### အချပ်ပို(ခ)မှ

နိုင်ငံခြားသားတို့မှာ ရေကြောင်းသွားလာရာတွင် သဘာဝအတိုင်း ဖန်တီးထားသောအရာများကို ပို၍ စိတ်ဝင်စားလေ့ရှိသည်။ အထက် ချင်းတွင်းမြစ်သည် သဘာဝက ဖန်တီးထားသော အရာများစွာရှိသည်။ မိုးရာသီသည် ပို၍အန္တရာယ်များတတ်သည်။ ပထမမြစ်ကျဉ်းနှင့် ဒုတိယမြစ်ကျဉ်း၏ သဘာဝအတားအဆီးကို အံ့သြစွာ ကြည့်ရှုကြလေ့ရှိသည်။ ရေများဒလဟော ကျဆင်းမှုမရှိစေရန် ပထမ၊ ဒုတိယ၊ တတိယမြစ်ကျဉ်းတို့က ရေကိုထိန်းပေးထားသည်။ သဘာဝက ပေးသော ရေထိန်းတံခါးသုံးချပ်ပင် ဖြစ်သည်။ နိုင်ငံခြားသားတို့က အထူးသဘောကျကြသည်။ ဝဲနှင့် ကျောက်ကမ်းပါးယံကြီးများကို အထူးစိတ်ဝင်စား လေ့လာတတ်သည်။ မုံရွာအထက်ရောက်သည်နှင့် တောရိပ်တောင်ရိပ်နှင့် တောရိုင်းတိရစ္ဆာန်တို့ကို သဘောကျ နှစ်ခြိုက်ကြလေ့ရှိသည်။

ရန်ကုန်မြစ်လယ်တွင် ရပ်နားထားသော စက်လှေ၊ သဲ၊ ကျောက်တင် စီဘီတွဲများနှင့် ငါးဖမ်း လှေများ၊ သဲ၊ ကျောက်စုပ်သော စက်လှေတို့ကြောင့် နိုင်ငံခြားသား ရေကြောင်းသွားသင်္ဘောများ သွားလာမှုကို ခက်ခဲစေလျက်ရှိသည်။ ဧရာဝတီမြစ်တွင်လည်း မြစ်အတွင်း ရှော့ခ်တိုက်ငါးဖမ်းခြင်းကို နိုင်ငံခြားသားများ ကြိုက်နှစ်သက်မှု မရှိချေ။ ပုဂံနှင့် ကျောက်မြောင်းကြားတွင် အများဆုံး ရှော့ခ်တိုက်ငါးဖမ်းကြသည့်အတွက် ဧရာဝတီလင်းပိုင်များ သေဆုံးမှုများရှိခဲ့သည်။ စက်တပ်လှေများဖြင့် အုပ်စုလိုက် ရှော့ခ်တိုက်ငါးဖမ်းနေကြခြင်းဖြစ်သည်။ နိုင်ငံခြားသားများ သင်္ဘောပေါ်မှ မြင်လျှင် မေးမြန်းလေ့ရှိသည်။ ထိမ်ချန်ပြော၍ မရသော အရာများဖြစ်သည်။ အမှိုက်ပစ်ခြင်းနှင့် ရှော့ခ်တိုက်ငါးဖမ်းခြင်းကို နိုင်ငံခြားသား ခရီးသွားတို့က တားဆီးမေးမြန်းလေ့ရှိသည်။ မိမိနိုင်ငံတွင်ဖြစ်၍ မိမိနိုင်ငံသားတို့တွင် ပို၍တာဝန်ရှိသည်။ တာဝန်သိ၊ တာဝန်ခံမှုနှင့် တာဝန်ယူမှုတို့ဖြင့် မြန်မာပြည်၏ မြစ်ကြောင်းများ သန့်ရှင်းသာယာလှပစေရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လိုသော ဆန္ဒကိုယ်စီ ရှိရမည်ဖြစ်သည်။

ရန်ကုန်မြို့ကြီးသို့ မန္တလေးမှ ခရီးသွားသင်္ဘောများဖြင့် နိုင်ငံခြားသားခရီးသွား ဧည့်သည်များ တဖွဲဖွဲ ဝင်ရောက်လျက်ရှိသည်။ ခရီးသွားဧည့်သည်များ စိတ်ဝင်စားလေ့ရှိသည့် မြို့ပြ အမွေအနှစ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်တို့ကို ဆက်လက် ထိန်းသိမ်းမှုနှင့်အတူ မြို့ပြသာယာလှပ သန့်ရှင်းလျက် နိုင်ငံခြားသား ရေကြောင်းခရီးသွား လုပ်ငန်းမှလည်း နိုင်ငံခြားဝင်ငွေ နှစ်စဉ်တိုးတက်ရရှိပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။